# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ်ဧရာဝတီတိုင်းဒေသကြီးလွှတ်တော်




# ၂၀၁၃ ခုနှစ်တွင်ပြဋ္ဌာန်းပြီးသောဥပဒေများ

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | ဧရာဝတီတိုင်းဒေသကြီးရေချိုငါးလုပ်ငန်းဥပဒေကိုဖြည့်စွက်သည့်ဥပဒေ | ၁-၁ |
| ၂။ | ၂၀၁၃ခုနှစ်၊ ဧရာဝတီတိုင်းဒေသကြီး၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေ | ၂-၁၆ |
| ၃။ | ဧရာဝတီတိုင်းဒေသကြီးပုဂ္ဂလိကမော်တော်ယာဉ်လုပ်ငန်း ယာဉ်များစနစ်တကျပြေးဆွဲရေး ဥပဒေ | ၃-၈ |
| ၄။ | ၂၀၁၃-၂၀၁၄ဘဏ္ဍာနှစ်၊ ဧရာဝတီတိုင်းဒေသကြီး ဒေသန္တရစီမံကိန်းဥပဒေ | ၄-၇ |
| ၅။ | ဧရာဝတီတိုင်းဒေသကြီး ပုဂ္ဂလိကရေယာဉ်လုပ်ငန်း ရေယာဉ်များ စနစ်တကျပြေးဆွဲရေး ဥပဒေ | ၅-၈ |
| ၆။ | ဧရာဝတီတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့များဥပဒေကို ပြင်ဆင်သည့်ဥပဒေ | ၆-၁ |
| ၇။ | ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ဂုဏ်ထူးဆောင်လက်မှတ်များနှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်းများ ချီးမြှင့်အပ်နှင်းခြင်းဆိုင်ရာဥပဒေ | ၇-၂၀ |
| ၈။ | ဧရာဝတီတိုင်းဒေသကြီး ယစ်မျိုးခွန်ဥပဒေ | ၈-၆ |
| ၉။ | ၂၀၁၃-၂၀၁၄ခု၊ ဘဏ္ဍာရေးနှစ် ဧရာဝတီတိုင်းဒေသကြီး၏ နောက်ထပ် ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေ | ၉-၅ |
| ၁၀။ | ဧရာဝတီတိုင်းဒေသကြီး ကုန်တင်ကုန်ချလုပ်ငန်းဥပဒေ | ၁၀-၁၁ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပထမအကြိမ်ဧရာဝတီတိုင်းဒေသကြီးလွှတ်တော်

# ဧရာဝတီတိုင်းဒေသကြီး
# ရေချိုငါးလုပ်ငန်းဥပဒေကိုဖြည့်စွက်သည့်ဥပဒေ

၂၀၁၃ခုနှစ်

# **ဧရာဝတီတိုင်းဒေသကြီး ရေချိုငါးလုပ်ငန်းဥပဒေကိုဖြည့်စွက်သည့်ဥပဒေ**

(ဧရာဝတီတိုင်းဒေသကြီးလွှတ်တော်ဥပဒေအမှတ် - ၁ / ၂၀၁၃)
(၁၃၇၄ခုနှစ်၊ ပြာသိုလဆန်း ၆ ရက်)
(၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၁၇ ရက်)

ဧရာဝတီတိုင်းဒေသကြီးလွှတ်တော်သည်ဤဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **ဧရာဝတီတိုင်းဒေသကြီး ရေချိုငါးလုပ်ငန်းဥပဒေကို ဖြည့်စွက်သည့်ဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ ဧရာဝတီတိုင်းဒေသကြီးရေချိုငါးလုပ်ငန်းဥပဒေပုဒ်မ ၂ တွင် -

ပုဒ်မခွဲ(တ)၊ (၃) ၌ပါရှိသော 'မည်သည့် ရေချိုငါးလုပ်ငန်းရေပြင်တွင်မဆို' ဆိုသည့်စကားရပ်၏နောက်တွင် 'အင်းသားကြီးများ အင်းလုပ်ကိုင်ခွင့် အချိန်ကာလနှင့်' ဆိုသည့်စကားရပ်ကိုဖြည့်စွက်ရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) (သိန်းအောင်)
ဝန်ကြီးချုပ်
ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပထမအကြိမ်ဧရာဝတီတိုင်းဒေသကြီးလွှတ်တော်

# ၂၀၁၃ခုနှစ်၊ ဧရာဝတီတိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ

၂၀၁၃ခုနှစ်

# ၂၀၁၃ခုနှစ်၊ ဧရာဝတီတိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ

( ဧရာဝတီတိုင်းဒေသကြီးလွှတ်တော်ဥပဒေအမှတ် ၂/၂၀၁၃ )

(၁၃၇၄ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၀ ရက်)

(၂၀၁၃ ခုနှစ်၊ ဧပြီ လ ၅ ရက်)

ဧရာဝတီတိုင်းဒေသကြီးလွှတ်တော်သည်ဤဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

## အပိုင်း ၁

## အမည်နှင့် စတင်အကျိုးသက်ရောက်သည့်နေ့ရက်

၁။ (က) ဤဥပဒေကို ၂၀၁၃ ခုနှစ်၊ ဧရာဝတီတိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေဟုခေါ်တွင်စေရမည်။

(ခ) ဤဥပဒေပါ ပြဋ္ဌာန်းချက် များသည် ၂၀၁၃ - ၂၀၁၄ ဘဏ္ဍာရေးနှစ်အတွက် ၂၀၁၃ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှစတင်အကျိုးသက်ရောက်စေရမည်။

## အပိုင်း ၂

## တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဥပဒေချုပ်၊တိုင်းဒေသကြီးစာရင်းစစ်ချုပ်၊ တိုင်းဒေသကြီးဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီးအဆင့် ဦးစီးဌာနများ

၂။ တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီး ဥပဒေချုပ်၊ တိုင်းဒေသကြီး စာရင်းစစ်ချုပ်၊ တိုင်းဒေသကြီးဝန်ကြီး ဌာနများနှင့် တိုင်းဒေသကြီးအဆင့် ဦးစီးဌာနများသည် တိုင်းဒေသကြီး ၏ ဘဏ္ဍာရန်ပုံငွေအစီအစဉ်ဖြင့် လုပ်ငန်းများကိုဆောင်ရွက်ကြရမည်။ ထိုသို့ဆောင်ရွက်၍ရသောရငွေများကို တိုင်းဒေသကြီးဘဏ္ဍာရန်ပုံငွေ သို့ ပေးသွင်း၍ ထုတ်ပေးရန်ရှိသော သုံးငွေများကို တိုင်းဒေသကြီး၏ ဘဏ္ဍာရန်ပုံငွေမှ ထုတ်ယူသုံးစွဲရမည်။

၃။ (က) တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဥပဒေချုပ်၊ တိုင်းဒေသကြီး စာရင်းစစ်ချုပ်၊ တိုင်းဒေသကြီး ဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး အဆင့်ဦးစီးဌာနများ၏ ရငွေနှင့်သုံးငွေအတွက် တာဝန် ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား(၁)၊ (၂)၊ (၃) နှင့် (၄) တို့တွင် မိမိနှင့်ယှဉ်တွဲ ဖော်ပြထားသည့် ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်းပြုရမည်။

(ခ) ပုဒ်မခွဲ (က) ပါတာဝန်ခံရသည့် ပုဂ္ဂိုလ်အသီးသီး သည် မိမိအား အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို မိမိ လက်အောက်ရှိ လုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ဂ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင် လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင် လည်းကောင်း၊ ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့် အညီဆောင်ရွက်ရမည်။

(ဃ) ဇယား (၁) နှင့် (၃) တို့တွင် ဖော်ပြလျာထားသော ရငွေများအနက် ပြည်ပအကူအညီရငွေ နှင့် ချေးယူရငွေတို့အတွက် လျာထားရန် အကြောင်းပေါ်ပေါက်လာပါက ယင်းသို့ ရရှိသောငွေများဖြင့် ဆက်နွယ်ထားသည့် လုပ်ငန်း အသုံးစရိတ်များကြောင့် ဇယား (၂) နှင့် (၄) တို့တွင် ဖော်ပြထားခြင်းမရှိသေးသော သုံးငွေများကို သုံးစွဲရန် ကိစ္စများနှင့်စပ်လျဉ်း၍ ပြည်ထောင်စုအစိုးရအဖွဲ့က စိစစ်သုံးသပ်၍ ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ဖြင့် ခွင့်ပြုပါက တိုင်းဒေသကြီးအစိုးရအဖွဲ့က တိုင်းဒေသကြီးလွှတ်တော်၏ အတည်ပြုချက်ဖြင့် ခွင့်ပြုနိုင်သည်။ သို့ရာတွင် ယင်းသို့ ချေးယူသုံးစွဲသည့်ငွေသည် ပြည်ထောင်စုအစိုးရအဖွဲ့က ခွင့်ပြုသတ်မှတ်ထားသည့် ငွေထက်မပိုစေရ။

၄။ (က) တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ၊ တိုင်းဒေသကြီးဥပဒေချုပ်၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်၊ တိုင်းဒေသကြီး ဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး အဆင့် ဦးစီးဌာနများသည် လုပ်ငန်းအရ လိုအပ်လျှင် ဇယား (၁) နှင့် (၃) တို့တွင် ဖော်ပြထားသော ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင် ဤဥပဒေအရလျာထားသော ရငွေတို့ထက် တိုး၍ဖြစ်စေ၊ လျော့၍ဖြစ်စေ ရသော ရငွေများနှင့် စပ်လျဉ်း၍ တိုင်းဒေသကြီး လွှတ်တော်သို့

တင်ပြသော ၂၀၁၃-၂၀၁၄ ခုနှစ် အတွက် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများတွင်လည်းကောင်း၊ ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်သော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။ အခွန်ဆိုင်ရာဥပဒေများနှင့်အညီ ရသင့်ရထိုက်သော အခွန်ငွေများအပြည့်အဝရရှိစေရမည်။

(ခ) တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဥပဒေချုပ်၊ တိုင်းဒေသကြီး စာရင်းစစ်ချုပ်၊ တိုင်းဒေသကြီး ဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး အဆင့် ဦးစီးဌာနများသည် လုပ်ငန်းအရ လိုအပ်လျှင် ဇယား (၂) နှင့် (၄) တို့တွင် ဖော်ပြထားသော သုံးငွေများကိုစီမံခန့်ခွဲရာတွင် ဤဥပဒေအရ ခွင့်ပြုထားသော သုံးငွေများအတွင်း ငွေစာရင်းခေါင်းစဉ် လွှဲပြောင်း သုံးစွဲသည့်အသုံးစရိတ်များနှင့် စပ်လျဉ်း၍ တိုင်းဒေသကြီး လွှတ်တော်သို့တင်ပြသော ၂၀၁၃-၂၀၁၄ ခုနှစ်အတွက် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတွင် လည်းကောင်း၊ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်သော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။

(ဂ) တိုင်းဒေသကြီး အစိုးရအဖွဲ့သည် လုပ်ငန်းလုပ်ကိုင်ရန် သော်လည်းကောင်း၊ ရင်းနှီးမြှုပ်နှံရန်သော်လည်းကောင်း လိုအပ်သည့်ငွေကို ထောက်ပံ့ငွေဖြင့်ဖြစ်စေ၊ ချေးငွေဖြင့် ဖြစ်စေပြည်ထောင်စုအစိုးရထံမှ ရယူဆောင်ရွက်နိုင်သည်။

## တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့များ

၅။ တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့များသည် တိုင်းဒေသကြီး၏ ဘဏ္ဍာရန်ပုံငွေအစီအစဉ်ဖြင့် လုပ်ငန်းများကို ဆောင်ရွက်ကြရမည်။ ထိုသို့ ဆောင်ရွက်၍ရသောရငွေများကို တိုင်းဒေသကြီး ဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်း၍ ထုတ်ပေးရန် ရှိသော သုံးငွေများကို တိုင်းဒေသကြီး ဘဏ္ဍာရန်ပုံငွေမှ ထုတ်ယူသုံးစွဲရမည်။

၆။ (က) တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့များ၏ ရငွေနှင့် သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား (၃) နှင့် (၄) တို့တွင် မိမိနှင့်ယှဉ်တွဲဖော်ပြထားသည့် ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်းပြုရမည်။

(ခ) ပုဒ်မခွဲ (က) ပါတာဝန်ခံရသည့် ပုဂ္ဂိုလ်အသီးသီး သည် မိမိအား အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ် အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ဂ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင် လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင် လည်းကောင်း၊ ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့် အညီဆောင်ရွက်ရမည်။

၇။ (က) တိုင်းဒေသကြီး အစိုးရအဖွဲ့သည် တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့များ၏ လုပ်ငန်းအရ လိုအပ်လျှင် ဇယား (၃) နှင့် (၄) တို့တွင် ဖော်ပြထားသော ငွေများကို ပြောင်းလဲပေးနိုင်သည်။ ထိုသို့ငွေများ ပြောင်းလဲခြင်း

နှင့် စပ်လျဉ်း၍ တိုင်းဒေသကြီးလွှတ်တော်သို့ တင်ပြသော ၂၀၁၃-၂၀၁၄ ခုနှစ်အတွက် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်သောပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။

(ခ) တိုင်းဒေသကြီး အစိုးရအဖွဲ့သည် လုပ်ငန်းလုပ်ကိုင်ရန် သော်လည်းကောင်း၊ ရင်းနှီးမြှုပ်နှံရန် သော်လည်းကောင်း လိုအပ်သည့်ငွေကို ထောက်ပံ့ငွေဖြင့်ဖြစ်စေ၊ ချေးငွေဖြင့်ဖြစ်စေ ပြည်ထောင်စု အစိုးရထံမှ ရယူဆောင်ရွက်နိုင်သည်။

၈။ တိုင်းဒေသကြီးအဆင့် ဌာနအဖွဲ့အစည်းများနှင့် စည်ပင်သာယာရေးအဖွဲ့များသည် မိမိတို့နှင့် သက်ဆိုင်သော တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များအရ ခွင့်ပြုထားသော အခွန်အကောက် အမျိုးအစားများကိုသာ ကောက်ခံနိုင်သည်။

## အပိုင်း ၃

## တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ

### အခန်း (၁)

### ရငွေများနှင့်သုံးငွေများ

၉။ တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများသည် စီမံကိန်းရည်မှန်းချက်များအရ မိမိတို့၏ ဘဏ္ဍာငွေအပေါ် ရပ်တည်၍ လုပ်ငန်းများကို စီးပွားရေးဆန်ဆန် မိမိတို့၏ ဘဏ္ဍာငွေအစီအစဉ်ဖြင့် ဆောင်ရွက်ကြရမည်။

၁၀။ တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ၏ ငွေအဝင်နှင့်အထွက်ကိုစာရင်းပြုစုရန်အလို့ငှာ တိုင်းဒေသကြီးဘဏ္ဍာရန်ပုံငွေစာရင်းတွင် ဖော်ပြရမည်။

၁၁။ (က) ဇယား (၅) နှင့် (၆) တို့တွင် ဖော်ပြထားသည့် ရငွေများနှင့် သုံးငွေများသည် တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင် စီးပွားရေး အဖွဲ့အစည်းများက စီမံကိန်းရည်မှန်းချက်များအရ ထမြောက်အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန် ရည်မှန်းထားသောငွေများဖြစ်သည်။

(ခ) တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ၏ ရငွေနှင့် သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား (၅) နှင့် (၆) တို့တွင် မိမိနှင့် ယှဉ်တွဲဖော်ပြထားသည့် ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်း နှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်းပြုရမည်။

(ဂ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင် လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင် လည်းကောင်း၊ ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့် အညီဆောင်ရွက်ရမည်။

## အခန်း (၂)

## တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများနှင့် ပတ်သက်၍ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ လုပ်ပိုင်ခွင့်များ

၁၂။ (က) တိုင်းဒေသကြီးအစိုးရအဖွဲ့သည် တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ၏ လုပ်ငန်း လိုအပ်ချက်အရ ဤဥပဒေ၏ ဇယား(၅) တွင် ဖော်ပြထားသော ရငွေများတိုးခြင်း၊ လျှော့ခြင်းနှင့် စပ်လျဉ်း၍ သော်လည်းကောင်း၊ ဤဥပဒေ၏ ဇယား (၆)အရ ခွင့်ပြုထားသော အဖွဲ့အစည်းတစ်ခု၏ သာမန်သုံးငွေနှင့် ကြွေးမြီသုံးငွေများတွင် ငွေများပြောင်းလဲသုံးစွဲခြင်းနှင့် စပ်လျဉ်း၍ သော်လည်းကောင်း၊ ငွေလုံးငွေရင်းသုံးငွေတွင် လုပ်ငန်းစီမံကိန်းများ ပြောင်းလဲခြင်းမပြုဘဲ မူလလုပ်ငန်းစီမံကိန်း တစ်ခုစီအတွင်း ငွေများပြောင်းလဲသုံးစွဲခြင်းနှင့် စပ်လျဉ်း၍ သော်လည်းကောင်း စိစစ်သုံးသပ်၍ပြောင်းလဲပေးနိုင်သည်။ ထိုသို့ ရငွေများနှင့်သုံးငွေများပြောင်းလဲခြင်းနှင့် စပ်လျဉ်း၍ တိုင်းဒေသကြီးလွှတ်တော်သို့တင်ပြသော ၂၀၁၃-၂၀၁၄ခုနှစ် အတွက် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတွင် လည်းကောင်း၊ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်လာသော ပြောင်းလဲခြင်း များကို အမှန်စာရင်းများတွင် လည်းကောင်း ကိစ္စ တစ်ရပ်ခြင်း အကျိုးအကြောင်း ဖော်ပြချက်များနှင့်အတူ ထည့်သွင်းဖော်ပြရမည်။

(ခ) သာမန်သုံးငွေ၊ ငွေလုံးငွေရင်းသုံးငွေ နှင့် ကြွေးမြီသုံးငွေ များကို အဖွဲ့အစည်းတစ်ခုမှ အခြားအဖွဲ့ အစည်းတစ်ခုသို့ ပြောင်းလဲသုံးစွဲခြင်းနှင့် စပ်လျဉ်း၍ သော်လည်းကောင်း၊ ငွေလုံးငွေရင်း သုံးငွေတွင် အဖွဲ့အစည်း တစ်ခုအတွင်း လုပ်ငန်းစီမံကိန်းတစ်ခုမှ အခြားလုပ်ငန်းစီမံကိန်းတစ်ခု

သို့ ပြောင်းလဲသုံးစွဲခြင်းနှင့်စပ်လျဉ်း၍ သော်လည်းကောင်း၊ တိုင်းဒေသကြီးလွှတ်တော်၏ အတည်ပြုချက်ဖြင့် တိုင်းဒေသကြီးအစိုးရအဖွဲ့သည်ပြောင်းလဲပေးနိုင်သည်။ ထိုသို့ ရငွေများ နှင့် သုံးငွေများ ပြောင်းလဲခြင်း နှင့် စပ်လျဉ်း၍ တိုင်းဒေသကြီးလွှတ်တော်သို့ တင်ပြသော ၂၀၁၃-၂၀၁၄ ခုနှစ် အတွက် ပြုပြင်ပြီးခန့်မှန်းခြေ ငွေစာရင်း များတွင် ထည့်သွင်းဖော်ပြရမည်။ ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန် နောက်ပိုင်းမှ ဖြစ်ပေါ်လာသောငွေများ ပြောင်းလဲခြင်းကိုကိစ္စ တစ်ရပ်ခြင်းအကျိုးအကြောင်းဖော်ပြချက်များနှင့်အတူ ၂၀၁၃-၂၀၁၄ ခု၊ ဘဏ္ဍာရေးနှစ်အတွင်း အနီးစပ်ဆုံး ကျင်းပသည့် တိုင်းဒေသကြီးလွှတ်တော်သို့ တင်ပြ၍ ခွင့်ပြုချက်ရယူပြီး ပြောင်းလဲပေးနိုင်သည်။

(ဂ) တိုင်းဒေသကြီးအစိုးရအဖွဲ့သည်တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများအား လုပ်ငန်း လုပ်ကိုင်ရန် လိုအပ်သည့် လုပ်ငန်းသုံး ရင်းနှီးငွေကို လည်းကောင်း၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ အတွက် လိုအပ်သည့်ငွေကို လည်းကောင်း၊ ထောက်ပံ့ငွေဖြင့် ဖြစ်စေ၊ ချေးငွေဖြင့်ဖြစ်စေ ပြည်ထောင်စုအစိုးရထံမှ ရယူ ဆောင်ရွက်နိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) (သိန်းအောင်)
ဝန်ကြီးချုပ်
ရောဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့

တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဥပဒေချုပ်၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်

ဇယား (၁)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | အခွန်အကောက် | တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများမှရငွေ | အခြားသောမရငွေ | အတိုးရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ထောင်စုထောက်ပံ့ငွေမှရငွေ | ချေးငွေ | | အဖွဲ့အစည်းများတွင် ရင်းနှီးငွေမှရငွေ |
| | | | | | | | | | ထုတ်ချေးငွေအတွက်ပြန်ရငွေ | ချေးယူရငွေ | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁ | တိုင်းဒေသကြီးအစိုးရအဖွဲ့ | တိုင်းဒေသကြီးဝန်ကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီးဝန်ကြီးချုပ်က တာဝန်ပေးသူ | | | ၁၆၈၁.၃၄၃ | | | | | | |
| ၂ | တိုင်းဒေသကြီးလွှတ်တော် | တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက တာဝန်ပေးသူ | | | | | | | | | |
| ၃ | တရားရုံးများ | တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်က တာဝန်ပေးသူ | | | ၇၁.၃၀၄ | | | | | | |
| ၄ | ဥပဒေရုံးများ | တိုင်းဒေသကြီးဥပဒေချုပ် သို့မဟုတ် တိုင်းဒေသကြီးဥပဒေချုပ်က တာဝန်ပေးသူ | | | ၀.၉၁၀ | | | | | | |
| ၅ | စာရင်းရုံးများ | တိုင်းဒေသကြီးစာရင်းစစ်ချုပ် သို့မဟုတ် တိုင်းဒေသကြီးစာရင်းစစ်ချုပ်က တာဝန်ပေးသူ | | | ၀.၁၄၅ | | | | | | |
| | | ပေါင်း | | | ၁၇၅၃.၇၀၂ | | | | | | |

တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဥပဒေချုပ်၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်

ဇယား (၂)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | | |
|---|---|---|---|---|---|---|---|---|---|
| | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ချေးငှါး | | အဖွဲ့အစည်းများတွင်ရင်းနှီးငွေ |
| | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက်ပေးဆပ်ငွေ | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ |
| ၁ | တိုင်းဒေသကြီးအစိုးရအဖွဲ့ | တိုင်းဒေသကြီးဝန်ကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီးဝန်ကြီးချုပ်က တာဝန်ပေးသူ | ၄၃၁.၇၀၀ | | ၁၆၈၁.၃၅၃ | ၂၁၅.၆၀၀ | | | |
| ၂ | တိုင်းဒေသကြီးလွှတ်တော် | တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက တာဝန်ပေးသူ | ၄၉၃.၉၀၀ | | | | | | |
| ၃ | တရားရုံးများ | တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်က တာဝန်ပေးသူ | ၆၈၃.၄၅၄ | | | ၄၇.၉၇၀ | | | |
| ၄ | ဥပဒေရုံးများ | တိုင်းဒေသကြီးဥပဒေချုပ် သို့မဟုတ် တိုင်းဒေသကြီးဥပဒေချုပ်က တာဝန်ပေးသူ | ၂၈၅.၂၅၈ | | | | | | |
| ၅ | စာရင်းရုံးများ | တိုင်းဒေသကြီးစာရင်းစစ်ချုပ် သို့မဟုတ် တိုင်းဒေသကြီးစာရင်းစစ်ချုပ်က တာဝန်ပေးသူ | ၇၀၃.၆၄၅ | | | | | | |
| | | ပေါင်း | ၂၅၉၈.၁၃၈ | | ၁၆၈၁.၃၅၃ | ၂၆၃.၅၇၀ | | | |

တိုင်းဒေသကြီးဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးအဆင့် ဦးစီးဌာနများ နှင့် စည်ပင်သာယာရေးအဖွဲ့များ

ယေား (၃)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | အခွန်အကောက် | တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများမှရငွေ | အခြားသာမန်ရငွေ | အတိုးရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ထောင်စု ထောက်ပံ့ငွေမှရငွေ | ကြေးမြီ | | အဖွဲ့အစည်းများတွင် ရင်းနှီးငွေမှရငွေ |
| | | | | | | | | | | ထုတ်ချေးငွေ အတွက်ပြန်ရငွေ | ချေးယူရငွေ | |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁ | | ပြည်တွင်းထွက်ကုန်နှင့်ပြည်သူပြည်သားများ သုံးစွဲမှုအပေါ်တွင် ကောက်ခံသည့်အခွန်အကောက် | တိုင်းဒေသကြီးဝန်ကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီးဝန်ကြီးချုပ်က တာဝန်ပေးသူ | ၇၁၂.၈၀၂ | | | | | | | | |
| | ၁ | ယစ်မျိုးခွန် | | ၇၁၂.၈၀၂ | | | | | | | | |
| ၂ | | နိုင်ငံတော်ပိုင်ပစ္စည်းများအသုံးပြုသည့်အပေါ် ကောက်ခံသည့်အခွန်အကောက် | ၎င်း | ၇၁၇၀.၉၃၅ | | | | | | | | |
| | ၁ | မြေယာပေါ်တွင်ကောက်ခံသည့်အခွန် | | ၃၃.၃၅၆ | | | | | | | | |
| | ၂ | ဘာတာမခွန် | | ၇.၇၈၁ | | | | | | | | |
| | ၃ | သစ်တောများမှပစ္စည်းများထုတ်ယူသည့်အတွက် ကောက်ခံသည့်အခွန် | | ၄၀၀.၅၇၃ | | | | | | | | |
| | ၄ | ဓါတ်သတ္တုပစ္စည်းများထုတ်ယူသည့်အတွက် ကောက်ခံသည့်အခွန် | | ၁၁.၇၈၇ | | | | | | | | |
| | ၅ | အင်းအိုင်ခွန် | | ၃၃၇၇.၉၁၅ | | | | | | | | |
| | ၆ | မြေခွန်နှုန်းပြင်ဆင်ချက်အရ စည်းကြပ်ငွေ | | ၃၃၃၉.၄၈၃ | | | | | | | | |
| ၃ | | စည်ပင်သာယာရေးအဖွဲ့များမှကောက်ခံသည့်အခွန် | ၎င်း | ၆၈၀.၂၀၀ | | | | | | | | |
| | ၁ | ပစ္စည်းခွန် | | ၅၁၁.၃၉၇ | | | | | | | | |
| | ၂ | ဘီးခွန် | | ၁၆၈.၈၉၁ | | | | | | | | |
| ၄ | | တိုင်းဒေသကြီးအဆင့်နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများမှရငွေ | ၎င်း | | ၁၅၉.၆၂၆ | | | | | | | |

၂၀-၂

တိုင်းဒေသကြီးဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးအဆင့် ဦးစီးဌာနများ နှင့် စည်ပင်သာယာရေးအဖွဲ့များ

ဇယား(၃)။ ၈ အဆုံး

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | အခွန်အကောက် | တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများမှရငွေ | အခြားသာမန်ရငွေ | အတိုးရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ထောင်စု ထောက်ပံ့ငွေမှရငွေ | ချေးငွေ: ထုတ်ချေးငွေ အတွက်ပြန်ရငွေ | ချေးငွေ: ချေးယူရငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေမှရငွေ |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၅ | | ပြည်သိမ်ရေး | တိုင်းဒေသကြီးဝန်ကြီးချုပ် သို့မဟုတ် | | | ၁၂.၂၇၃ | | | | | | |
| | ၁ | အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | | | | ၁၂.၂၄၂ | | | | | | |
| | ၂ | အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန | တိုင်းဒေသကြီးဝန်ကြီးချုပ်က တာဝန်ပေးသူ | | | ၀.၀၃၀ | | | | | | |
| ၆ | | သမဝါယမ | ၎င်း | | | ၄.၉၂၀ | | | | | | |
| | ၁ | သမဝါယမဦးစီးဌာန | | | | ၄.၉၂၀ | | | | | | |
| ၇ | | လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်း | ၎င်း | | | ၆၃.၁၄၁ | | | | | | |
| | ၁ | ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန | | | | ၃၀.၁၄၁ | | | | | | |
| | ၂ | စိုက်ပျိုးရေးဦးစီးဌာန | | | | ၃၂.၀၀၀ | | | | | | |
| | ၃ | စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန | | | | | | | | | | |
| ၈ | | မွေးမြူရေးနှင့်ရေလုပ်ငန်း | ၎င်း | | | ၂၂.၆၈၂ | | | | | | |
| | ၁ | ငါးလုပ်ငန်းဦးစီးဌာန | | | | ၁၉.၈၀၀ | | | | | | |
| | ၂ | မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန | | | | ၂.၈၇၂ | | | | | | |
| ၉ | | ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာ | ၎င်း | | | ၂၀.၄၁၆ | | | | | | |
| | ၁ | သစ်တောဦးစီးဌာန | | | | ၂၀.၄၁၆ | | | | | | |
| ၁၀ | | အားကစား | ၎င်း | | | ၀.၀၃၅ | | | | | | |
| | ၁ | အားကစားနှင့်ကာယပညာဦးစီးဌာန | | | | ၀.၀၃၅ | | | | | | |
| ၁၁ | | ဘဏ္ဍာရေးနှင့်အခွန် | ၎င်း | | | | | | ၄၈၁၇၅.၂၅၀ | | | |
| | ၁ | ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန | | | | | | | ၄၈၁၇၅.၂၅၀ | | | |
| ၁၂ | | အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု | ၎င်း | | | ၀.၀၃၈ | | | | | | |
| | ၁ | စီမံကိန်းရေးဆွဲရေးဦးစီးဌာန | | | | ၀.၀၃၈ | | | | | | |
| ၁၃ | | ဆောက်လုပ်ရေး | ၎င်း | | | ၆၇.၂၆၁ | | | | | | |
| | ၁ | မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန | | | | ၀.၄၇၀ | | | | | | |
| | ၂ | အဆောက်အအုံ၊ လမ်းနှင့်တံတားများ ပြင်ဆင်ထိန်းသိမ်းခြင်း | | | | ၆၆.၇၉၁ | | | | | | |
| ၁၄ | | အလုပ်သမား၊ အလုပ်အကိုင် နှင့် လူမှုဖူလုံရေး | ၎င်း | | | ၀.၀၀၂ | | | | | | |
| | ၁ | ပေါ့ပြည်တွင်းကုန်တင်ကုန်ချယာဉ်မောင်းလိုင်စင်ရုံး | | | | ၀.၀၀၂ | | | | | | |
| ၁၅ | | စည်ပင်သာယာရေးအဖွဲ့များ | ၎င်း | | | ၆၅၇၁.၂၆၇ | | | | | | |
| | | ပေါင်း | | ၈၅၆၄.၀၃၅ | ၁၅၉.၆၂၆ | ၆၇၆၂.၀၃၅ | | | ၄၈၁၇၅.၂၅၀ | | | |

၃၀-၂

## တိုင်းဒေသကြီးဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးအဆင့်ဦးစီးဌာနများ နှင့် စည်ပင်သာယာရေးအဖွဲ့များ

ဇယား (၄)

(ကျပ်သိန်းပေါင်း)

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | ကြွေးမြီ | | |
|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ထုတ်ချေးငွေ | ချေးယူရငွေအတွက် ပေးဆပ်ငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ |
| ၁ | | ပြည်ထဲရေး | တိုင်းဒေသကြီးဝန်ကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီးဝန်ကြီးချုပ်က တာဝန်ပေးသူ | ၇၅၀၆.၇၆၀ | | | ၁၄၅၃.၀၆၆ | | | |
| | ၁ | အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | | ၇၃၈၈.၁၀၁ | | | ၁၃၁၄.၅၇၅ | | | |
| | ၂ | အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန | | ၁၁၈.၆၅၉ | | | ၁၃၈.၄၉၁ | | | |
| ၂ | | သမဝါယမ | ၎င်း | ၇၂၅.၆၉၃ | | | | | | |
| | ၁ | သမဝါယမဦးစီးဌာန | | ၇၂၅.၆၉၃ | | | | | | |
| ၃ | | လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်း | ၎င်း | ၂၀၄၉.၅၇၇ | | | ၂၆.၂၀၀ | | | |
| | ၁ | ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန | | ၅၀၇.၁၂၇ | | | | | | |
| | ၂ | စိုက်ပျိုးရေးဦးစီးဌာန | | ၁၅၁၄.၈၃၃ | | | ၂၆.၂၀၀ | | | |
| | ၃ | စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန | | ၂၇.၆၁၇ | | | | | | |
| ၄ | | မွေးမြူရေးနှင့်ရေလုပ်ငန်း | ၎င်း | ၆၈၆.၀၁၄ | | | ၈၀.၁၆၀ | | | |
| | ၁ | ငါးလုပ်ငန်းဦးစီးဌာန | | ၄၇၅.၆၇၀ | | | ၈၀.၁၆၀ | | | |
| | ၂ | မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန | | ၂၁၀.၃၄၃ | | | | | | |
| ၅ | | ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာ | ၎င်း | ၇၆၃.၇၆၆ | | | ၄၇.၆၂၀ | | | |
| | ၁ | သစ်တောဦးစီးဌာန | | ၇၆၃.၇၆၆ | | | ၄၇.၆၂၀ | | | |
| ၆ | | အားကစား | ၎င်း | ၂၄၉.၆၆၀ | | | ၁၈၃.၂၈၈ | | | |
| | ၁ | အားကစားနှင့်ကာယပညာဦးစီးဌာန | | ၂၄၉.၆၆၁ | | | ၁၈၃.၂၈၈ | | | |
| ၇ | | ဘဏ္ဍာရေးနှင့်အခွန် | ၎င်း | ၆၉.၁၅၅ | | | ၅.၀၀၀ | | | |
| | ၁ | ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန | | ၆၉.၁၅၅ | | | ၅.၀၀၀ | | | |
| ၈ | | အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု | ၎င်း | ၃၅၃.၀၄၇ | | | ၄၂.၈၄၇ | | | |
| | ၁ | စီမံကိန်းရေးဆွဲရေးဦးစီးဌာန | | ၃၅၃.၀၄၇ | | | ၄၂.၈၄၇ | | | |
| ၉ | | ဆောက်လုပ်ရေး | ၎င်း | ၄၀၃၀.၄၄၉ | | | ၃၅၆၉၇.၆၄၁ | | | |
| | ၁ | မြို့ပြနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန | | ၁၂၀.၉၃၇ | | | | | | |
| | ၂ | အဆောက်အအုံ၊ လမ်းနှင့်တံတားများ ပြင်ဆင်ထိန်းသိမ်းခြင်း | | ၃၉၀၉.၅၁၂ | | | ၃၅၆၉၇.၆၄၁ | | | |
| ၁၀ | | အလုပ်သမား၊ အလုပ်အကိုင် နှင့် လူမှုဖူလုံရေး | ၎င်း | ၅၅.၈၇၄ | | | | | | |
| | ၁ | ဖယ်ကြိုပြည်တွင်းကုန်တင်ကုန်ချကော်မတီရုံး | | ၅၅.၈၇၄ | | | | | | |
| ၁၁ | | စည်ပင်သာယာရေးအဖွဲ့များ | ၎င်း | ၃၀၇၉.၆၆၆ | | | ၄၁၄၉.၁၉၇ | | | |
| | | ပေါင်း | | ၁၉၅၆၉.၆၆၂ | | | ၄၁၆၈၅.၀၁၉ | | | |

## တိုင်းဒေသကြီးအဆင့်နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ

ဇယား (၅)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | အခွန်အကောက် | တိုင်းဒေသကြီးအဆင့်နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများမှရငွေ | အခြားသာမန်ရငွေ | အတိုးရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ထောင်စုထောက်ပံ့ငွေမှရငွေ | ကြွေးမြီ | | အဖွဲ့အစည်းများထွင်ရင်းနှီးငွေမှရငွေ |
| | | | | | | | | | | ထုတ်ချေးငွေအတွက်ပြန်ရငွေ | ချေးယူရငွေ | |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁ | | မြန်ကြားရေး | တိုင်းဒေသကြီးဝန်ကြီးချုပ် | | | ၄၃.၈၈၇ | | | | | | |
| | ၁ | မြန်မာ့ရုပ်ရှင်လုပ်ငန်း | သို့မဟုတ် တိုင်းဒေသကြီးဝန်ကြီးချုပ်က တာဝန်ပေးသူ | | | ၄၃.၈၈၇ | | | | | | |
| ၂ | | သတ္တုတွင်း | ၎င်း | | | ၈၆.၉၃၅ | | | | | | |
| | ၁ | မြန်မာ့ကျောက်မျက်ရတနာနှင့်အကွာပါဝါအပါအဝင် ထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း | | | | ၈၆.၉၃၅ | | | | | | |
| ၃ | | ဆောက်လုပ်ရေး | ၎င်း | | | ၃၄၃၈၇.၇၀၇ | | | | | | |
| | ၁ | ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း | | | | ၃၄၃၈၇.၇၀၇ | | | | | | |
| | | | ပေါင်း | | | ၃၄၅၁၈.၅၂၉ | | | | | | |

တိုင်းဒေသကြီးအဆင့်နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ

ဇယား (၆)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင်ရင်းနှီးငွေ |
| | | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက်ပေးဆပ်ငွေ | |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ |
| ၁ | | မြန်ကြားရေး | တိုင်းဒေသကြီးဝန်ကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီးဝန်ကြီးချုပ်က တာဝန်ပေးသူ | ၃၈.၆၄၀ | | | | | | |
| | ၁ | မြန်မာ့ရုပ်ရှင်လုပ်ငန်း | | ၃၈.၆၄၀ | | | | | | |
| ၂ | | သတ္တုတွင်း | ၄င်း | ၈၁.၈၁၇ | | | ၄၆.၈၇၀ | | | |
| | ၁ | မြန်မာ့ဆားနှင့်အဏ္ဏဝါဓါတုဗေဒပစ္စည်းထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း | | ၈၁.၈၁၇ | | | ၄၆.၈၇၀ | | | |
| ၃ | | ဆောက်လုပ်ရေး | ၄င်း | ၃၃၉၉၈.၁၂၆ | | | | | | |
| | ၁ | ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း | | ၃၃၉၉၈.၁၂၆ | | | | | | |
| | | | ပေါင်း | ၃၄၁၁၈.၅၈၃ | | | ၄၆.၈၇၀ | | | |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပထမအကြိမ်ဧရာဝတီတိုင်းဒေသကြီးလွှတ်တော်

# ဧရာဝတီတိုင်းဒေသကြီးပုဂ္ဂလိကမော်တော်ယာဉ်လုပ်ငန်း ယာဉ်များစနစ်တကျပြေးဆွဲရေး ဥပဒေ

**၂၀၁၃ခုနှစ်**

# ဧရာဝတီတိုင်းဒေသကြီးပုဂ္ဂလိကမော်တော်ယာဉ်လုပ်ငန်း ယာဉ်များစနစ်တကျပြေးဆွဲရေး ဥပဒေ

(ဧရာဝတီတိုင်းဒေသကြီးလွှတ်တော် ဥပဒေအမှတ် - ၃/၂၀၁၃)
(၁၃၇၅ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၁ ရက်)
(၂၀၁၃ ခုနှစ်၊ မေလ ၆ ရက်)

၂၀၀၈ ခုနှစ်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၈၈ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံးလျက် ဧရာဝတီတိုင်းဒေသကြီးအတွင်း သွားလာသည့် ပုဂ္ဂလိက မော်တော်ယာဉ်လုပ်ငန်း ယာဉ်များ စနစ်တကျပြေးဆွဲရေးအတွက် ဧရာဝတီတိုင်းဒေသကြီးလွှတ်တော်သည် ဤဥပဒေ ကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)
## အမည်၊ စတင်အာဏာတည်ခြင်းနှင့် အဓိပ္ပါယ်ဖော်ပြချက်

၁။ (က) ဤဥပဒေကို ဧရာဝတီတိုင်းဒေသကြီး ပုဂ္ဂလိက မော်တော်ယာဉ်လုပ်ငန်း ယာဉ်များ စနစ်တကျပြေးဆွဲရေး ဥပဒေဟု ခေါ်တွင်စေရမည်၊

(ခ) ဤဥပဒေကို ထုတ်ပြန်ကြေညာသည့်နေ့မှစ၍ ဧရာဝတီတိုင်းဒေသကြီးတစ်ဝန်းလုံး၌ အာဏာ တည်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပါယ် သက်ရောက်စေရမည် -

(က) **တိုင်းဒေသကြီး** ဆိုသည်မှာ ဧရာဝတီတိုင်းဒေသကြီးကို ဆိုသည်၊
(ခ) **အစိုးရအဖွဲ့** ဆိုသည်မှာ ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ကို ဆိုသည်၊
(ဂ) **ဝန်ကြီး** ဆိုသည်မှာ ဧရာဝတီတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီးကို ဆိုသည်၊
(ဃ) **ဝန်ကြီးဌာန** ဆိုသည်မှာ ဧရာဝတီတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာနကို ဆိုသည်၊
(င) **ကော်မရှင်** ဆိုသည်မှာ ဧရာဝတီတိုင်းဒေသကြီးအတွင်း ပုဂ္ဂလိကမော်တော်ယာဉ်လုပ်ငန်း ယာဉ်များ စနစ်တကျ ပြေးဆွဲရေးကြီးကြပ်မှုကော်မတီကို ဖွဲ့စည်းပေးရန်အတွက် အစိုးရအဖွဲ့ က ဖွဲ့စည်းပေးသော ရွေးချယ်ရေးကော်မရှင်ကို ဆိုသည်၊
(စ) **ကော်မတီ** ဆိုသည်မှာ ဧရာဝတီတိုင်းဒေသကြီး ပုဂ္ဂလိကမော်တော်ယာဉ်လုပ်ငန်း ယာဉ်များ စနစ်တကျပြေးဆွဲရေး ကြီးကြပ်မှုကော်မတီကို ဆိုသည်၊
(ဆ) **ကော်မတီရုံး** ဆိုသည်မှာ ကော်မတီ၏လုပ်ငန်းများ ဆောင်ရွက်ရန် တည်ထောင်ထားသည့် ရုံးကိုဆိုသည်၊

(ဓ) **ကော်မတီရုံးဝန်ထမ်း** ဆိုသည်မှာ ကော်မတီက နည်းဥပဒေနှင့်အညီ ခန့်ထားသူများကို ဆိုသည်၊

(န) **မော်တော်ယာဉ်**ဆိုသည်မှာ စက်စွမ်းအားဖြင့်သော်လည်းကောင်း၊ အခြားစွမ်းအင် တစ်မျိုးမျိုး ဖြင့်သော်လည်းကောင်း၊ မြေတွင်မောင်းနှင်သွားလာနိုင်သည့် ယာဉ်တစ်မျိုးမျိုးကို ဆိုသည်၊

(ပ) **မော်တော်ယာဉ်လိုင်း**ဆိုသည်မှာ ဧရာဝတီတိုင်းဒေသကြီးအတွင်း ဝင်ထွက်သွားလာပြေးဆွဲ နေသည့် စီးပွားရေးအလို့ငှာ ခရီးသည်ပို့ဆောင်ရေးနှင့် ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းဆောင် ရွက်သည့်ပုဂ္ဂလိကမော်တော်ယာဉ်များဖြင့်ဖွဲ့စည်းထားသော မော်တော်ယာဉ်လိုင်း ကိုဆိုသည်။

(ဖ) **မော်တော်ယာဉ်ယာဉ်ပိုင်ရှင်** ဆိုသည်မှာ တည်ဆဲဥပဒေ၊ နည်းဥပဒေများနှင့် ကော်မတီ၏ ကြီးကြပ်မှုအောက်တွင်ပြေးဆွဲလုပ်ကိုင်နေကြသော မော်တော်ယာဉ်ပိုင်ဆိုင်ခွင့်ရှိသည့် မော်တော်ယာဉ်၏ပိုင်ရှင်ကိုဆိုသည်၊

(ဗ) **မော်တော်ယာဉ်လုပ်သား** ဆိုသည်မှာ ကော်မတီ၏ကြီးကြပ်မှုအောက်၌ ပြေးဆွဲ လုပ်ကိုင်နေသောမော်တော်ယာဉ်တွင် ကော်မတီက အသိအမှတ်ပြု လက်မှတ်ထုတ်ပေး ထားသော ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်တို့ကို ဆိုသည်၊

(ဘ) **နည်းဥပဒေများ**ဆိုသည်မှာ ဤဥပဒေအရ အစိုးရအဖွဲ့က ပြဋ္ဌာန်းသော နည်းဥပဒေများကို ဆိုသည်၊

## အခန်း (၂)
## ရည်ရွယ်ချက်

၃။ ဤဥပဒေ ပြဋ္ဌာန်းရသည့် ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ဧရာဝတီတိုင်းဒေသကြီးအတွင်း ပုဂ္ဂလိကမော်တော်ယာဉ်လုပ်ငန်း ယာဉ်များ စနစ်တကျ ပြေးဆွဲရေးအတွက်ကြီးကြပ်ဆောင်ရွက်နိုင်ရန်၊

(ခ) မော်တော်ယာဉ်လုပ်ငန်းလုပ်ကိုင်သူများ၊မော်တော် ယာဉ်ပိုင်ရှင်များနှင့် မော်တော်ယာဉ် လုပ်သားများ၏ ရပိုင်ခွင့်များ နှင့် အခက်အခဲများကို စည်းမျဉ်းစည်းကမ်း နှင့်အညီ ဆောင်ရွက်နိုင်ရန်၊

(ဂ) တိုင်းဒေသကြီးအတွင်း နိုင်ငံတော်မှ ရသင့်ရထိုက်သော အခွန်ငွေများ အပြည့်အဝရရှိစေရေး အတွက် ဥပဒေ၊ စည်းမျဉ်း စည်းကမ်းနှင့်အညီ လိုက်နာဆောင်ရွက်မှု ရှိ၊ မရှိ မြေပြင်တွင် လက်တွေ့ ကြီးကြပ်ဆောင်ရွက်ရန်၊

(ဃ) မော်တော်ယာဉ်များ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့်အညီ လိုက်နာဆောင်ရွက်ခြင်း ဖြင့်ယာဉ်မတော်တဆမှုလျော့နည်းပပျောက်စေရန်။

## အခန်း (၃)
## ကော်မတီဖွဲ့စည်းခြင်း

၄။ ဝန်ကြီးသည် အစိုးရအဖွဲ့၏ခွင့်ပြုချက်ဖြင့် ဤဥပဒေပါပြဋ္ဌာန်းချက်နှင့်အညီ သတ်မှတ်ထားသော နည်းလမ်းများအတိုင်း ရွေးချယ်၍ကော်မတီကို ဖွဲ့စည်းခြင်း၊ ပြင်ဆင်ခြင်း၊ ဖျက်သိမ်းခြင်းတို့ပြုနိုင်သည်။

၅။ ကော်မတီသည် ဝန်ကြီး၏သဘောတူညီချက်ဖြင့် ခရိုင်နှင့်မြို့နယ်အဆင့် ကော်မတီများကို ဖွဲ့စည်း တာဝန် ပေးနိုင်သည်။

၆။ အစိုးရအဖွဲ့သည်ကော်မတီကို ကော်မရှင်၏ကြီးကြပ်မှုဖြင့်ယာဉ်ပိုင်ရှင်များကနည်းဥပဒေများနှင့်အညီ ရွေးချယ်တင်မြှောက်သည့် ကော်မတီဝင် အနည်းဆုံး (၅)ဦးမှ (၉)ဦးအထိပါဝင်ဖွဲ့စည်းရမည်၊

၇။ ပုဒ်မ ၆ အရ ရွေးချယ်ခံရသူများက ၎င်းတို့အထဲမှ ကော်မတီ၏ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် ဘဏ္ဍာ ရေးမှူးတို့ကို ရွေးချယ်ရမည်။

၈။ ကော်မတီသည် ကုန်းလမ်းနှင့် ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေး လုပ်ငန်းကြီးကြပ်ရေး အဖွဲ့မှတစ်ဆင့်အစိုးရအဖွဲ့အားတာဝန်ခံရမည်။

၉။ ကော်မတီ၏သက်တမ်းမှာ ဖွဲ့စည်းအတည်ပြုသည့်နေ့မှစ၍ (၃) နှစ်ဖြစ်သည်။ ကော်မတီအဟောင်း သည် ကော်မတီအသစ်ရွေးချယ်ပြီးသည့်အခါတွင် ကော်မတီအသစ်ထံသို့ တာဝန်နှင့်လုပ်ငန်းအရပ်ရပ်၊ ခံစားပိုင်ခွင့်အရပ်ရပ်ကို (၁၅)ရက်အတွင်း စနစ်တကျ လွှဲပြောင်းပေးရမည်။

၁၀။ ကော်မတီဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်တစ်ဦးဦး ရာထူးမှနုတ်ထွက်ခြင်းကြောင့်ဖြစ်စေ၊ တာဝန်မှ ရပ်စဲခံရခြင်းကြောင့်ဖြစ်စေ၊ ကွယ်လွန်ခြင်းကြောင့်ဖြစ်စေ လစ်လပ်လျှင် အစိုးရအဖွဲ့သည် ကော်မရှင်၏ ကြီးကြပ်မှုဖြင့် လစ်လပ်သွားသည့်နေရာ၌ အသစ်ခန့်ထားနိုင်သည်။ အသစ်ခန့်ထားသည့် သက်တမ်းသည် ကျန်ရှိသည့်ရာထူးသက်တမ်းအတွက်သာ ဖြစ်စေရမည်။

၁၁။ ကော်မတီဝင် (၁)ဦး ၏သက်တမ်းသည် တစ်ဆက်တည်း ကော်မတီ၏သက်တမ်း (၂)ကြိမ်ထက် မပိုစေရ။

## အခန်း (၄)
## ကော်မတီ၏ လုပ်ငန်းတာဝန်များ

၁၂။ ကော်မတီသည် အောက်ပါလုပ်ငန်းတာဝန်များကို အကောင်အထည် ဖော်ဆောင်ရွက်ရမည် -

(က) ခရီးသည်များကိုဖြစ်စေ၊ ကုန်စည်များကိုဖြစ်စေ သယ်ယူပို့ဆောင်သည့်မော်တော်ယာဉ်များ စနစ်တကျပြေးဆွဲနိုင်ရေးအတွက် စီမံကြီးကြပ်ဆောင်ရွက်ခြင်းနှင့် မော်တော်ယာဉ် ပိုင်ရှင်များ၏ လုပ်ငန်းဆိုင်ရာ လိုအပ်ချက်များကိုလည်းကူညီဆောင်ရွက်ပေးခြင်း၊

(ခ) ခရီးသည်နှင့်ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းများ အဆင်ပြေချောမွေ့စွာ ဆောင်ရွက် နိုင်ရေး အတွက်တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့်ကုန်းလမ်းနှင့်ပြည်တွင်း ရေကြောင်းသယ်ယူ ပို့ဆောင်ရေး လုပ်ငန်းကြီးကြပ်ရေးအဖွဲ့တို့မှ ဥပဒေအရခွင့်ပြုပေးထားသော ယာဉ် အသင်းအဖွဲ့များတွင် ဝင်ရောက်ပြေးဆွဲ လျက်ရှိသည့် မော်တော်ယာဉ်များကို အသင်းဝင် ယာဉ်အဖြစ် လက်ခံ၍လိုအပ်သလို ကြီးကြပ်ဆောင်ရွက် ခွင့်ရှိခြင်း၊

(ဂ) မော်တော်ယာဉ်လိုင်းဂိတ်နေရာများ၊ မှတ်တိုင်များအသစ်တိုးချဲ့ခြင်း၊ ပြောင်းရွှေ့ခြင်းနှင့် ဖျက်သိမ်းခြင်းတို့ကိုကုန်းလမ်းနှင့်ပြည်တွင်း ရေကြောင်းသယ်ယူပို့ဆောင်ရေး လုပ်ငန်းကြီးကြပ်ရေးဖွဲ့မှတဆင့် အစိုးရအဖွဲ့သို့ တင်ပြ၍ခွင့်ပြုချက်ရယူကာ ဆောင်ရွက်ခြင်း၊

(ဃ) မော်တော်ယာဉ်ပိုင်ရှင်များ၊ မော်တော်ယာဉ်လုပ်သားများနှင့် တစ်လလျှင် အနည်းဆုံး တစ်ကြိမ် တွေ့ဆုံဆွေးနွေးခြင်း၊

(င) မိမိလက်အောက်ရှိ ဝန်ထမ်းများကို ကြီးကြပ်ခြင်း၊

(စ) သတ်မှတ်ထားသည့် ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများနှင့်အညီဆောင်ရွက်ခြင်း၊

(ဆ) ကော်မတီအစည်းအဝေးကို တစ်လလျှင် အနည်းဆုံး (၁)ကြိမ်နှင့် နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေးကို တစ်နှစ်လျှင် (၁)ကြိမ်ကျင်းပခြင်း၊ အစည်းအဝေးဆုံးဖြတ်ချက်မှတ်တမ်း မိတ္တူများကို ဝန်ကြီးထံပေးပို့ခြင်း၊

(ဇ) အစိုးရအဖွဲ့က အခါအားလျော်စွာ သတ်မှတ်ပေးသည့် လုပ်ငန်းတာဝန်များကိုဆောင်ရွက်ခြင်း။

## အခန်း (၅)
## ကော်မတီ၏ လုပ်ပိုင်ခွင့်များ

၁၃။ ကော်မတီ၏ လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ကော်မတီရုံး၊ လက်အောက်ဌာနခွဲများ၊ ခရိုင်နှင့် မြို့နယ်ကော်မတီများကို ကြီးကြပ်ခြင်း၊

(ခ) မော်တော်ယာဉ်ပိုင်ရှင်များ၊ မော်တော်ယာဉ်လုပ်သားများနှင့် ဝန်ထမ်းများအားညွှန်ကြားပေးခြင်း၊

(ဂ) လိုအပ်ပါက တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများ၊ အဖွဲ့အစည်းများနှင့်ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဃ) ကော်မတီ၏ စီမံခန့်ခွဲမှုအောက်ရှိ ဌာနခွဲများ၊ မော်တော်ယာဉ်လိုင်းများနှင့် မော်တော်ယာဉ်ဂိတ်များ လိုက်နာရန် စည်းကမ်းသတ်မှတ်ပေးခြင်း၊

(င) ဝန်ထမ်းများ ခန့်ထားခြင်း၊ လစာတိုးမြှင့်ခြင်း၊ ရာထူးတိုးမြှင့်ခြင်း၊ အရေးယူအပြစ်ပေးခြင်း၊ ထုတ်ပယ်ခြင်းစသည့် ဝန်ထမ်းရေးရာကိစ္စ များအပေါ် စီမံခန့်ခွဲခြင်း၊

(စ) အစိုးရအဖွဲ့က အခါအားလျော်စွာ အပ်နှင်းသည့် လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်ခြင်း။

## အခန်း (၆)
## ဘဏ္ဍာရေး

၁၄။ ကော်မတီသည် -

(က) နည်းဥပဒေများနှင့်အညီ ရှာဖွေရရှိသော မိမိရန်ပုံငွေဖြင့်သာ ရပ်တည်ရမည်၊

(ခ) မိမိ၏ရန်ပုံငွေကို သီးခြား ဘဏ်စာရင်းဖွင့်လှစ်ထားရှိ၍ ကော်မတီ၏လုပ်ငန်းများတွင် အစည်းအဝေးဆုံးဖြတ်ချက်ဖြင့် လုပ်ထုံးလုပ်နည်းများ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ သုံးစွဲရမည်၊

(ဂ) ကော်မတီသည် မော်တော်ယာဉ်လုပ်ငန်းလုပ်ကိုင်သူများ၊ မော်တော်ယာဉ်ပိုင်ရှင်များ၊ မော်တော်ယာဉ်လုပ်သားများနှင့် ကော်မတီရုံးဝန်ထမ်းများ၏ သက်သာချောင်ချိရေး လုပ်ငန်းများတွင် နည်းဥပဒေနှင့်အညီငွေကြေးသုံးစွဲနိုင်သည်၊

(ဃ) ရရှိသော နိုင်ငံခြားငွေကို သီးခြားဘဏ်စာရင်းဖွင့်လှစ်ထားရှိ၍ အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့်လုပ်ထုံးလုပ်နည်းများ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ သုံးစွဲနိုင်သည်၊

(င) မိမိ၏ရန်ပုံငွေရရှိစေရန် နိုင်ငံတော်၏ တည်ဆဲဥပဒေများ ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်း များနှင့်အညီ စီမံခန့်ခွဲနိုင်သည်။

၁၅။ ကော်မတီသည် -

(က) နှစ်စဉ်ရသုံးမှန်းခြေငွေစာရင်းကို ရေးဆွဲပြီး အစိုးရအဖွဲ့ထံတင်ပြ၍ အတည်ပြုချက်ရယူရမည်၊

(ခ) မိမိ၏ ဘဏ္ဍာရေးအခြေအနေနှင့် စာရင်းစစ်ဆေးတွေ့ရှိချက်တို့ကိုဘဏ္ဍာရေးနှစ်ကုန်ဆုံးပြီး ရက်ပေါင်း (၃၀) အတွင်း အစိုးရအဖွဲ့ထံ တင်ပြရမည်၊

(ဂ) လစဉ်ကောက်ခံရရှိသော ရန်ပုံငွေများ၊ အခြားရန်ပုံငွေများနှင့် အသုံး စာရင်းများအတွက် လချုပ်ငွေစာရင်းနှင့် နှစ်ချုပ်ငွေစာရင်းများကို အစစ်ဆေးခံနိုင်ရန် ပြုစုထားရှိရမည့်အပြင် ဘဏ္ဍာရေးနှစ် ကုန်ဆုံးသည့်အခါတိုင်း နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေးတွင် တင်ပြရမည်။

## အခန်း (၇)
## ဝန်ထမ်းဖွဲ့စည်းပုံ

၁၆။ ကော်မတီသည် -

(က) လုပ်ငန်းတာဝန်များကို အခြေခံလျက် လိုအပ်သော ဝန်ထမ်းဖွဲ့စည်းပုံကို ဝန်ကြီး၏အတည် ပြုချက်ဖြင့် ရေးဆွဲထားရှိရမည်၊

(ခ) တည်ဆဲစည်းမျဉ်းစည်းကမ်းများနှင့်အညီ ဝန်ထမ်းဖွဲ့စည်းပုံအတွင်း ဝန်ထမ်းများကို ခန့်ထား ရမည်။

၁၇။ ကော်မတီသည် ဝန်ထမ်းများခန့်ထားခြင်းအတွက် ရန်ပုံငွေမှကျခံသုံးစွဲရာတွင် နှစ်စဉ်ရရှိသော ဝင်ငွေ၏ (၃၀)ရာခိုင်နှုန်းထက် ကျော်လွန်သုံးစွဲခြင်းမပြုရ။

၁၈။ ကော်မတီသည် ဝန်ထမ်းများကို ကြီးကြပ်ကွပ်ကဲနိုင်ရန် အလို့ငှာ ဝန်ထမ်းရေးရာလုပ်ပိုင်ခွင့်များကို ရုံးအကြီးအကဲအား လိုအပ်သလို လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

## အခန်း(၈)
## ရန်ပုံငွေထိန်းသိမ်းခြင်းနှင့် စာရင်းစစ်ဆေးခြင်း

၁၉။ ကော်မတီသည် စာရင်းများကို နည်းလမ်းတကျ ထိန်းသိမ်းထားရှိနိုင်ရန်နှင့် စစ်ဆေးခြင်းပြုရန် အလို့ငှာ ငွေစာရင်းလုပ်ထုံးလုပ်နည်းများကို တိုင်းဒေသကြီးစာရင်းစစ်ချုပ်နှင့် ညှိနှိုင်းသတ်မှတ်ရမည်။

၂၀။ ကော်မတီဥက္ကဋ္ဌသည် -

(က) ကော်မတီက သတ်မှတ်ထားသည့် ငွေစာရင်း လုပ်ထုံးလုပ်နည်းများနှင့်အညီ စာရင်းပြုစု ထိန်းသိမ်းထားရှိရမည်၊

(ခ) ပုဒ်မခွဲ (က)အရ ပြုစုထိန်းသိမ်းထားရှိသည့် စာရင်းများကို ဝန်ကြီးက တာဝန်ပေးအပ်သော သူ၏ စစ်ဆေးခြင်းကို ခံယူရမည်။

## အခန်း(၉)
## စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း

၂၁။ ဤဥပဒေအရထုတ်ပြန်သော အမိန့်၊ ညွှန်ကြားချက်နှင့် စည်းမျဉ်းစည်းကမ်း တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်း သို့မဟုတ် လိုက်နာရန် ပျက်ကွက်ကြောင်း တွေ့ရှိပါက ကော်မတီသည် အောက်ပါစီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည် -

(က) သတိပေးခြင်း၊

(ခ) သတ်မှတ်ထားသည့် ဒဏ်ကြေးငွေ ပေးဆောင်စေခြင်း။

၂၂။ ပုဒ်မ ၂၁ အရ စီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ရပ် ချမှတ်ခြင်းခံရသူသည် အဆိုပါအမိန့်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်လျှင် ထိုသူကို ဆက်လက်၍ ပျက်ကွက်သည့်နေ့ အသီးသီးအတွက် တစ်ရက်လျှင် အနည်းဆုံးငွေဒဏ် ကျပ်တစ်သောင်းမှ အများဆုံးငွေဒဏ် ကျပ်သုံးသောင်းအထိ ပေးဆောင်စေရမည်။

၂၃။ အစိုးရအဖွဲ့သည် ကုန်းလမ်းနှင့်ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေး လုပ်ငန်းကြီးကြပ်ရေး အဖွဲ့၏ စိစစ်တင်ပြချက်ဖြင့် လုပ်ငန်းလိုင်စင်နှင့် မော်တော်ယာဉ်လိုင်းပြေးဆွဲခွင့်ကို ကာလအကန့်အသတ်ဖြင့် ရပ်ဆိုင်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုနိုင်သည်။

## အခန်း(၁၀)
## ပြစ်မှုနှင့် ပြစ်ဒဏ်များ

၂၄။ မည်သူမဆို ကော်မတီ၏ စီမံခန့်ခွဲမှုအောက်ရှိ မော်တော်ယာဉ်လိုင်းတစ်ခုခုတွင် မှတ်ပုံတင်ရမည့် မှတ်ပုံတင်ခြင်းမရှိဘဲမော်တော်ယာဉ် ပြေးဆွဲခြင်းပြုလျှင် (၆)လအထိ ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ ချမှတ်ခြင်းခံရမည်။

၂၅။ မည်သူမဆို ကော်မတီဝင် သို့မဟုတ် ကော်မတီဝန်ထမ်းတစ်ဦးဦးက ကော်မတီ သို့မဟုတ် ကော်မတီဝန်ထမ်းအဖြစ်ဖြင့် တာဝန်ဝတ္တရားဆောင်ရွက်နေစဉ် သို့မဟုတ် တာဝန်ဝတ္တရားဆောင်ရွက်ရန် အားထုတ်နေစဉ် ထိုကော်မတီဝင် သို့မဟုတ် ကော်မတီဝန်ထမ်းကို ဟန့်တားနှောင့်ယှက်မှု၊ လက်ရောက် သို့မဟုတ် အနိုင်အထက်ပြုမှု ကျူးလွန်လျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ် ဖြစ်စေ၊ ကျပ်တစ်သိန်းထက် မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၂၆။ မည်သူမဆို ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်၊ ညွှန်ကြားချက်နှင့် စည်းမျဉ်းစည်းကမ်း တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်းကြောင်း သို့မဟုတ် လိုက်နာရန် ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထက်မပို သော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၂၇။ ပုဒ်မ ၂၂ ပါ ပြဋ္ဌာန်းချက်အရ ဒဏ်ကြေးငွေပေးဆောင်ရန် ဆက်လက် ပျက်ကွက်သည့်ရက်မှာ (၁၀)ရက်အထိ ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို (၆)လထက် မပိုသော ထောင်ဒဏ်ချမှတ်ရမည်။

## အခန်း(၁၁)
## အထွေထွေ

၂၈။ ပုဒ်မ ၂၅ ၊၂၆ နှင့် ၂၇ တို့အရ တရားစွဲဆိုရာတွင် ဝန်ကြီး၏ ကြိုတင်ခွင့်ပြုချက်ရယူရမည်။

၂၉။ ကော်မတီကချမှတ်သည့် စီမံခန့်ခွဲရေးဆိုင်ရာ အမိန့်ကို မကျေနပ်ပါက ယင်းအမိန့် ချမှတ်သည့်နေ့မှ ရက်ပေါင်း (၃၀) အတွင်း ကုန်းလမ်း နှင့်ပြည်တွင်း ရေကြောင်းသယ်ယူ ပို့ဆောင်ရေးလုပ်ငန်းကြီးကြပ်ရေး အဖွဲ့သို့ အယူခံဝင်နိုင်သည်။

၃၀။ စီမံခန့်ခွဲရေးဆိုင်ရာအမိန့်အပေါ် အယူခံမှုနှင့်စပ်လျဉ်း၍ -

(က) အယူခံကာလအတွင်း သက်ဆိုင်သူအား တရားစွဲဆိုခြင်းမပြုရ၊

(ခ) ကုန်းလမ်းနှင့်ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးအဖွဲ့၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်စေရမည်။

၃၁။ ဤဥပဒေအခန်း(၁၀)ပါ ပြစ်မှုများကို မြန်မာနိုင်ငံရဲတပ်ဖွဲ့က အရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ် သတ်မှတ်သည်။

၃၂။ ဤဥပဒေပြဋ္ဌာန်းချက်တစ်ရပ်ရပ်သည် ၁၉၆၃ခုနှစ်၊ ကုန်းလမ်းနှင့်ပြည်တွင်း ရေကြောင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်းများဥပဒေ၊၁၉၆၄ခုနှစ်၊ ကုန်းလမ်းနှင့်ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်းများဆိုင်ရာ နည်းဥပဒေများ၊ ၁၉၆၅ခုနှစ်၊ ကုန်းလမ်းနှင့်ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေး လုပ်ငန်းများဆိုင်ရာ စည်းကမ်းဥပဒေများ၊ ၂၀၀၈ခုနှစ်၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၉၈ တို့နှင့်မဆန့်ကျင်သမျှ အတည်ဖြစ်သည်။

၃၃။ ကော်မတီသည် ကိုယ်ပိုင်အမည်၊ တံဆိပ်ဖြင့် ဆောင်ရွက်ပိုင်ခွင့်၊ စဉ်ဆက်မပြတ်ဆောင်ရွက်ပိုင်ခွင့်၊ ဥပဒေနှင့်အညီဆက်ခံခွင့်၊ တရားစွဲဆိုနိုင်ခွင့်နှင့် တရားစွဲဆိုခံပိုင်ခွင့် ရှိစေရမည်။

၃၄။ မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံကြီးကြပ်ရေးကော်မတီသည် ဤဥပဒေအရ ဖွဲ့စည်းထားသော ကော်မတီထံ လုပ်ငန်းနှင့်ပိုင်ဆိုင်ခွင့်အရပ်ရပ်ကို အစိုးရအဖွဲ့က တာဝန်ပေးခံရသော အဖွဲ့အစည်းတစ်ခု၏ ကြီးကြပ်မှုဖြင့် လွှဲပြောင်းစေရမည်။

၃၅။ ကော်မတီသည် မိမိ၏လုပ်ငန်းတာဝန်နှင့်လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်ရာတွင် လိုအပ်ပါက မိမိလက်အောက်ရှိ ဌာနခွဲတစ်ခုခုကိုဖြစ်စေ ပုဂ္ဂိုလ်တစ်ဦးဦးကိုဖြစ်စေ လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

၃၆။ ကော်မတီတွင် ပါဝင်သည့် နိုင်ငံ့ဝန်ထမ်းမဟုတ်သော ကော်မတီဝင်များသည် အစိုးရအဖွဲ့က သတ်မှတ်သည့် ချီးမြှင့်ငွေကို ခံစားခွင့်ရှိသည်။

၃၇။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက် ရာတွင် -

(က) ဝန်ကြီးသည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် လိုအပ်သော နည်းဥပဒေများနှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်၊

(ခ) ဝန်ကြီးသည် လိုအပ်သော ညွှန်ကြားချက်များ၊ အမိန့်ကြော်ငြာစာများနှင့် စည်းကမ်းချက်များကို ထုတ်ပြန်နိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းအောင်

ဝန်ကြီးချုပ်

ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပထမအကြိမ်ဧရာဝတီတိုင်းဒေသကြီးလွှတ်တော်

# ၂၀၁၃-၂၀၁၄ဘဏ္ဍာနှစ်၊ ဧရာဝတီ တိုင်းဒေသကြီး ဒေသန္တရစီမံကိန်းဥပဒေ

၂၀၁၃ခုနှစ်

# ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်
# ဧရာဝတီတိုင်းဒေသကြီးဒေသန္တရစီမံကိန်းဥပဒေ

( ဧရာဝတီတိုင်းဒေသကြီးလွှတ်တော်ဥပဒေအမှတ် ၄ / ၂၀၁၃ )
( ၁၃၇၅ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၁ ရက် )
(၂၀၁၃ ခုနှစ်၊ မေလ ၆ ရက် )

## နိဒါန်း

၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၈၈ တွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သည် ဇယား(၂)တွင် ဖော်ပြထားသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဥပဒေပြုစာရင်းပါဒေသန္တရစီမံကိန်းနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် တစ်ဝန်းလုံးအတွက်သော်လည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်စိတ် တစ်ဒေသအတွက်သော်လည်းကောင်း၊ အာဏာသက်ရောက်စေရန် ဥပဒေပြုခွင့်ရှိသည် ဟူသော ပြဋ္ဌာန်းချက်အရ ဤဥပဒေကို တင်သွင်းခြင်းဖြစ်သည်။

## အခန်း( ၁ )

### အမည်၊ စတင်အာဏာတည်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ (က) ဤဥပဒေကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်း ဥပဒေဟုခေါ်တွင်စေရမည်။

(ခ) ဤဥပဒေကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အတွက် ၂၀၁၃ ခုနှစ်၊ ဧပြီလ(၁) ရက်နေ့မှစတင်အာဏာတည်စေရမည်။

၂။ ဤဥပဒေသည် ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အထိ ငါးနှစ်စီမံကိန်း၏ တတိယနှစ်အတွက် ဒေသန္တရစီမံကိန်းဥပဒေဖြစ်သည်။

၃။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **ဒေသန္တရစီမံကိန်း** ဆိုသည်မှာ တိုင်းဒေသကြီး၏ လူမှုစီးပွားရေး တစ်ရပ်လုံး အတွက်ဖြစ်စေ၊ ကဏ္ဍအလိုက်ဖြစ်စေသတ်မှတ်ထားသည့် အချိန်ကာလအတွင်း မည်၍မည်မျှ တိုးတက်ရမည်ဆိုသည့် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ရည်မှန်း ချက်များနှင့် လုပ်ငန်းအစီအစဉ်များဖြစ်သည်။ ယင်းစီမံကိန်းများ၌ အနှစ် ၃၀ နှစ်ရှည်စီမံကိန်း၊ ငါးနှစ်ကာလတို စီမံကိန်းနှင့် ယင်းစီမံကိန်းများကို နှစ်စဉ် အကောင်အထည်ဖော်မည့် နှစ်စဉ်စီမံကိန်းများပါရှိသည်။ ယင်းဒေသန္တရ စီမံကိန်းများ၌ ကာလအလိုက်ဖြစ်စေ၊ ဒေသအလိုက်ဖြစ်စေ ဝိသေသပြု ရေးဆွဲ ချမှတ်သော လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း၊ လုပ်ငန်း စီမံကိန်းများ၊ စက်မှုဇုန်များ၊ မြို့ပြစီမံကိန်းများ၊ စက်မှုဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးစီမံကိန်းစသည့် စီမံကိန်းများ ဘက်စုံ ဆက်စပ်အကျုံးဝင်သည်ဟု မှတ်ယူရမည်။

(ခ) **စီမံကိန်းရည်မှန်းချက်** ဆိုသည်မှာ သတ်မှတ်ကာလအတွင်း စီးပွားရေး တစ်ရပ်လုံးအတွက်ဖြစ်စေ၊ ကဏ္ဍအလိုက်ဖြစ်စေ မည်၍ မည်မျှ ဖွံ့ဖြိုးတိုးတက် စေရမည်ဟု ရည်မှန်းလျာထားချက်များဖြစ်သည်။

(ဂ) **ပုံမှန်ဈေးနှုန်း** ဆိုသည်မှာ အခြေခံနှစ် ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်တွင် ဖြစ်ပေါ် သော ကုန်ပစ္စည်းနှင့်ဝန်ဆောင်မှုများ၏ ဈေးနှုန်းဖြစ်သည်။

(ဃ) **နှစ်အလိုက်ဈေးနှုန်း** ဆိုသည်မှာ သက်ဆိုင်ရာ ဘဏ္ဍာရေးနှစ်အလိုက် ဖြစ်ပေါ် သော ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများ၏ ဈေးနှုန်းဖြစ်သည်။

(င) **သက်ဆိုင်ရာဌာနနှင့်အဖွဲ့အစည်းများ** ဆိုသည်မှာ ဒေသန္တရစီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်သည့် သက်ဆိုင်ရာ တိုင်းဒေသကြီးအစိုးရ အဖွဲ့များ၊ တိုင်းဒေသကြီး ဝန်ကြီးဌာနများ နှင့် စည်ပင်သာယာရေးအဖွဲ့များကို ဆိုသည်။

## အခန်း (၂)

## စီမံကိန်းရည်မှန်းချက်များ

၄။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် စီမံကိန်း၏ အရေးကြီးသည့် ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) တိုင်းဒေသကြီး၏ ပြည်တွင်းအသားတင် ထုတ်လုပ်မှုတန်ဖိုးမှာ ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်၊ ပုံမှန်ဈေးနှုန်းအရ ၅.၆ ရာခိုင်နှုန်း တိုးတက်ရန်၊

(ခ) ပုံမှန်ဈေးနှုန်းအရ-

(၁) လယ်ယာကဏ္ဍတွင် ၀.၂ ရာခိုင်နှုန်းတိုးတက်ရန်၊

(၂) သားငါးကဏ္ဍတွင် ၃.၉ ရာခိုင်နှုန်းတိုးတက်ရန်၊

(၃) ပတ်ဝန်းကျင်ထိန်းသိမ်းရေးကို အလေးထားဆောင်ရွက်လျက်ရှိသဖြင့် သစ်တောကဏ္ဍတွင် ၀.၉ ရာခိုင်နှုန်းတိုးတက်ရန်၊

(၄) စွမ်းအင်ကဏ္ဍတွင် ၀.၉ ရာခိုင်နှုန်းတိုးတက်ရန်၊

(၅) သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍတွင် ၀.၁ ရာခိုင်နှုန်း တိုးတက်ရန်၊

(၆) စက်မှုလက်မှုကဏ္ဍတွင် ၁၁.၁ ရာခိုင်နှုန်းတိုးတက်ရန်၊

(၇) လျှပ်စစ်ဓာတ်အားကဏ္ဍတွင် ၁၄.၀ ရာခိုင်နှုန်းတိုးတက်ရန်၊

(၈) ဆောက်လုပ်မှုကဏ္ဍတွင် ၅.၉ ရာခိုင်နှုန်းတိုးတက်ရန်၊

(၉) ပို့ဆောင်ရေးကဏ္ဍတွင် ၈.၂ ရာခိုင်နှုန်းတိုးတက်ရန်၊

(၁၀) ဆက်သွယ်ရေးကဏ္ဍတွင် ၇၂.၂ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၁) ငွေရေးကြေးရေးကဏ္ဍတွင် ၄၀.၁ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၂) လူမှုရေးနှင့်စီမံခန့်ခွဲရေးကဏ္ဍတွင် ၂.၉ ရာခိုင်နှုန်းတိုးတက်ရန်၊

(၁၃) ငှားရမ်းခနှင့်အခြားဝန်ဆောင်မှုကဏ္ဍတွင် ၁၃.၄ ရာခိုင်နှုန်းတိုးတက်ရန်၊

(၁၄) ကုန်သွယ်မှုကဏ္ဍတွင် ၅.၀ ရာခိုင်နှုန်းတိုးတက်ရန်၊

(ဂ) တိုင်းဒေသကြီး၏ ပြည်တွင်းအသားတင် ထုတ်လုပ်မှုတန်ဖိုးတွင် လယ်ယာကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၄၉.၀ ရာခိုင်နှုန်းမှ ၄၇.၁ ရာခိုင်နှုန်းသို့လည်းကောင်း၊ စက်မှုကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၁၄.၁ ရာခိုင်နှုန်းမှ

၁၄.၆ ရာခိုင်နှုန်း သို့လည်းကောင်း၊ ဝန်ဆောင်မှု ကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၃၆.၉ ရာခိုင်နှုန်း မှ ၃၈.၃ ရာခိုင်နှုန်းသို့လည်းကောင်း အသီးသီး ဖြစ်ပေါ်စေရန်၊

(ဃ) လူတစ်ဦးစီ၏ပျမ်းမျှ ပြည်တွင်း အသားတင်ထုတ်လုပ်မှုတန်ဖိုး (Per Capita GDP) မှာ ကျပ် ၈၀၃၃၃၄ မှ ကျပ် ၉၃၈၆၈၇ သို့ ဖြစ်ပေါ်လာစေရန်၊

## အခန်း ( ၃ )

## အထွေထွေ

၅။ သက်ဆိုင်ရာဌာနနှင့်အဖွဲ့အစည်းများသည် ပုဒ်မခွဲ (၁)နှင့် (၂) တို့တွင် ဖော်ပြထားသော စီမံကိန်း ရည်မှန်းချက်များကို အဆက်အစပ် မိမိ ပေါင်းစပ်ဖွဲ့စည်း အကောင်အထည်ဖော်ကြရန် ဖြစ်သည်။ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများအလိုက်၊ ဒေသအလိုက် လိုအပ်သော လုပ်ငန်းအစီအစဉ်များနှင့် ညွှန်ကြားချက်များကို အသေးစိတ် ရေးဆွဲဆောင်ရွက်နိုင်သည်။

၆။ သက်ဆိုင်ရာဌာနနှင့်အဖွဲ့အစည်းများသည် စီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် စီမံကိန်းများအား လေ့လာဆန်းစစ်၍ နိုင်ငံတော်နှင့် နိုင်ငံသားများ အကျိုးစီးပွားအတွက်အမှန်တကယ်အကျိုးဖြစ်ထွန်းစေမည့်စီမံကိန်းများအား ဆက်လက် အကောင်အထည်ဖော်ရမည်။ သို့ရာတွင် အကျိုးစီးပွားဖြစ်ထွန်းမှုမရှိသော စီမံကိန်းများအား ငြင်းပယ်ခြင်း၊ ဆိုင်းငံ့ခြင်း၊ လျှော့၍ခွင့်ပြုခြင်းများ ဆောင်ရွက်ရမည်။

၇။ သက်ဆိုင်ရာဌာနနှင့်အဖွဲ့အစည်းများသည် စီးပွားရေး စီမံကိန်းများ ဆောင်ရွက်ရာတွင် လက်ငင်းရေတိုအတွက် အကျိုးဖြစ်ထွန်းစေသော စီမံကိန်းများကို ဦးစားပေးရမည်။ ထို့ပြင် ရေရှည်အကျိုးရှိသော စီမံကိန်းများကိုလည်း မျှတစွာ ထည့်သွင်းစီမံဆောင်ရွက်ရမည်။

၈။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် နိုင်ငံတော်နှင့်နိုင်ငံသားများ၏ လက်ငင်းရေတိုနှင့်ရေရှည် အကျိုးဖြစ်ထွန်းစေသော နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် ထာဝရရှင်သန်စေမည့် အမျိုးသားဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းဖြစ်သော လူသားအရင်းအမြစ်များ ဖွံ့ဖြိုးရေးစီမံကိန်းအတွက် ရင်းနှီးမြှုပ်နှံမှုကိုလည်း အလေးထားဆောင်ရွက်ရမည်။

၉။ သက်ဆိုင်ရာဌာနနှင့်အဖွဲ့အစည်းများသည် စီမံကိန်းများတင်ပြ ဆောင်ရွက်ရာတွင် သတ်မှတ်ထားသော အင်္ဂါရပ်များ ၊ ဆန်းစစ်ချက်များ ပြည့်စုံမှသာလျှင် ဆောင်ရွက်ရမည်။

၁၀။ သက်ဆိုင်ရာဌာနနှင့်အဖွဲ့အစည်းများသည် ဒေသန္တရစီမံကိန်းတွင် နိုင်ငံပိုင်စီးပွားရေး လုပ်ငန်းများအနက်ပုဂ္ဂလိကလုပ်ပိုင်ခွင့်အဖြစ် လွှဲပြောင်းပေးသင့်သော စီးပွားရေး လုပ်ငန်းများကို နှစ်အလိုက် လွှဲပြောင်းပေးမည့် စီမံကိန်းများအဖြစ်ထည့်သွင်းရေးဆွဲရမည်။

၁၁။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်းများသည် ဖြစ်မြောက်နိုင်စွမ်း ရှိ မရှိ ၊ စီးပွားရေးအရ တွက်ချေကိုက်မှု ရှိ မရှိ ၊ ပြည်သူများအတွက် အကျိုး ရှိ မရှိ၊ ဒေသဖွံ့ဖြိုးရေးကို အထောက်အကူ ပြု မပြု၊ ပတ်ဝန်းကျင်ကို ထိခိုက်မှု ရှိ မရှိ စသည်တို့ကို ဘက်စုံလေ့လာဆန်းစစ်ပြီး ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူခွင့်ပြုချက် ရရှိထားပြီးသော လုပ်ငန်းစီမံကိန်းများဖြစ်ရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းအောင်

ဝန်ကြီးချုပ်

ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့

## ရေဝတီတိုင်းဒေသကြီး၏
## ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်ဒေသန္တရစီမံကိန်းအရ
## ကဏ္ဍကြီးများအလိုက် အသားတင်ထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုး ရည်မှန်းချက်
## (၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်ပုံမှန်ဈေးနှုန်းများအရ)

(တန်ဖိုး-ကျပ်သန်း)

| အမှတ်စဉ် | | ကဏ္ဍကြီး | ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် (ဒေသန္တရစီမံကိန်း) | | | ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် (ဒေသန္တရစီမံကိန်း) | | |
|---|---|---|---|---|---|---|---|---|
| | | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ |
| ၁ | | **လယ်ယာကဏ္ဍကြီး** | ၂၆၂၅၉၈၃.၅ | ၄၉.၀ | ၂.၆ | ၂၆၆၂၈၉၈.၀ | ၄၇.၁ | ၁.၄ |
| | ၁ | လယ်ယာ | ၁၇၅၇၀၇၄.၉ | ၃၂.၈ | ၀.၈ | ၁၇၆၀၂၅၀.၃ | ၃၁.၁ | ၀.၂ |
| | ၂ | သားငါး | ၈၅၈၇၃၉.၇ | ၁၆.၀ | ၆.၆ | ၈၉၂၃၉၁.၅ | ၁၅.၈ | ၃.၉ |
| | ၃ | သစ်တော | ၁၀၁၆၈.၉ | ၀.၂ | ၀.၇ | ၁၀၂၅၆.၃ | ၀.၂ | ၀.၉ |
| ၂ | | **စက်မှုကဏ္ဍကြီး** | ၇၅၅၆၉၄.၈ | ၁၄.၁ | ၈.၃ | ၈၂၈၀၆၇.၆ | ၁၄.၆ | ၉.၆ |
| | ၄ | စွမ်းအင် | ၃၆၂၁၃.၆ | ၀.၇ | -၀.၅ | ၃၆၅၄၁.၇ | ၀.၆ | ၀.၉ |
| | ၅ | သတ္တုနှင့်တွင်းထွက်ပစ္စည်း | ၉၅၉၀.၀ | ၀.၂ | ၀.၂ | ၉၅၉၉.၆ | ၀.၂ | ၀.၁ |
| | ၆ | စက်မှုလက်မှု | ၄၁၀၈၉၂.၀ | ၇.၆ | ၈.၈ | ၄၅၆၅၈၃.၈ | ၈.၁ | ၁၁.၁ |
| | ၇ | လျှပ်စစ်ဓာတ်အား | ၁၀၇၅၄၇.၆ | ၂.၀ | ၆.၆ | ၁၂၂၆၀၆.၆ | ၂.၁ | ၁၄.၀ |
| | ၈ | ဆောက်လုပ်မှု | ၁၉၁၄၅၁.၆ | ၃.၆ | ၁၀.၃ | ၂၀၂၇၃၅.၉ | ၃.၆ | ၅.၉ |
| ၂ | | **ဝန်ဆောင်မှုကဏ္ဍကြီး** | ၁၉၇၆၆၂၂.၃ | ၃၆.၉ | ၆.၉ | ၂၁၆၈၆၆၈.၂ | ၃၈.၃ | ၉.၇ |
| | ၁ | ပို့ဆောင်ရေး | ၈၅၅၇၃၂.၆ | ၁၅.၉ | ၂.၉ | ၉၂၅၉၉၇.၉ | ၁၆.၃ | ၈.၂ |
| | ၂ | ဆက်သွယ်ရေး | ၈၄၅၄၄.၃ | ၁.၆ | ၂၇၃.၄ | ၁၄၅၅၄၉.၄ | ၂.၆ | ၇၂.၂ |
| | ၃ | ငွေရေးကြေးရေး | ၃၃၇၁.၇ | ၀.၁ | ၉.၀ | ၄၇၂၄.၈ | ၀.၁ | ၄၀.၁ |
| | ၄ | လူမှုရေးနှင့်စီမံခန့်ခွဲရေး | ၈၄၉၁၄.၇ | ၁.၆ | ၀.၁ | ၈၇၄၀၅.၀ | ၁.၅ | ၂.၉ |
| | ၅ | ငှားရမ်းခနှင့်အခြားဝန်ဆောင်မှု | ၁၁၈၄၆၇.၅ | ၂.၂ | ၁၄.၆ | ၁၃၄၃၂၀.၃ | ၂.၄ | ၁၃.၄ |
| | ၆ | ကုန်သွယ်မှု | ၈၂၉၅၉၀.၅ | ၁၅.၅ | ၃.၃ | ၈၇၀၆၇၀.၈ | ၁၅.၄ | ၅.၀ |
| ၄ | | **အသားတင်ထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုး** | ၅၃၅၈၃၀၀.၆ | ၁၀၀.၀ | ၅.၀ | ၅၆၅၉၆၃၃.၉ | ၁၀၀.၀ | ၅.၆ |

ပူးတွဲ-၂

ရေဝတီတိုင်းဒေသကြီး၏
၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်ဒေသန္တရစီမံကိန်းအရ
ကဏ္ဍအလိုက် အသားတင်ထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်
(၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်ပုံမှန်ဈေးနှုန်းများအရ)

(တန်ဖိုး-ကျပ်သန်း)

| အမှတ်စဉ် | | ကဏ္ဍ | ၂၀၁၂-၂၀၁၃ဘဏ္ဍာနှစ် (ဒေသန္တရစီမံကိန်း) တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) | ၂၀၁၃-၂၀၁၄ဘဏ္ဍာနှစ် (ဒေသန္တရစီမံကိန်း) တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) |
|---|---|---|---|---|---|---|---|---|
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ |
| ၁ | | ထုတ်လုပ်မှုတန်ဖိုး | ၃၃၈၁၆၇၈.၃ | ၆၃.၁ | ၃.၈ | ၃၄၉၀၉၆၅.၇ | ၆၁.၇ | ၃.၂ |
| | ၁ | လယ်ယာ | ၁၇၅၇၀၇၄.၉ | ၃၂.၈ | ၀.၈ | ၁၇၆၀၂၅၀.၃ | ၃၁.၁ | ၀.၂ |
| | ၂ | သားငါး | ၈၅၈၇၃၉.၇ | ၁၆.၀ | ၆.၆ | ၈၉၂၃၉၁.၅ | ၁၅.၈ | ၃.၉ |
| | ၃ | သစ်တော | ၁၀၁၆၈.၉ | ၀.၂ | ၀.၇ | ၁၀၂၅၆.၃ | ၀.၂ | ၀.၉ |
| | ၄ | စွမ်းအင် | ၃၆၂၁၃.၆ | ၀.၇ | -၀.၅ | ၃၆၅၄၁.၇ | ၀.၆ | ၀.၉ |
| | ၅ | သတ္တုနှင့်တွင်းထွက်ပစ္စည်း | ၉၅၉၀.၀ | ၀.၂ | ၀.၂ | ၉၅၉၉.၆ | ၀.၂ | ၀.၁ |
| | ၆ | စက်မှုလက်မှု | ၄၁၀၈၉၂.၀ | ၇.၆ | ၈.၈ | ၄၅၆၅၈၃.၈ | ၈.၁ | ၁၁.၁ |
| | ၇ | လျှပ်စစ်ဓာတ်အား | ၁၀၇၅၄၇.၆ | ၂.၀ | ၆.၆ | ၁၂၂၆၀၆.၆ | ၂.၁ | ၁၄.၀ |
| | ၈ | ဆောက်လုပ်မှု | ၁၉၁၄၅၁.၆ | ၃.၆ | ၁၀.၃ | ၂၀၂၇၃၅.၉ | ၃.၆ | ၅.၉ |
| ၂ | | ဝန်ဆောင်မှုတန်ဖိုး | ၁၁၄၇၀၃၀.၈ | ၂၁.၄ | ၉.၇ | ၁၂၉၇၉၉၇.၄ | ၂၂.၉ | ၁၃.၂ |
| | ၁ | ပို့ဆောင်ရေး | ၈၅၅၇၃၂.၆ | ၁၅.၉ | ၂.၉ | ၉၂၅၉၉၇.၉ | ၁၆.၃ | ၈.၂ |
| | ၂ | ဆက်သွယ်ရေး | ၈၄၅၄၄.၃ | ၁.၆ | ၂၇၃.၄ | ၁၄၅၅၄၉.၄ | ၂.၆ | ၇၂.၂ |
| | ၃ | ငွေရေးကြေးရေး | ၃၃၇၁.၇ | ၀.၁ | ၉.၀ | ၄၇၂၄.၈ | ၀.၁ | ၄၀.၁ |
| | ၄ | လူမှုရေးနှင့်စီမံခန့်ခွဲရေး | ၈၄၉၁၄.၇ | ၁.၆ | ၀.၁ | ၈၇၄၀၅.၀ | ၁.၅ | ၂.၉ |
| | ၅ | ငှားရမ်းခနှင့်အခြားဝန်ဆောင်မှု | ၁၁၈၄၆၇.၅ | ၂.၂ | ၁၄.၆ | ၁၃၄၃၂၀.၃ | ၂.၄ | ၁၃.၄ |
| ၃ | | ကုန်သွယ်မှုတန်ဖိုး | ၈၂၉၅၉၁.၅ | ၁၅.၅ | ၃.၃ | ၈၇၀၆၇၀.၈ | ၁၅.၄ | ၅.၀ |
| ၄ | | အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး | ၅၃၅၈၃၀၀.၆ | ၁၀၀.၀ | ၅.၀ | ၅၆၅၉၆၃၃.၉ | ၁၀၀.၀ | ၅.၆ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပထမအကြိမ်ဧရာဝတီတိုင်းဒေသကြီးလွှတ်တော်

# ဧရာဝတီတိုင်းဒေသကြီး ပုဂ္ဂလိကရေယာဉ်လုပ်ငန်း ရေယာဉ်များစနစ်တကျပြေးဆွဲရေး ဥပဒေ

၂၀၁၃ခုနှစ်

# ဧရာဝတီတိုင်းဒေသကြီး ပုဂ္ဂလိကရေယာဉ်လုပ်ငန်း ရေယာဉ်များစနစ်တကျပြေးဆွဲရေးဥပဒေ

(ဧရာဝတီတိုင်းဒေသကြီးလွှတ်တော် ဥပဒေအမှတ် - ၅/၂၀၁၃)
(၁၃၇၅ ခုနှစ်၊ ကဆုန်လဆန်း ၇ ရက်)
(၂၀၁၃ ခုနှစ်၊မေလ ၁၆ ရက်)

၂၀၀၈ ခုနှစ်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၈၈ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံးလျက် ဧရာဝတီတိုင်းဒေသကြီးအတွင်း သွားလာသည့် ပုဂ္ဂလိကရေယာဉ်လုပ်ငန်း၊ ရေယာဉ်များစနစ်တကျ ပြေးဆွဲနိုင်ရေး အတွက် ဧရာဝတီတိုင်းဒေသကြီး လွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)
## အမည်၊ စတင်အာဏာတည်ခြင်းနှင့် အဓိပ္ပါယ်ဖော်ပြချက်

၁။ (က) ဤဥပဒေကို ဧရာဝတီတိုင်းဒေသကြီး ပုဂ္ဂလိကရေယာဉ်လုပ်ငန်း ရေယာဉ်များ စနစ်တကျ ပြေးဆွဲရေးဥပဒေဟုခေါ်တွင်စေရမည်၊

(ခ) ဤဥပဒေကို ထုတ်ပြန်ကြေညာသည့်နေ့မှစ၍ ဧရာဝတီတိုင်းဒေသကြီးတစ်ဝန်းလုံး၌ အာဏာ တည်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပါယ် သက်ရောက်စေရမည် -

(က) **တိုင်းဒေသကြီး** ဆိုသည်မှာ ဧရာဝတီတိုင်းဒေသကြီးကို ဆိုသည်၊
(ခ) **အစိုးရအဖွဲ့** ဆိုသည်မှာ ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ကို ဆိုသည်၊
(ဂ) **ဝန်ကြီး** ဆိုသည်မှာ ဧရာဝတီတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီးကို ဆိုသည်၊
(ဃ) **ဝန်ကြီးဌာန** ဆိုသည်မှာ ဧရာဝတီတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာနကို ဆိုသည်၊
(င) **ကော်မရှင်** ဆိုသည်မှာ ဧရာဝတီတိုင်းဒေသကြီးအတွင်း ပုဂ္ဂလိကရေယာဉ်လုပ်ငန်း ရေယာဉ်များစနစ်တကျ ပြေးဆွဲနိုင်ရေး ကြီးကြပ်မှု ကော်မတီကို ဖွဲ့စည်းပေးရန် အတွက် အစိုးရအဖွဲ့က ဖွဲ့စည်းပေးသော ရွေးချယ်ရေးကော်မရှင်ကို ဆိုသည်၊
(စ) **ကော်မတီ** ဆိုသည်မှာ ဧရာဝတီတိုင်းဒေသကြီး ပုဂ္ဂလိကရေယာဉ်လုပ်ငန်း ရေယာဉ်များ စနစ်တကျပြေးဆွဲနိုင်ရေး ကြီးကြပ်မှုကော်မတီကိုဆိုသည်၊
(ဆ) **ကော်မတီရုံး**ဆိုသည်မှာကော်မတီ၏လုပ်ငန်းများ ဆောင်ရွက်ရန်တည်ထောင်ထားသည့် ရုံးကို ဆိုသည်၊

(ဈ) **ကော်မတီရုံးဝန်ထမ်း** ဆိုသည်မှာ ကော်မတီက နည်းဥပဒေနှင့်အညီ ခန့်ထားသူများ ဆိုသည်၊

(ည) **ရေယာဉ်**ဆိုသည်မှာ ရေတွင် စက်စွမ်းအားဖြင့် မောင်းနှင်သွားလာ နိုင်သည့်ယ တစ်မျိုးမျိုးကို ဆိုသည်၊

(ဋ) **ရေယာဉ်လိုင်း**ဆိုသည်မှာ ရေဝတီတိုင်းဒေသကြီးအတွင်း ဝင်ထွက်သွားလာပြေး နေသည့် စီးပွားရေးအလို့ငှာ ခရီးသည်ပို့ဆောင်ရေးနှင့် ကုန်စည်ပို့ဆောင်ရေးလုပ်င ဆောင်ရွက်သည့် ပုဂ္ဂလိကရေယာဉ်များဖြင့်ဖွဲ့စည်းထားသော ရေယာဉ်လိုင်းကိုဆိုသည်

(ဌ) **ရေယာဉ်ပိုင်ရှင်** ဆိုသည်မှာ တည်ဆဲဥပဒေ၊ နည်းဥပဒေများနှင့် ကော်မတီ၏ ကြီးကြ မှုအောက် တွင်ပြေးဆွဲလုပ်ကိုင်နေကြသော ရေယာဉ်ပိုင်ဆိုင်ခွင့်ရှိသည့်ရေယာဉ်၏ပိုင် ကို ဆိုသည်၊

(ဍ) **ရေယာဉ်လုပ်သား** ဆိုသည်မှာ ကော်မတီ၏ကြီးကြပ်မှုအောက်၌ ပြေးဆွဲလုပ်ကို နေသောရေယာဉ်တွင် ကော်မတီက အသိအမှတ်ပြုလက်မှတ် ထုတ်ပေးထားသေ ရေယာဉ်မောင်းနှင့် ရေယာဉ်လုပ်သားတို့ကို ဆိုသည်၊

(ဎ) **နည်းဥပဒေများ**ဆိုသည်မှာ ဤဥပဒေအရ အစိုးရအဖွဲ့က ပြဋ္ဌာန်းသော နည်းဥပဒေများ ဆိုသည်။

## အခန်း (၂)
## ရည်ရွယ်ချက်

၃။ ဤဥပဒေ ပြဋ္ဌာန်းရသည့် ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ဧရာဝတီတိုင်းဒေသကြီးအတွင်း ပုဂ္ဂလိက ရေယာဉ်လုပ်ငန်းရေယာဉ်များ စနစ်တကျပြေး နိုင်ရေးအတွက် ကြီးကြပ်ဆောင်ရွက်နိုင်ရန်၊

(ခ) ရေယာဉ်လုပ်ငန်းလုပ်ကိုင်သူများ၊ ရေယာဉ်ပိုင်ရှင်များနှင့် ရေယာဉ်လုပ်သားများ၏ ရပိုင်ခွင့်များ၊ အခက်အခဲများကို စည်းမျဉ်းစည်းကမ်းနှင့်အညီ ဆောင်ရွက်နိုင်ရန်

(ဂ) တိုင်းဒေသကြီးအတွင်း နိုင်ငံတော်မှ ရသင့်ရထိုက်သော အခွန်ငွေများ အပြည့်အဝရရှိစေရေ အတွက် ဥပဒေ၊ စည်းမျဉ်း စည်းကမ်းနှင့်အညီ လိုက်နာဆောင်ရွက်မှု ရှိ၊ မရှိ မြေပြင်တွင် လက်တွေ့ ကြီးကြပ်ဆောင်ရွက်ရန်၊

(ဃ) ရေယာဉ်များ ရေယာဉ်စည်းကမ်း၊ ရေကြောင်းဆိုင်ရာစည်းကမ်းနှင့်အညီ လိုက်နာ ဆောင်ရွက်ခြင်း ဖြင့် ရေယာဉ် မတော်တဆမှုလျော့နည်းပပျောက်စေရန်။

## အခန်း (၃)
## ကော်မတီဖွဲ့စည်းခြင်း

၄။ ဝန်ကြီးသည် အစိုးရအဖွဲ့၏ခွင့်ပြုချက်ဖြင့် ဤဥပဒေပါပြဋ္ဌာန်းချက်နှင့်အညီ ကော်မတီကိုရွေးချယ်၍ ဖွဲ့စည်းခြင်း၊ ပြင်ဆင်ခြင်းနှင့် ဖျက်သိမ်းခြင်းတို့ပြုနိုင်သည်။

၅။ ကော်မတီသည် ဝန်ကြီး၏သဘောတူညီချက်ဖြင့် ခရိုင်နှင့်မြို့နယ်အဆင့် ကော်မတီများကို ဖွဲ့စည်း တာဝန် ပေးနိုင်သည်။

၆။ အစိုးရအဖွဲ့သည် ကော်မတီကိုကော်မရှင်၏ကြီးကြပ်မှုဖြင့် ရေယာဉ်ပိုင်ရှင်များက နည်းဥပဒေများ နှင့်အညီ ရွေးချယ်တင်မြှောက်သည့် ကော်မတီဝင် အနည်းဆုံး (၅)ဦးမှ (၉)ဦးအထိ ပါဝင်ဖွဲ့စည်း ရမည်။

၇။ ပုဒ်မ ၆ အရ ရွေးချယ်ခံရသူများက ၎င်းတို့အထဲမှ ကော်မတီ၏ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အခြားရေးမှူးတို့ကို ရွေးချယ်ရမည်။

၈။ ကော်မတီသည် ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေး လုပ်ငန်းကြီးကြပ်ရေးအဖွဲ့မှတစ်ဆင့် အစိုးရအဖွဲ့အားတာဝန်ခံရမည်။

၉။ ကော်မတီ၏သက်တမ်းမှာ ဖွဲ့စည်းအတည်ပြုသည့်နေ့မှစ၍ (၃) နှစ်ဖြစ်သည်။ ကော်မတီအဟောင်း သည် ကော်မတီအသစ်ရွေးချယ်ပြီးသည့်အခါတွင် ကော်မတီအသစ်ထံသို့ တာဝန်နှင့်လုပ်ငန်းအရပ်ရပ်၊ ခံစားပိုင်ခွင့်အရပ်ရပ်ကို (၁၅)ရက်အတွင်း စနစ်တကျ လွှဲပြောင်းပေးရမည်။

၁၀။ ကော်မတီဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်တစ်ဦးဦး ရာထူးမှနုတ်ထွက်ခြင်းကြောင့်ဖြစ်စေ၊ တာဝန်မှ ရပ်စဲခံရခြင်းကြောင့်ဖြစ်စေ၊ ကွယ်လွန်ခြင်းကြောင့်ဖြစ်စေ လစ်လပ်လျှင် အစိုးရအဖွဲ့သည် ကော်မရှင်၏ ကြီးကြပ်မှုဖြင့် လစ်လပ်သွားသည့်နေရာ၌ အသစ်ခန့်ထားနိုင်သည်။ အသစ်ခန့်ထားသည့် သက်တမ်းသည် ကျန်ရှိသည့်ရာထူးသက်တမ်းအတွက်သာ ဖြစ်စေရမည်။

၁၁။ ကော်မတီဝင် (၁)ဦး ၏သက်တမ်းသည် တစ်ဆက်တည်း ကော်မတီ၏သက်တမ်း (၂)ကြိမ်ထက် မပိုစေရ။

## အခန်း (၄)
## ကော်မတီ၏ လုပ်ငန်းတာဝန်များ

၁၂။ ကော်မတီသည် အောက်ပါလုပ်ငန်းတာဝန်များကို အကောင်အထည် ဖော်ဆောင်ရွက်ရမည် -

(က) ခရီးသည်များကိုဖြစ်စေ၊ ကုန်စည်များကိုဖြစ်စေ သယ်ယူပို့ဆောင်သည့် ရေယာဉ်များ စနစ်တကျပြေးဆွဲနိုင်ရေးအတွက် စီမံကြီးကြပ်ဆောင်ရွက်ခြင်းနှင့် ရေယာဉ်ပိုင်ရှင်များ၏ လုပ်ငန်းဆိုင်ရာလိုအပ်ချက်များကိုလည်းကူညီဆောင်ရွက်ပေးခြင်း၊

(ခ) ခရီးသည်နှင့်ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းများ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရေး အတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်

ရေးလုပ်ငန်းကြီးကြပ်ရေးအဖွဲ့တို့မှ ဥပဒေအရခွင့်ပြုပေးထားသော ရေယာဉ်အသင်းအဖွဲ့များတွင် ဝင်ရောက်ပြေး ဆွဲလျက်ရှိသည့် ရေယာဉ်များကို အသင်းဝင်ရေယာဉ်အဖြစ် လက်ခံ၍ လိုအပ်သလို ကြီးကြပ်ဆောင်ရွက်ခွင့်ရှိခြင်း၊

(ဂ) ရေယာဉ်လိုင်းများနှင့် ဆိပ်ကမ်းနေရာများ အသစ်တိုးချဲ့ခြင်း၊ ပြောင်းရွှေ့ခြင်းနှင့် ဖျက်သိမ်းခြင်းတို့ကို ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေး လုပ်ငန်းကြီးကြပ်ရေးအဖွဲ့မှတစ်ဆင့် အစိုးရအဖွဲ့သို့ တင်ပြ၍ ခွင့်ပြုချက်ရယူကာ ဆောင်ရွက်ခြင်း၊

(ဃ) ရေယာဉ်ပိုင်ရှင်များ၊ ရေယာဉ်လုပ်သားများနှင့် တစ်လလျှင် အနည်းဆုံးတစ်ကြိမ် တွေ့ဆုံဆွေးနွေးခြင်း၊

(င) မိမိလက်အောက်ရှိ ဝန်ထမ်းများကို ကြီးကြပ်ခြင်း၊

(စ) သတ်မှတ်ထားသည့် ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများနှင့်အညီဆောင်ရွက်ခြင်း၊

(ဆ) ကော်မတီအစည်းအဝေးကို တစ်လလျှင် အနည်းဆုံး (၁)ကြိမ်နှင့် နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးကို တစ်နှစ်လျှင် (၁)ကြိမ်ကျင်းပခြင်း၊ အစည်းအဝေးဆုံးဖြတ်ချက်မှတ်တမ်း မိတ္တူများကို ဝန်ကြီးထံပေးပို့ခြင်း၊

(ဇ) အစိုးရအဖွဲ့က အခါအားလျော်စွာ သတ်မှတ်ပေးသည့် လုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

## အခန်း (၅)
## ကော်မတီ၏ လုပ်ပိုင်ခွင့်များ

၁၃။ ကော်မတီ၏ လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ကော်မတီရုံး၊ လက်အောက်ဌာနခွဲများ၊ ခရိုင်နှင့်မြို့နယ်ကော်မတီများကို ကြီးကြပ်ခြင်း၊

(ခ) ရေယာဉ်ပိုင်ရှင်များ၊ ရေယာဉ်လုပ်သားများနှင့် ဝန်ထမ်းများအား ညှိနှိုင်းပေးခြင်း၊

(ဂ) လိုအပ်ပါက တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများ၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဃ) ကော်မတီ၏ စီမံခန့်ခွဲမှုအောက်ရှိ ဌာနခွဲများ၊ ရေယာဉ်လိုင်းများနှင့် ရေယာဉ်ဆိပ်ကမ်းများ လိုက်နာရန် စည်းကမ်းသတ်မှတ်ပေးခြင်း၊

(င) ဝန်ထမ်းများ ခန့်ထားခြင်း၊ လစာတိုးမြှင့်ခြင်း၊ ရာထူးတိုးမြှင့်ခြင်း၊ အရေးယူအပြစ်ပေးခြင်း၊ ထုတ်ပယ်ခြင်းစသည့် ဝန်ထမ်းရေးရာကိစ္စ များအပေါ် စီမံခန့်ခွဲခြင်း၊

(စ) အစိုးရအဖွဲ့က အခါအားလျော်စွာ အပ်နှင်းသည့် လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်ခြင်း။

## အခန်း (၆)
## ဘဏ္ဍာရေး

၁၃။ ကော်မတီသည် -

(က) နည်းဥပဒေများနှင့်အညီ ရှာဖွေရရှိသော မိမိရန်ပုံငွေဖြင့်သာ ရပ်တည်ရမည်၊

(ခ) မိမိ၏ရန်ပုံငွေကို သီးခြား ဘဏ်စာရင်းဖွင့်လှစ်ထားရှိ၍ ကော်မတီ၏လုပ်ငန်းများတွင် အစည်းအဝေးဆုံးဖြတ်ချက်ဖြင့် လုပ်ထုံးလုပ်နည်းများ၊ စည်းမျဉ်းစည်းကမ်းများနှင့် အညီ သုံးစွဲရမည်၊

(ဂ) ကော်မတီသည် ရေယာဉ်လုပ်ငန်းလုပ်ကိုင်သူများ၊ ရေယာဉ်ပိုင်ရှင်များ၊ ရေယာဉ်လုပ်သားများနှင့် ကော်မတီရုံးဝန်ထမ်းများ၏ သက်သာချောင်ချိရေးလုပ်ငန်းများတွင် နည်းဥပဒေနှင့်အညီ ငွေကြေးသုံးစွဲနိုင်သည်၊

(ဃ) ရရှိသောနိုင်ငံခြားငွေကို သီးခြားဘဏ်စာရင်းဖွင့်လှစ်ထားရှိ၍ အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် လုပ်ထုံးလုပ်နည်းများ၊ စည်းမျဉ်းစည်းကမ်းများ နှင့်အညီ သုံးစွဲနိုင်သည်၊

(င) မိမိ၏ရန်ပုံငွေရရှိစေရန် နိုင်ငံတော်၏ တည်ဆဲဥပဒေများ ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်း များနှင့်အညီ စီမံခန့်ခွဲနိုင်သည်။

၁၄။ ကော်မတီသည် -

(က) နှစ်စဉ်ရသုံးမှန်းခြေငွေစာရင်းကို ရေးဆွဲပြီး အစိုးရအဖွဲ့ ထံတင်ပြ၍ အတည်ပြုချက်ရယူရမည်၊

(ခ) မိမိ၏ ဘဏ္ဍာရေးအခြေအနေနှင့် စာရင်းစစ်ဆေးတွေ့ရှိချက်တို့ကိုဘဏ္ဍာရေးနှစ်ကုန်ဆုံးပြီး ရက်ပေါင်း (၃၀) အတွင်း အစိုးရအဖွဲ့ထံ တင်ပြရမည်၊

(ဂ) လစဉ်ကောက်ခံရရှိသော ရန်ပုံငွေများ၊ အခြားရန်ပုံငွေများနှင့် အသုံးစာရင်းများအတွက် လချုပ်ငွေစာရင်းနှင့် နှစ်ချုပ်ငွေစာရင်းများကို အစစ်ဆေးခံနိုင်ရန် ပြုစုထားရှိရမည့်အပြင် ဘဏ္ဍာရေးနှစ် ကုန်ဆုံးသည့်အခါတိုင်း နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေးတွင် တင်ပြရမည်။

## အခန်း (၇)
## ဝန်ထမ်းဖွဲ့စည်းပုံ

၁၅။ ကော်မတီသည် -

(က) လုပ်ငန်းတာဝန်များကို အခြေခံလျက် လိုအပ်သော ဝန်ထမ်းဖွဲ့စည်းပုံကို ဝန်ကြီး၏အတည် ပြုချက်ဖြင့် ရေးဆွဲထားရှိရမည်၊

(ခ) တည်ဆဲစည်းမျဉ်းစည်းကမ်းများနှင့်အညီ ဝန်ထမ်းဖွဲ့စည်းပုံအတွင်း ဝန်ထမ်းများကို ခန့်ထား ရမည်၊

၁၇။ ကော်မတီသည် ဝန်ထမ်းများခန့်ထားခြင်းအတွက် ရန်ပုံငွေမှကျခံသုံးစွဲရာတွင် နှစ်စဉ်ရရှိသော ဝင်ငွေ၏ (၃၀)ရာခိုင်နှုန်းထက် ကျော်လွန်သုံးစွဲခြင်းမပြုရ၊

၁၈။ ကော်မတီသည် ဝန်ထမ်းများကို ကြီးကြပ်ကွပ်ကဲနိုင်ရန် အလို့ငှာ ဝန်ထမ်းရေးရာလုပ်ပိုင်ခွင့်များကို ရုံးအကြီးအကဲအား လိုအပ်သလို လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

## အခန်း(၈)
## ရန်ပုံငွေထိန်းသိမ်းခြင်းနှင့် စာရင်းစစ်ဆေးခြင်း

၁၉။ ကော်မတီသည် စာရင်းများကို နည်းလမ်းတကျ ထိန်းသိမ်းထားရှိနိုင်ရန်နှင့် စစ်ဆေးခြင်းပြုရန် အလို့ငှာ ငွေစာရင်းလုပ်ထုံးလုပ်နည်းများကို တိုင်းဒေသကြီးစာရင်းစစ်ချုပ်နှင့် ညှိနှိုင်းသတ်မှတ်ရမည်။

၂၀။ ကော်မတီဥက္ကဋ္ဌသည် -

(က) ကော်မတီက သတ်မှတ်ထားသည့် ငွေစာရင်း လုပ်ထုံးလုပ်နည်းများနှင့်အညီ စာရင်းပြုစု ထိန်းသိမ်းထားရှိရမည်၊

(ခ) ပုဒ်မခွဲ (က)အရ ပြုစုထိန်းသိမ်းထားရှိသည့် စာရင်းများကို ဝန်ကြီးက တာဝန်ပေးအပ်သော သူ၏ စစ်ဆေးခြင်းကို ခံယူရမည်။

## အခန်း(၉)
## စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း

၂၁။ ဤဥပဒေအရထုတ်ပြန်သော အမိန့်၊ ညွှန်ကြားချက်နှင့် စည်းမျဉ်းစည်းကမ်း တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်း သို့မဟုတ် လိုက်နာရန် ပျက်ကွက်ကြောင်း တွေ့ရှိပါက ကော်မတီသည် အောက်ပါ စီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည် -

(က) သတိပေးခြင်း၊

(ခ) သတ်မှတ်ထားသည့် ဒဏ်ကြေးငွေ ပေးဆောင်စေခြင်း၊

၂၂။ ပုဒ်မ ၂၁ အရ စီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ရပ် ချမှတ်ခြင်းခံရသူသည် အဆိုပါအမိန့်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်လျှင် ထိုသူကို ဆက်လက်၍ ပျက်ကွက်သည့်နေ့ အသီးသီးအတွက် တစ်ရက်လျှင် အနည်းဆုံးငွေဒဏ် ကျပ်တစ်သောင်းမှ အများဆုံးငွေဒဏ် ကျပ်သုံးသောင်းအထိ ပေးဆောင်စေရမည်။

၂၃။ အစိုးရအဖွဲ့သည် ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းကြီးကြပ်ရေးအဖွဲ့၏ စိစစ်တင်ပြချက်ဖြင့် လုပ်ငန်းလိုင်စင်၊ ရေယာဉ်လိုင်းပြေးဆွဲခွင့်ကို ကာလအကန့်အသတ်ဖြင့်ရပ်ဆိုင်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်။

## အခန်း(၁၀)
## ပြစ်မှုနှင့် ပြစ်ဒဏ်များ

၂၄။ မည်သူမဆို ကော်မတီ၏ စီမံခန့်ခွဲမှုအောက်ရှိ ရေယာဉ်လိုင်းတစ်ခုခုတွင် မှတ်ပုံတင်ရမည်။ မှတ်ပုံတင်ခြင်းမရှိဘဲ ရေယာဉ်ပြေးဆွဲခြင်းပြုလျှင် (၆)လအထိ ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ ချမှတ်ခြင်းခံရမည်။

၂၅။ မည်သူမဆို ကော်မတီဝင် သို့မဟုတ် ကော်မတီဝန်ထမ်းတစ်ဦးဦးက ကော်မတီ သို့မဟုတ် ကော်မတီဝန်ထမ်းအဖြစ်ဖြင့် တာဝန်ဝတ္တရားဆောင်ရွက်နေစဉ် သို့မဟုတ် တာဝန်ဝတ္တရားဆောင်ရွက်ရန် အားထုတ်နေစဉ် ထိုကော်မတီဝင် သို့မဟုတ် ကော်မတီဝန်ထမ်းကို ဟန့်တားနှောင့်ယှက်မှု၊ လက်ရောက်မှု သို့မဟုတ် အနိုင်အထက်ပြုမှု ကျူးလွန်လျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ် ဖြစ်စေ၊ ကျပ်တစ်သိန်းထက် မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၂၆။ မည်သူမဆို ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်၊ ညွှန်ကြားချက်နှင့် စည်းမျဉ်းစည်းကမ်း တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း သို့မဟုတ် လိုက်နာရန် ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထက်မပို သော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၂၇။ ပုဒ်မ ၂၂ ပါ ပြဋ္ဌာန်းချက်အရ ဒဏ်ကြေးငွေပေးဆောင်ရန် ဆက်လက် ပျက်ကွက်သည့်ရက်မှာ (၁၀)ရက်အထိ ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို (၆)လထက် မပိုသော ထောင်ဒဏ်ချမှတ်ရမည်။

## အခန်း(၁၁)
## အထွေထွေ

၂၈။ ကော်မတီသည် ကိုယ်ပိုင်အမည်၊ တံဆိပ်ဖြင့် ဆောင်ရွက်ပိုင်ခွင့်၊ စဉ်ဆက်မပြတ်ဆောင်ရွက်ပိုင်ခွင့်၊ ဥပဒေနှင့်အညီ ဆက်ခံခွင့်၊ တရားစွဲဆိုနိုင်ခွင့်နှင့် တရားစွဲဆိုခံပိုင်ခွင့် ရှိစေရမည်။

၂၉။ ဤဥပဒေ အခန်း (၁၀)ပါ ပြစ်မှုများကို မြန်မာနိုင်ငံရဲတပ်ဖွဲ့က အရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများ အဖြစ် သတ်မှတ်သည်။

၃၀။ ရေယာဉ်အသင်းသည် ဤဥပဒေအရ ဖွဲ့စည်းထားသော ကော်မတီထံ လုပ်ငန်းနှင့် ပိုင်ဆိုင်ခွင့်အရပ်ရပ်ကို အစိုးရအဖွဲ့ကတာဝန်ပေးခံရသော အဖွဲ့အစည်းတစ်ခု၏ ကြီးကြပ်မှုဖြင့် လွှဲပြောင်းစေရမည်။

၃၁။ ဤဥပဒေပြဋ္ဌာန်းချက်တစ်ရပ်ရပ်သည် ၁၉၆၃ ခုနှစ်၊ ကုန်းလမ်းနှင့် ပြည်တွင်းရေကြောင်းသယ်ယူ ပို့ဆောင်ရေးလုပ်ငန်းများဥပဒေ၊ ၁၉၆၄ ခုနှစ်၊ ကုန်းလမ်းနှင့်ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေး လုပ်ငန်းများဆိုင်ရာ နည်းဥပဒေများ၊ ၁၉၆၅ ခုနှစ်၊ ကုန်းလမ်းနှင့် ပြည်တွင်းရေကြောင်း သယ်ယူ ပို့ဆောင်ရေးလုပ်ငန်းများဆိုင်ရာ စည်းကမ်းဥပဒေများ၊ ၂၀၀၈ ခုနှစ်၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၉၈ တို့နှင့် မဆန့်ကျင်သမျှ အတည်ဖြစ်သည်။

၃၂။ ကော်မတီသည် မိမိ၏လုပ်ငန်းတာဝန်နှင့်လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်ရာတွင် လိုအပ်ပါ
မိမိလက်အောက်ရှိ ဌာနခွဲတစ်ခုခုကိုဖြစ်စေ ပုဂ္ဂိုလ်တစ်ဦးဦးကိုဖြစ်စေ လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

၃၃။ ကော်မတီတွင်ပါဝင်သည့် နိုင်ငံ့ဝန်ထမ်းမဟုတ်သော ကော်မတီဝင်များသည် အစိုးရအဖွဲ့
သတ်မှတ်သည့် ချီးမြှင့်ငွေကို ခံစားခွင့်ရှိသည်။

၃၄။ ပုဒ်မ ၂၅၊ ၂၆ နှင့် ၂၇ တို့အရ တရားစွဲဆိုရာတွင် ဝန်ကြီး၏ ကြိုတင်ခွင့်ပြုချက်ရယူရမည်။

၃၅။ ကော်မတီကချမှတ်သည့် စီမံခန့်ခွဲရေးဆိုင်ရာအမိန့်ကို မကျေနပ်ပါက ယင်းအမိန့် ချမှတ်သည့်နေ့
ရက်ပေါင်း (၃၀) အတွင်း ပြည်တွင်းရေကြောင်းသယ်ယူ ပို့ဆောင်ရေးလုပ်ငန်းကြီးကြပ်ရေးအဖွဲ့သ
အယူခံဝင်နိုင် သည်။

၃၆။ စီမံခန့်ခွဲရေးဆိုင်ရာအမိန့်အပေါ် အယူခံမှုနှင့်စပ်လျဉ်း၍ -

(က) အယူခံကာလအတွင်း သက်ဆိုင်သူအား တရားစွဲဆိုခြင်းမပြုရ၊

(ခ) ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေး လုပ်ငန်းကြီးကြပ်ရေးအဖွဲ့၏ ဆုံးဖြတ်ချက်သည
အပြီးအပြတ်ဖြစ်စေရမည်။

၃၇။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက် ရာတွင် -

(က) ဝန်ကြီးသည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် လိုအပ်သော နည်းဥပဒေများနှင့် လုပ်ထုံ
လုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးသည် လိုအပ်သော ညွှန်ကြားချက်များ၊ အမိန့်ကြော်ငြာစာများနှင့် စည်းကမ်းချက်မျာ
ကို ထုတ်ပြန်နိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုး
သည်။

(ပုံ) သိန်းအောင်

ဝန်ကြီးချုပ်

ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပထမအကြိမ်ဧရာဝတီတိုင်းဒေသကြီးလွှတ်တော်

# ဧရာဝတီတိုင်းဒေသကြီး
# စည်ပင်သာယာရေးအဖွဲ့များဥပဒေကို
# ပြင်ဆင်သည့်ဥပဒေ

**၂၀၁၃ခုနှစ်**

# ဧရာဝတီတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့များ ဥပဒေကို ပြင်ဆင်သည့်ဥပဒေ

ဧရာဝတီတိုင်းဒေသကြီးလွှတ်တော်ဥပဒေအမှတ် - ၆ /၂၀၁၃
(၁၃၇၅ ခုနှစ်၊ ကဆုန်လဆန်း ၇ ရက်)
(၂၀၁၃ ခုနှစ်၊ မေ လ ၁၆ ရက်)

ဧရာဝတီတိုင်းဒေသကြီးလွှတ်တော်သည် ဤဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **ဧရာဝတီတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့များဥပဒေကို ပြင်ဆင်သည့် ဥပဒေ** ဟုခေါ်တွင်စေရမည်။

၂။ ဧရာဝတီတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့များ ဥပဒေပုဒ်မ ၅တွင် ပါရှိသော "သင့်လျော်သောနိုင်ငံသားများ" ဆိုသည့်စကားရပ်၏နောက်တွင် "နှင့် နိုင်ငံ့ဝန်ထမ်းများ" ဆိုသည့်စကားရပ်ကို ဖြည့်စွက်ရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုး သည်။

(ပုံ) သိန်းအောင်

ဝန်ကြီးချုပ်

ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပထမအကြိမ်ရောဝတီတိုင်းဒေသကြီးလွှတ်တော်

# ရောဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ ဂုဏ်ထူးဆောင်လက်မှတ်များနှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်းများ ချီးမြှင့်အပ်နှင်းခြင်းဆိုင်ရာဥပဒေ

၂၀၁၃ခုနှစ်

# ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ ဂုဏ်ထူးဆောင်လက်မှတ်များနှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်းများ ချီးမြှင့်အပ်နှင်းခြင်းဆိုင်ရာဥပဒေ

(ဧရာဝတီတိုင်းဒေသကြီးလွှတ်တော် ဥပဒေအမှတ် ၇ / ၂၀၁၃)
(၁၃၇၅ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၁ ရက်)
(၂၀၁၃ ခုနှစ်၊ စက်တင်ဘာ လ ၃၀ ရက်)

၂၀၀၈ခုနှစ်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၈၈ အရ အပ်နှင်းထားသောလုပ်ပိုင်ခွင့်ကို ကျင့်သုံးလျက် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ ဂုဏ်ထူးဆောင်လက်မှတ်များနှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်းများ ချီးမြှင့်အပ်နှင်းခြင်းဆိုင်ရာဥပဒေကို ဧရာဝတီတိုင်းဒေသကြီးလွှတ်တော်က ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)
## အမည်နှင့် အဓိပ္ပါယ်ဖော်ပြချက်

၁။ ဤဥပဒေကို ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ ဂုဏ်ထူးဆောင်လက်မှတ်များနှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်းများ ချီးမြှင့်အပ်နှင်းခြင်းဆိုင်ရာဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပါယ်သက်ရောက်စေရမည်-

(က) **တိုင်းဒေသကြီး**ဆိုသည်မှာ ဧရာဝတီတိုင်းဒေသကြီးကို ဆိုသည်၊

(ခ) **အစိုးရအဖွဲ့**ဆိုသည်မှာ ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ကို ဆိုသည်၊

(ဂ) **ဝန်ကြီးဌာန**ဆိုသည်မှာ ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့က ဖွဲ့စည်းထားသည့် ဝန်ကြီးဌာနများကို ဆိုသည်၊

(ဃ) **ဂုဏ်ထူးဆောင်လက်မှတ်**ဆိုသည်မှာ ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့က ချီးမြှင့်အပ်နှင်းသည့် ဂုဏ်ထူးဆောင်လက်မှတ်ကို ဆိုသည်၊

(င) **ဂုဏ်ထူးဆောင်ဆုပစ္စည်း**ဆိုသည်မှာ ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့က ချီးမြှင့်အပ်နှင်းသည့် ဂုဏ်ထူးဆောင်ဆုပစ္စည်းကို ဆိုသည်။

## အခန်း (၂)

## ဂုဏ်ထူးဆောင်လက်မှတ်များနှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်းများ သတ်မှတ်ချက်များ

၃။ အစိုးရအဖွဲ့က ဂုဏ်ထူးဆောင်လက်မှတ်များနှင့် ဂုဏ်ထူးဆောင် ဆုပစ္စည်းများ ချီးမြှင့်အပ်နှင်းရန်အတွက် အောက်ပါအတိုင်း အမျိုးအစားများကို ခွဲခြားရန်ဖြစ်ပါသည်-

(က) **စီမံခန့်ခွဲရေးဆိုင်ရာထူးချွန်ဆု။**

(၁) အမျိုးသားရေးမူဝါဒဖြစ်သော ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်ရာ၌ တိုင်းဒေသကြီးအတွင်း သက်စွန့်ကြိုးပမ်း ဆောင်ရွက်ချက်များ ဆိုင်ရာဆုများ၊

(၂) တိုင်းဒေသကြီးအတွင်း ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတို့အတွက် အုပ်ချုပ်ရေး၊ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးပိုင်းဆိုင်ရာ ထူးချွန်ပြောင်မြောက်စွာအားထုတ်ကြိုးပမ်း ဆောင်ရွက်ချက်များ ဆိုင်ရာဆုများ၊

(၃) တိုင်းဒေသကြီးအတွင်း ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေးအတွက် နိုင်ငံခြားတိုင်းပြည်များမှ ပုဂ္ဂိုလ်များ၊ သံတမန်များ၊ အဖွဲ့အစည်းများမှ ပူးပေါင်းကြိုးပမ်း ဆောင်ရွက်ချက်များ ဆိုင်ရာဆုများ။

(ခ) **စီးပွားရေးဆိုင်ရာထူးချွန်ဆု။** တိုင်းဒေသကြီးအတွင်း စီးပွားရေးဦးတည်ချက်များနှင့်အညီ ထူးချွန်စွာအားထုတ်ကြိုးပမ်းဆောင်ရွက်ချက်များဆိုင်ရာဆုများ၊

(ဂ) **စိုက်ပျိုးရေးဆိုင်ရာထူးချွန်ဆု။** တိုင်းဒေသကြီးအတွင်း စိုက်ပျိုးရေးဆိုင်ရာလုပ်ငန်းများတွင် ထူးချွန်စွာ စွမ်းစွမ်းတမံ ဆောင်ရွက်ချက်များဆိုင်ရာဆုများ၊

(ဃ) **မွေးမြူရေးဆိုင်ရာထူးချွန်ဆု။** တိုင်းဒေသကြီးအတွင်း မွေးမြူရေးလုပ်ငန်းများတွင် ထူးချွန်စွာ စွမ်းစွမ်းတမံ ဆောင်ရွက်ချက်များဆိုင်ရာဆုများ၊

(င) **သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာထူးချွန်ဆု။** တိုင်းဒေသကြီးအတွင်း သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများတွင် ထူးချွန်စွာ စွမ်းစွမ်းတမံ ဆောင်ရွက်ချက်များဆိုင်ရာဆုများ၊

(စ) **ပညာရေးဆိုင်ရာထူးချွန်ဆု။** တိုင်းဒေသကြီးအတွင်း ပညာရေးလုပ်ငန်းများတွင် ထူးချွန်စွာ စွမ်းစွမ်းတမံ ဆောင်ရွက်ချက်များဆိုင်ရာဆုများ၊

(ဆ) **သုတေသနဆိုင်ရာရာထူးချွန်ဆု။** တိုင်းဒေသကြီးအတွင်း သုတေသနလုပ်ငန်းများတွင် ထူးချွန်စွာ စွမ်းစွမ်းတမံ ဆောင်ရွက်ချက်များဆိုင်ရာဆုများ၊

(ဇ) **ကျန်းမာရေးဆိုင်ရာထူးချွန်ဆု။** တိုင်းဒေသကြီးအတွင်း ကျန်းမာရေးလုပ်ငန်းများတွင် ထူးချွန်စွာ စွမ်းစွမ်းတမံ ဆောင်ရွက်ချက်များဆိုင်ရာဆုများ၊

(ဈ) **လူမှုရေးဆိုင်ရာထူးချွန်ဆု။**

(၁) တိုင်းဒေသကြီးအတွင်း လူမှုရေး၊ အားကစား၊ စာပေ၊ ဂီတ၊ ယဉ်ကျေးမှု၊ အနုသုခုမပညာ လက်မှုပညာရပ်လုပ်ငန်းများတွင် ထူးချွန်စွာ စွမ်းစွမ်းတမံ ဆောင်ရွက်ချက်များဆိုင်ရာ ဆုများ၊

(၂) သဘာဝဘေးအန္တရာယ်ကျရောက်စဉ် ပြည်သူများ၏ အသက်အိုးအိမ် စည်းစိမ်များကို သက်စွန့်ကြိုးပမ်း အားထုတ်ဆောင်ရွက်ချက်များ ဆိုင်ရာဆုများ၊

(ည) **ဘာသာ၊ သာသနာဆိုင်ရာထူးချွန်ဆု။**

(၁) လူမျိုး၊ ဘာသာ၊ သာသနာအကျိုးအတွက် ထူးချွန်စွာ အားထုတ်ကြိုးပမ်း ဆောင်ရွက်ချက်များ ဆိုင်ရာ ဆုများ၊

(၂) တိုင်းဒေသကြီးအတွင်း ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေးအတွက် သဒ္ဓါတရားထက်သန်စွာဖြင့် ပံ့ပိုးကူညီ လှူဒါန်းကြိုးပမ်းဆောင်ရွက်ချက်များ ဆိုင်ရာဆုများ။

## အခန်း (၃)

## ဂုဏ်ထူးဆောင်လက်မှတ်များနှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်းများ ချီးမြှင့်အပ်နှင်းခြင်းခံထိုက်သည့်ပုဂ္ဂိုလ်များစိစစ်ရေးကော်မတီ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များသတ်မှတ်ခြင်း

၃။ ဂုဏ်ထူးဆောင်လက်မှတ်များနှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်းများ ချီးမြှင့်အပ်နှင်းရေးနှင့်ပတ်သက်၍ စိစစ်ရေးကော်မတီကို အောက်ပါအတိုင်း ဖွဲ့စည်းဆောင်ရွက်ရမည် -

| | | |
|---|---|---|
| (က) | လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ | ဥက္ကဋ္ဌ |
| (ခ) | စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဌာန၊ ဝန်ကြီး | အဖွဲ့ဝင် |
| (ဂ) | သစ်တောနှင့်သတ္တုဝန်ကြီးဌာန၊ ဝန်ကြီး | အဖွဲ့ဝင် |
| (ဃ) | လျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီးဌာန၊ ဝန်ကြီး | အဖွဲ့ဝင် |
| (င) | လူမှုရေးဝန်ကြီးဌာန၊ ဝန်ကြီး | အဖွဲ့ဝင် |
| (စ) | ဥပဒေချုပ်၊ တိုင်းဒေသကြီးဥပဒေချုပ်ရုံး | အဖွဲ့ဝင် |
| (ဆ) | စာရင်းစစ်ချုပ်၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်ရုံး | အဖွဲ့ဝင် |
| (ဇ) | တိုင်းဦးစီးဗိုလ်မှူးကြီး၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် | အဖွဲ့ဝင် |
| (ဈ) | တိုင်းဒေသကြီးတရားဦးစီးမှူး၊ တိုင်းဒေသကြီးတရားလွှတ်တော် | အဖွဲ့ဝင် |
| (ည) | အတွင်းရေးမှူး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ | အတွင်းရေးမှူး |

၅။ ဂုဏ်ထူးဆောင်လက်မှတ်များနှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်းများ ချီးမြှင့်အပ်နှင်းခြင်းခံထိုက်သည့် ပုဂ္ဂိုလ်မျာ
စိစစ်ရေးကော်မတီသည် အောက်ပါ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည် -

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရအဖွဲ့က ချီးမြှင့်အပ်နှင်းသော ဂုဏ်ထူးဆောင်ဘွဲ့မျာ ဂုဏ်ထူးဆောင်တံဆိပ်များဆိုင်ရာ ပြဋ္ဌာန်းချက်နှင့် ငြိစွန်းမှုမရှိစေဘဲ တိုင်းဒေသကြီးအဆင့် အတွင်းမှ ချီးမြှင့်အပ်နှင်းထိုက်သော ပုဂ္ဂိုလ်များသာ ဖြစ်စေရန်၊

(ခ) တိုင်းဒေသကြီးဝန်ကြီးဌာန၊ တိုင်းဒေသကြီးတရားလွှတ်တော်၊ တိုင်းဒေသကြီးဥပဒေချုပ်ရုံး တိုင်းဒေသကြီးစာရင်းစစ်ချုပ်ရုံး၊ တပ်မတော်သားများနှင့် ယင်းတို့နှင့်မသက်ဆိုင်သော အခြား ပုဂ္ဂိုလ်များအတွက် အခန်း ( ၅ )ပါ ထောက်ခံတင်ပြရန် နည်းလမ်းများအတိုင်း စိစစ်ထောက်ခံ တင်ပြမှုအပေါ် စိစစ်ရေးကော်မတီမှ စိစစ်ပြီး ချီးမြှင့်အပ်နှင်းခံထိုက်သည့်ပုဂ္ဂိုလ်များအား အစိုး အဖွဲ့သို့ သတ်မှတ်ချိန်အတွင်း ထောက်ခံတင်ပြရန်၊

(ဂ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရအဖွဲ့က ဂုဏ်ထူးဆောင်ဘွဲ့များနှင့် ဂုဏ်ထူးဆော တံဆိပ်များ ချီးမြှင့်အပ်နှင်းခြင်းခံရသည့်ပုဂ္ဂိုလ်များအား အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် လိုအပ်သလို ထပ်မံချီးမြှင့်အပ်နှင်းနိုင်ရေးအတွက် ထောက်ခံတင်ပြရန်။

## အခန်း(၄)

## ဂုဏ်ထူးဆောင်လက်မှတ်များနှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်းများ ချီးမြှင့်အပ်နှင်းခြင်း

၆။ ဂုဏ်ထူးဆောင်လက်မှတ်များနှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်းများ ချီးမြှင့်အပ်နှင်းခြင်းကို အောက်ဖော်ပြပ
အရည်အချင်း သတ်မှတ်ချက်နှင့်ပြည့်စုံသော ပုဂ္ဂိုလ်များကို ချီးမြှင့်နိုင်သည်-

(က) အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကို တည်ဆောက်ရာတွင် စွမ်းစွမ်းတ ဆောင်ရွက်ကြသည့်ပုဂ္ဂိုလ်များ၊

(ခ) ဧရာဝတီတိုင်းဒေသကြီးခေတ်မီဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ နှင့် ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းကြိုးပမ်းဆောင်ရွက်ကြသည့်နိုင်ငံခြားတိုင်းပြည်များမှ သံတမန်မျာ ပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများ၊

(ဂ) အမျိုးသားရေးမူဝါဒဖြစ်သော ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေး ( ၃ ) ပါးကို ကာကွယ်စောင့်ရှောက်ရာ၌ သက်စွန့်ကြိုးပမ်း ဆောင်ရွက်ကြသည့်ပုဂ္ဂိုလ်များ၊

(ယ) ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ဖြစ်ပေါ်လာစေရေးအတွက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဦးတည်ချက်များနှင့်အညီ ထူးခြားစွာ အားထုတ်ကြိုးပမ်းဆောင်ရွက်ကြသည့်ပုဂ္ဂိုလ်များ၊

(ရ) သိပ္ပံပညာ၊ ဝိဇ္ဇာပညာ သို့မဟုတ် အခြားပညာရပ်တစ်ခုခုတွင် ထူးချွန်အောင်မြင်စွာ တီထွင်ဖန်တီးစွမ်းဆောင်နိုင်သော်ပုဂ္ဂိုလ်များ၊

(လ) စာပေနှင့်အနုသုခုမပညာရပ်များတွင် ထူးခြားကောင်းမွန်စွာ တတ်မြောက်ပြီး တိုင်းဒေသကြီး၏ ဂုဏ်ကိုဆောင်သည့်ပုဂ္ဂိုလ်များ၊

(ဝ) ဘာသာ၊ သာသနာအကျိုးအတွက် ထူးခြားစွာ အားထုတ်ကြိုးပမ်းဆောင်ရွက်ကြသည့်ပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများ၊

(သ) ပြည်သူတို့၏အသက်၊ အိုးအိမ်၊ စည်းစိမ်ကို ထူးခြားစွာ ကာကွယ်စောင့်ရှောက်ကြသည့်ပုဂ္ဂိုလ်များ၊

(ဟ) ပညာရေး၊ အားကစားနှင့် ကာယပညာတွင် ထူးချွန်သူများနှင့် ထိုသို့ထူးချွန်သူများထွက်ပေါ်အောင် ထူးခြားစွာ အားထုတ်ကြိုးပမ်းဆောင်ရွက်ကြသည့်ပုဂ္ဂိုလ်များ။

## အခန်း (၅)
## ထောက်ခံတင်ပြမှုဆိုင်ရာနည်းလမ်းများ

၇။ ဝန်ကြီးဌာနလက်အောက်ရှိ ဌာနဆိုင်ရာဝန်ထမ်းများအတွက် ထောက်ခံတင်ပြရန်ကိစ္စပေါ်ပေါက်ပါက နောက်ဆက်တွဲပုံစံ (၁) တွင် လိုအပ်သလိုဖြည့်စွက်လျက် အောက်ပါအတိုင်း ဆောင်ရွက်ရန်ဖြစ်သည်-

(က) သက်ဆိုင်ရာအဆင့်ရှိ ကနဦးကြီးကြပ်သူအရာရှိက ကျိုးကြောင်းပြည့်စုံစွာဖော်ပြလျက် အထက်အဆင့်ဆင့် ကြီးကြပ်သူအရာရှိများမှတဆင့် သက်ဆိုင်ရာဝန်ကြီးထံထောက်ခံတင်ပြရန်၊

(ခ) သက်ဆိုင်ရာဝန်ကြီးက စိစစ်ရေးကော်မတီမှတဆင့် တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ ထောက်ခံတင်ပြရန်။

၈။ တိုင်းဒေသကြီးတရားလွှတ်တော်လက်အောက်ရှိ ဌာနဆိုင်ရာဝန်ထမ်းများအတွက် ထောက်ခံ တင်ပြရန်ကိစ္စပေါ်ပေါက်ပါက နောက်ဆက်တွဲပုံစံ (၂) တွင် လိုအပ်သလိုဖြည့်စွက်လျက် အောက်ပါအတိုင်း ဆောင်ရွက်ရန်ဖြစ်သည်-

(က) သက်ဆိုင်ရာအဆင့်ရှိ ကနဦးကြီးကြပ်သူအရာရှိက ကျိုးကြောင်းပြည့်စုံစွာဖော်ပြလျက် အထက်အဆင့်ဆင့် ကြီးကြပ်သူအရာရှိများမှတဆင့် တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်ထံထောက်ခံတင်ပြရန်၊

(ခ) တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်က စိစစ်ရေးကော်မတီမှတဆင့် တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ ထောက်ခံတင်ပြရန်။

၉။ တိုင်းဒေသကြီးဥပဒေချုပ်ရုံးလက်အောက်ရှိ ဌာနဆိုင်ရာဝန်ထမ်းများအတွက် ထောက်ခံ တင်ပြရန် ကိစ္စပေါ်ပေါက်ပါက နောက်ဆက်တွဲပုံစံ (၃) တွင် လိုအပ်သလိုဖြည့်စွက်လျက် အောက်ပါအတိုင်း ဆောင်ရွက်ရန် ဖြစ်သည်-

(က) သက်ဆိုင်ရာအဆင့်ရှိ ကနဦးကြီးကြပ်သူအရာရှိက ကျိုးကြောင်းပြည့်စုံစွာ ဖော်ပြလျက် အထက်အဆင့်ဆင့် ကြီးကြပ်သူအရာရှိများမှတဆင့် တိုင်းဒေသကြီးဥပဒေချုပ်ထံ ထောက်ခံ တင်ပြရန်၊

(ခ) တိုင်းဒေသကြီးဥပဒေချုပ်က စိစစ်ရေးကော်မတီမှတဆင့် တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ ထောက်ခံတင်ပြရန်။

၁၀။ တိုင်းဒေသကြီးစာရင်းစစ်ချုပ်ရုံးလက်အောက်ရှိ ဌာနဆိုင်ရာဝန်ထမ်းများအတွက် ထောက်ခံ တင်ပြရန် ကိစ္စပေါ်ပေါက်ပါက နောက်ဆက်တွဲပုံစံ (၄) တွင် လိုအပ်သလိုဖြည့်စွက်လျက် အောက်ပါအတိုင်း ဆောင်ရွက်ရန် ဖြစ်သည်-

(က) သက်ဆိုင်ရာအဆင့်ရှိ ကနဦးကြီးကြပ်သူအရာရှိက ကျိုးကြောင်းပြည့်စုံစွာ ဖော်ပြလျက် အထက်အဆင့်ဆင့် ကြီးကြပ်သူအရာရှိများမှတဆင့် တိုင်းဒေသကြီးစာရင်းစစ်ချုပ်ထံ ထောက်ခံ တင်ပြရန်၊

(ခ) တိုင်းဒေသကြီးစာရင်းစစ်ချုပ်က စိစစ်ရေးကော်မတီမှတဆင့် တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ ထောက်ခံတင်ပြရန်။

၁၁။ အနောက်တောင်တိုင်းစစ်ဌာနချုပ်လက်အောက်ရှိ တပ်မတော်သားများအတွက် ထောက်ခံ တင်ပြရန် ကိစ္စပေါ်ပေါက်ပါက နောက်ဆက်တွဲပုံစံ (၅) တွင် လိုအပ်သလိုဖြည့်စွက်လျက် အောက်ပါအတိုင်း ဆောင်ရွက်ရန် ဖြစ်သည်-

(က) သက်ဆိုင်ရာ တပ်စုမှူး/ တပ်ခွဲမှူးတို့က တပ်ရင်းမှူးမှတဆင့် တပ်မမှူး/တိုင်းမှူးထံ ထောက်ခံ တင်ပြရန်၊

(ခ) တပ်မမှူး/တိုင်းမှူးက စိစစ်ရေးကော်မတီမှတဆင့် တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ ထောက်ခံ တင်ပြရန်။

၁၂။ ဌာနဆိုင်ရာဝန်ထမ်း၊ တပ်မတော်သားများ၊ တပ်မတော်ကွပ်ကဲမှုအောက်ရှိ လက်နက်ကိုင်အဖွဲ့ဝင်များမှအပ အခြားပုဂ္ဂိုလ်များအတွက် ထောက်ခံတင်ပြရန်ကိစ္စပေါ်ပေါက်ပါက နောက်ဆက်တွဲပုံစံ (၆) တွင် လိုအပ်သလို ဖြည့်စွက်လျက် အောက်ပါအတိုင်း ဆောင်ရွက်ရန် ဖြစ်သည်-

(က) သက်ဆိုင်ရာအဆင့်ရှိအုပ်ချုပ်ရေးမှူးက ကျိုးကြောင်းပြည့်စုံစွာ ဖော်ပြလျက် အထက်အဆင့်ဆင့် အုပ်ချုပ်ရေးမှူးများမှတဆင့် တိုင်းဒေသကြီးအုပ်ချုပ်ရေးမှူးထံ ထောက်ခံတင်ပြရန်၊

(ခ) တိုင်းဒေသကြီးအုပ်ချုပ်ရေးမှူးက စိစစ်ရေးကော်မတီမှတဆင့် တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ ထောက်ခံတင်ပြရန်။

## အခန်း (၆)

## ဂုဏ်ထူးဆောင်လက်မှတ်များ၊ ဂုဏ်ထူးဆောင်ဆုပစ္စည်းများ ပြန်လည်ရုပ်သိမ်းခြင်း

ချီးမြှင့်အပ်နှင်းခဲ့သော ဂုဏ်ထူးဆောင်လက်မှတ်များနှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်းများနှင့်ပတ်သက်၍ တိုင်းဒေသကြီးအစိုးရအဖွဲ့သည် အောက်ပါအကြောင်းတစ်ရပ်ရပ်ကြောင့် ပြန်လည်ရုပ်သိမ်းခွင့်ရှိသည်-

(က) နိုင်ငံတော်သစ္စာဖောက်ဖျက်မှုကို ကျူးလွန်ခြင်း၊

(ခ) အကျင့်စာရိတ္တနှင့်ပတ်သက်သော ပြစ်မှုကျူးလွန်၍ တရားရုံးတစ်ခုခု၏ အပြစ်ပေးခံရခြင်း၊

(ဂ) ဌာနဆိုင်ရာအရေးယူခံရပြီး အပြစ်ရှိကြောင်းပေါ်ပေါက်သဖြင့် ရာထူးမှ ထုတ်ပယ်ခြင်း၊ နုတ်ပယ်ခြင်း၊ ရပ်စဲခြင်းစသော ပြစ်ဒဏ်တစ်ရပ်ရပ်ပေးခံရခြင်း၊

(ဃ) ဂုဏ်ထူးဆောင်လက်မှတ်များနှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်းများ ချီးမြှင့်အပ်နှင်းခံထိုက်ကြောင်း အဆင့်ဆင့်ထောက်ခံတင်ပြသည်နှင့်အညီ တိုင်းဒေသကြီးအစိုးရအဖွဲ့က ဂုဏ်ထူးဆောင်လက်မှတ်များနှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်းများ ချီးမြှင့်အပ်နှင်းပြီးနောက် မူလထောက်ခံချက်ပါ အချက်အလက် အကြောင်းအရာများနှင့် မမှန်မကန်တင်ပြမှု ပြုခဲ့ကြောင်း တွေ့ရှိပေါ်ပေါက်ခြင်း၊

(င) နိုင်ငံတော်နှင့် ဧရာဝတီတိုင်းဒေသကြီး၏ဂုဏ်သိက္ခာ ညှိုးနွမ်းစေသည့် ပြုမူခြင်း၊ ပြောဆိုခြင်း တစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း တွေ့ရှိပေါ်ပေါက်ခြင်း၊

(စ) ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့က ချီးမြှင့်အပ်နှင်းခဲ့သည့် ဂုဏ်ထူးဆောင်လက်မှတ်များနှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်းအား ပြန်လည်ရုပ်သိမ်းသင့်သည့် လုံလောက်သော အခြားအကြောင်းအချက် တစ်ရပ်ရပ် တွေ့ရှိပေါ်ပေါက်ခြင်း။

## အခန်း (၇)

## ဂုဏ်ထူးဆောင်လက်မှတ်များနှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်းများအတွက် ဘဏ္ဍာငွေသုံးစွဲခွင့်သတ်မှတ်ခြင်း

ဂုဏ်ထူးဆောင် လက်မှတ်များနှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်းများ ချီးမြှင့်အပ်နှင်းရန်အတွက် လိုအပ်သည့် ဘဏ္ဍာငွေကို လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးသည် အစိုးရအဖွဲ့သို့တင်ပြပြီး အစိုးရအဖွဲ့၏သဘောတူညီမှုဖြင့် အစိုးရအဖွဲ့၏ဘဏ္ဍာငွေမှ သတ်မှတ်သုံးစွဲနိုင်သည်။

အဖွဲ့အစည်းတစ်ခုခုကဖြစ်စေ၊ လူပုဂ္ဂိုလ်တစ်ဦးဦးကဖြစ်စေ ဂုဏ်ထူးဆောင်လက်မှတ်များနှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်းများ ချီးမြှင့်အပ်နှင်းရန်အတွက် ငွေနှင့်ဆုပစ္စည်းများ လှူဒါန်းလာပါက အစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးသည် လက်ခံ၍ စီမံခန့်ခွဲနိုင်သည်။

## အခန်း (၈)
## အထွေထွေ

၁၆။ တိုင်းဒေသကြီးအစိုးရအဖွဲ့သည် ဂုဏ်ထူးဆောင် လက်မှတ်များနှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်းများ ချီ
အပ်နှင်းသင့်ကြောင်း အဆင့်ဆင့်ထောက်ခံတင်ပြခြင်း မရှိစေကာမူ အထူးထိုက်သင့်သော ကိစ္စရပ်များ အပ
လူပုဂ္ဂိုလ်တစ်ဦးဦးကိုဖြစ်စေ၊ အဖွဲ့အစည်းတစ်ရပ်ရပ်ကိုဖြစ်စေ ဂုဏ်ထူးဆောင်လက်မှတ် သို့မဟုတ် ဂုဏ်ထူးဆေ
ဆုပစ္စည်း ချီးမြှင့်အပ်နှင်းသင့်ကြောင်းတွေ့ရှိပါက သင့်လျော်သည့် ဂုဏ်ထူးဆောင်လက်မှတ် သို့မ
ဂုဏ်ထူးဆောင်ဆုပစ္စည်းကို ချီးမြှင့်အပ်နှင်းနိုင်သည်။

၁၇။ ချီးမြှင့်အပ်နှင်းထားသော ဂုဏ်ထူးဆောင်လက်မှတ်များနှင့် ဂုဏ်ထူးဆောင် ဆုပစ္စည်းများအား-

(က) ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ အလွဲသုံးခြင်း၊ လွှဲပြောင်းခြင်း မပြုလုပ်ရ၊

(ခ) သက်ဆိုင်ရာပုဂ္ဂိုလ်ကွယ်လွန်သည့်အခါ အမွေစား အမွေခံက ဆက်လက် ထိန်းသိမ်းခွင့်ရှိသ

၁၈။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန်အလို့ငှာ-

(က) လိုအပ်သော နည်းဥပဒေ၊ စည်းမျဉ်း သို့မဟုတ် စည်းကမ်းများကို အစိုးရအဖွဲ့က ထုတ်ပြန်နိုင်သ

(ခ) လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို လုံခြုံရေ
နယ်စပ်ရေးရာဝန်ကြီးဌာနက ထုတ်ပြန်နိုင်သည်။

၁၉။ ဂုဏ်ထူးဆောင် လက်မှတ်များနှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်းများ ချီးမြှင့်အပ်နှင်းခြင်း နှင့် ပြန်လည်ရုပ်
ခြင်းတို့ကို နိုင်ငံတော်ပြန်တမ်းတွင် ထည့်သွင်းရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထ
သည်။

(ပုံ) သိန်းအောင်

ဝန်ကြီးချုပ်

ရခိုင်ပြည်နယ်အစိုးရအဖွဲ့

နောက်ဆက်တွဲ ပုံစံ (၁)

## ဝန်ကြီးဌာနလက်အောက်ရှိ ဌာနဆိုင်ရာဝန်ထမ်းများအား ဂုဏ်ထူးဆောင်လက်မှတ်/ ဂုဏ်ထူးဆောင်ဆုပစ္စည်းများ ချီးမြှင့်အပ်နှင်းရန် ထောက်ခံချက်ပုံစံ

၁။ ထောက်ခံသည့်ဂုဏ်ထူးဆောင်လက်မှတ် ------------------------------------------

သို့မဟုတ် ဂုဏ်ထူးဆောင်ပစ္စည်း ------------------------------------------

၂။ (က) အမည် ------------------------------------------

(ခ) အဘအမည် ------------------------------------------

(ဂ) အသက် ------------------------------------------

(ဃ) နိုင်ငံသားစိစစ်ရေးကဒ်အမှတ် ------------------------------------------

(င) အဆင့်/တာဝန် ------------------------------------------

(စ) လုပ်ငန်းဌာန ------------------------------------------

(ဆ) နေရပ်လိပ်စာ ------------------------------------------

------------------------------------------

၃။ မြို့နယ်ကြီးကြပ်သူအရာရှိက ကျိုးကြောင်းဖော်ပြထောက်ခံချက်။ (လိုအပ်လျှင် ထောက်ခံချက်ကို သီးခြားပူးတွဲ ပေးပို့နိုင်သည်)

ကြီးကြပ်သူအရာရှိ

ရာထူး ------------------------------------------
ဌာန ------------------------------------------
ရပ်ကွက်၊ကျေးရွာအုပ်စု

ရက်စွဲ ။------------------------------------------

၄။ မြို့နယ်အဆင့် ကြီးကြပ်သူအရာရှိ ကျိုးကြောင်းဖော်ပြထောက်ခံချက်။ (လိုအပ်လျှင် ထောက်ခံချက်ကို သီးခြားပူးတွဲ ပေးပို့နိုင်သည်)

ကြီးကြပ်သူအရာရှိ

ရာထူး ------------------------------------

ဌာန ------------------------------------

ရက်စွဲ ၊------------------------------------

၅။ ခရိုင်အဆင့် ကြီးကြပ်သူအရာရှိက ကျိုးကြောင်းဖော်ပြထောက်ခံချက်။ (လိုအပ်လျှင် ထောက်ခံချက်ကို သီးခြားပူးတွဲ ပေးပို့နိုင်သည်)

ကြီးကြပ်သူအရာရှိ

ရာထူး ------------------------------------

ဌာန ------------------------------------

ရက်စွဲ ၊------------------------------------

၆။ တိုင်းဒေသကြီးအဆင့်ကြီးကြပ်သူအရာရှိက ကျိုးကြောင်းဖော်ပြထောက်ခံချက်။ (လိုအပ်လျှင် ထောက်ခံချက်ကို သီးခြားပူးတွဲ ပေးပို့နိုင်သည်)

ကြီးကြပ်သူအရာရှိ

ရာထူး ------------------------------------

ဌာန ------------------------------------

ရက်စွဲ ၊------------------------------------

၆။ သက်ဆိုင်ရာဝန်ကြီး၏ထောက်ခံချက်။ (လိုအပ်လျှင် ထောက်ခံချက်ကို သီးခြားပူးတွဲ ပေးပို့နိုင်သည်)

------------------------------------ဝန်ကြီးဌာန

ရက်စွဲ ၊------------------------------------

နောက်ဆက်တွဲ ပုံစံ (၂)

## တိုင်းဒေသကြီးတရားလွှတ်တော်လက်အောက်ရှိ ဌာနဆိုင်ရာဝန်ထမ်းများအား ဂုဏ်ထူးဆောင်လက်မှတ်/ ဂုဏ်ထူးဆောင်ဆုပစ္စည်းများ ချီးမြှင့်အပ်နှင်းရန် ထောက်ခံချက်ပုံစံ

၁။ ထောက်ခံသည့်ဂုဏ်ထူးဆောင်လက်မှတ် ------------------------------------------

သို့မဟုတ် ဂုဏ်ထူးဆောင်ပစ္စည်း ------------------------------------------

၂။ (က) အမည် ------------------------------------------

(ခ) အဘအမည် ------------------------------------------

(ဂ) အသက် ------------------------------------------

(ဃ) နိုင်ငံသားစိစစ်ရေးကဒ်အမှတ် ------------------------------------------

(င) အဆင့်/တာဝန် ------------------------------------------

(စ) လုပ်ငန်းဌာန ------------------------------------------

(ဆ) နေရပ်လိပ်စာ ------------------------------------------

------------------------------------------

၃။ မြို့နယ်ကြီးကြပ်သူအရာရှိက ကျိုးကြောင်းဖော်ပြထောက်ခံချက်။ (လိုအပ်လျှင် ထောက်ခံချက်ကို သီးခြားပူးတွဲ ပေးပို့နိုင်သည်)

ကြီးကြပ်သူအရာရှိ

ရာထူး ------------------------------

ဌာန ------------------------------

ရက်စွဲ ၊------------------------------------------

၄။ ခရိုင်အဆင့် ကြီးကြပ်သူအရာရှိက ကျိုးကြောင်းဖော်ပြထောက်ခံချက်။ (လိုအပ်လျှင် ထောက်ခံချက်ကို သီးခြားပူးတွဲ ပေးပို့နိုင်သည်)

ကြီးကြပ်သူအရာရှိ

ရာထူး ---------------------------------

ဌာန ---------------------------------

ရက်စွဲ ။----------------------------------------

၅။ တိုင်းဒေသကြီးအဆင့်ကြီးကြပ်သူအရာရှိက ကျိုးကြောင်းဖော်ပြထောက်ခံချက်။ (လိုအပ်လျှင် ထောက်ခံချက်ကို သီးခြားပူးတွဲ ပေးပို့နိုင်သည်)

ကြီးကြပ်သူအရာရှိ

ရာထူး ---------------------------------

ဌာန ---------------------------------

ရက်စွဲ ။----------------------------------------

၆။ တိုင်းဒေသကြီးလွှတ်တော်တရားသူကြီးချုပ်က ကျိုးကြောင်းဖော်ပြထောက်ခံချက်။ (လိုအပ်လျှင် ထောက်ခံချက်ကို သီးခြားပူးတွဲ ပေးပို့နိုင်သည်)

တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်

ရက်စွဲ ။----------------------------------------

နောက်ဆက်တွဲ ပုံစံ (၃)

တိုင်းဒေသကြီးဥပဒေချုပ်ရုံးလက်အောက်ရှိ ဌာနဆိုင်ရာဝန်ထမ်းများအား
ဂုဏ်ထူးဆောင်လက်မှတ်/ ဂုဏ်ထူးဆောင်ဆုပစ္စည်းများ ချီးမြှင့်အပ်နှင်းရန် ထောက်ခံချက်ပုံစံ

၁။ ထောက်ခံသည့်ဂုဏ်ထူးဆောင်လက်မှတ် ------------------------------------------

သို့မဟုတ် ဂုဏ်ထူးဆောင်ပစ္စည်း ------------------------------------------

၂။ (က) အမည် ------------------------------------------

(ခ) အဘအမည် ------------------------------------------

(ဂ) အသက် ------------------------------------------

(ဃ) နိုင်ငံသားစိစစ်ရေးကဒ်အမှတ် ------------------------------------------

(င) အဆင့်/တာဝန် ------------------------------------------

(စ) လုပ်ငန်းဌာန ------------------------------------------

(ဆ) နေရပ်လိပ်စာ ------------------------------------------

------------------------------------------

၃။ မြို့နယ်ကြီးကြပ်သူအရာရှိက ကျိုးကြောင်းဖော်ပြထောက်ခံချက်။ (လိုအပ်လျှင် ထောက်ခံချက်ကို သီးခြားပူးတွဲ ပေးပို့နိုင်သည်)

ကြီးကြပ်သူအရာရှိ

ရာထူး ------------------------------

ဌာန ------------------------------

ရက်စွဲ ၊------------------------------------------

၄။ ခရိုင်အဆင့် ကြီးကြပ်သူအရာရှိက ကျိုးကြောင်းဖော်ပြထောက်ခံချက်။ (လိုအပ်လျှင် ထောက်ခံချက်ကို သီးခြားပူးတွဲ ပေးပို့နိုင်သည်)

ကြီးကြပ်သူအရာရှိ

ရာထူး ---------------------------------

ဌာန ---------------------------------

ရက်စွဲ ။------------------------------------------

၅။ တိုင်းဒေသကြီးအဆင့်ကြီးကြပ်သူအရာရှိက ကျိုးကြောင်းဖော်ပြထောက်ခံချက်။ (လိုအပ်လျှင် ထောက်ခံချက်ကို သီးခြားပူးတွဲ ပေးပို့နိုင်သည်)

ကြီးကြပ်သူအရာရှိ

ရာထူး ---------------------------------

ဌာန ---------------------------------

ရက်စွဲ ။------------------------------------------

၆။ တိုင်းဒေသကြီးဉပဒေချုပ်က ကျိုးကြောင်းဖော်ပြထောက်ခံချက်။ (လိုအပ်လျှင် ထောက်ခံချက်ကို သီးခြားပူးတွဲ ပေးပို့နိုင်သည်)

တိုင်းဒေသကြီးဉပဒေချုပ်

ရက်စွဲ ။------------------------------------------

နောက်ဆက်တွဲ ပုံစံ (၄)

တိုင်းဒေသကြီးစာရင်းစစ်ချုပ်ရုံးလက်အောက်ရှိ ဌာနဆိုင်ရာဝန်ထမ်းများအား ဂုဏ်ထူးဆောင်လက်မှတ်/ ဂုဏ်ထူးဆောင်ဆုပစ္စည်းများ ချီးမြှင့်အပ်နှင်းရန် ထောက်ခံချက်ပုံစံ

၁။ ထောက်ခံသည့်ဂုဏ်ထူးဆောင်လက်မှတ် ----------------------------------------

သို့မဟုတ် ဂုဏ်ထူးဆောင်ပစ္စည်း ----------------------------------------

၂။ (က) အမည် ----------------------------------------

(ခ) အဘအမည် ----------------------------------------

(ဂ) အသက် ----------------------------------------

(ဃ) နိုင်ငံသားစိစစ်ရေးကတ်အမှတ် ----------------------------------------

(င) အဆင့်/တာဝန် ----------------------------------------

(စ) လုပ်ငန်းဌာန ----------------------------------------

(ဆ) နေရပ်လိပ်စာ ----------------------------------------

----------------------------------------

၃။ မြို့နယ်ကြီးကြပ်သူအရာရှိက ကျိုးကြောင်းဖော်ပြထောက်ခံချက်။ (လိုအပ်လျှင် ထောက်ခံချက်ကို သီးခြားပူးတွဲ ပေးပို့နိုင်သည်)

ကြီးကြပ်သူအရာရှိ

ရာထူး ----------------------------------------

ဌာန ----------------------------------------

ရက်စွဲ ။----------------------------------------

၄။ ခရိုင်အဆင့် ကြီးကြပ်သူအရာရှိက ကျိုးကြောင်းဖော်ပြထောက်ခံချက်။ (လိုအပ်လျှင် ထောက်ခံချက်ကို သီးခြားပူးတွဲ ပေးပို့နိုင်သည်)

ကြီးကြပ်သူအရာရှိ

ရာထူး ---------------------------------
ဌာန ---------------------------------

ရက်စွဲ ။-----------------------------------------

၅။ တိုင်းဒေသကြီးအဆင့်ကြီးကြပ်သူအရာရှိက ကျိုးကြောင်းဖော်ပြထောက်ခံချက်။ (လိုအပ်လျှင် ထောက်ခံချက်ကို သီးခြားပူးတွဲ ပေးပို့နိုင်သည်)

ကြီးကြပ်သူအရာရှိ

ရာထူး ---------------------------------
ဌာန ---------------------------------

ရက်စွဲ ။-----------------------------------------

၆။ တိုင်းဒေသကြီးစာရင်းစစ်ချုပ်က ကျိုးကြောင်းဖော်ပြထောက်ခံချက်။ (လိုအပ်လျှင် ထောက်ခံချက်ကို သီးခြားပူးတွဲ ပေးပို့နိုင်သည်)

တိုင်းဒေသကြီးစာရင်းစစ်ချုပ်

ရက်စွဲ ။-----------------------------------------

နောက်ဆက်တွဲ ပုံစံ (၅)

**တပ်မတော်သားများအား ဂုဏ်ထူးဆောင်လက်မှတ်/ ဂုဏ်ထူးဆောင်ဆုပစ္စည်းများ ချီးမြှင့်အပ်နှင်းရန် ထောက်ခံချက်ပုံစံ**

၁။ ထောက်ခံသည့်ဂုဏ်ထူးဆောင်လက်မှတ် ---------------------------------------------

သို့မဟုတ် ဂုဏ်ထူးဆောင်ပစ္စည်း ---------------------------------------------

၂။ (က) ကိုယ်ပိုင်အမှတ် ---------------------------------------------

(ခ) အဆင့် ---------------------------------------------

(ဂ) အမည် ---------------------------------------------

(ဃ) အသက် ---------------------------------------------

(င) အမှုထမ်းအသက် ---------------------------------------------

(စ) တပ်ဖွဲ့ ---------------------------------------------

၃။ တပ်စုမှူး/တပ်ခွဲမှူးက ကိုးကြောင်းဖော်ပြထောက်ခံချက်။ (လိုအပ်လျှင် ထောက်ခံချက်ကို သီးခြားပူးတွဲပေးပို့နိုင်သည်)

တပ်စုမှူး/တပ်ခွဲမှူး

ရက်စွဲ ।---------------------------------------------

၄။ တပ်ရင်းမှူးက ကျိုးကြောင်းဖော်ပြထောက်ခံချက်။ (လိုအပ်လျှင် ထောက်ခံချက်ကို သီးခြားပူးတွဲ ပေးပို့နိုင်သည်)

တပ်ရင်းမှူး

ရက်စွဲ ၊-----------------------------------------

၅။ တပ်မမှူး/တိုင်းမှူးက ကျိုးကြောင်းဖော်ပြထောက်ခံချက်။ (လိုအပ်လျှင် ထောက်ခံချက်ကို သီးခြားပူးတွဲ ပေးပို့နိုင်သည်)

တပ်မမှူး/တိုင်းမှူး

ရက်စွဲ ၊-----------------------------------------

နောက်ဆက်တွဲ ပုံစံ (၆)

**အခြားပုဂ္ဂိုလ်များအား ဂုဏ်ထူးဆောင်လက်မှတ်/ ဂုဏ်ထူးဆောင်ဆုပစ္စည်းများ**
**ချီးမြှင့်အပ်နှင်းရန် ထောက်ခံချက်ပုံစံ**

၁။ ထောက်ခံသည့်ဂုဏ်ထူးဆောင်လက်မှတ် ----------------------------------------

သို့မဟုတ် ဂုဏ်ထူးဆောင်ပစ္စည်း ----------------------------------------

၂။ (က) အမည် ----------------------------------------

(ခ) အဘအမည် ----------------------------------------

(ဂ) အသက် ----------------------------------------

(ဃ) နိုင်ငံသားစိစစ်ရေးကဒ်အမှတ် ----------------------------------------

(င) အဆင့်/တာဝန် ----------------------------------------

(စ) လုပ်ငန်းဌာန ----------------------------------------

(ဆ) နေရပ်လိပ်စာ ----------------------------------------

----------------------------------------

၃။ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးက ကျိုးကြောင်းဖော်ပြထောက်ခံချက်။ (လိုအပ်လျှင် ထောက်ခံချက်ကို သီးခြားပူးတွဲ ပေးပို့နိုင်သည်)

ရပ်ကွက်/ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး
----------------------------ရပ်ကွက်/ကျေးရွာအုပ်စု

ရက်စွဲ ။---------------------------------

၄။ မြို့နယ်အုပ်ချုပ်ရေးမှူးက ကိုးကြောင်းဖော်ပြထောက်ခံချက်။ (လိုအပ်လျှင် ထောက်ခံချက်ကို သီးခြားပူးတွဲ ပေးပို့နိုင်သည်)

မြို့နယ်အုပ်ချုပ်ရေးမှူး

-------------------------------မြို့နယ်

ရက်စွဲ ။-----------------------------------------

၅။ ခရိုင်အုပ်ချုပ်ရေးမှူးက ကိုးကြောင်းဖော်ပြထောက်ခံချက်။ (လိုအပ်လျှင် ထောက်ခံချက်ကို သီးခြားပူးတွဲ ပေးပို့နိုင်သည်)

ခရိုင်အုပ်ချုပ်ရေးမှူး

------------------------------ခရိုင်

ရက်စွဲ ။-----------------------------------------

၆။ တိုင်းဒေသကြီးအုပ်ချုပ်ရေးမှူးက ကိုးကြောင်းဖော်ပြထောက်ခံချက်။ (လိုအပ်လျှင် ထောက်ခံချက်ကို သီးခြားပူးတွဲ ပေးပို့နိုင်သည်)

တိုင်းဒေသကြီးအုပ်ချုပ်ရေးမှူး

ရက်စွဲ ။-----------------------------------------

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပထမအကြိမ်ဧရာဝတီတိုင်းဒေသကြီးလွှတ်တော်

# ဧရာဝတီတိုင်းဒေသကြီး ယစ်မျိုးခွန်ဥပဒေ

၂၀၁၃ခုနှစ်

# ဧရာဝတီတိုင်းဒေသကြီး ယစ်မျိုးခွန်ဥပဒေ

( ဧရာဝတီတိုင်းဒေသကြီးလွှတ်တော်ဥပဒေအမှတ် ၈ / ၂၀၁၃ )
(၁၃၇၅ခုနှစ်၊သီတင်းကျွတ်လဆန်း ၄ ရက်)
(၂၀၁၃ခုနှစ် ၊ အောက်တိုဘာလ ၈ ရက်)

၂၀၀၈ခုနှစ်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၈၈ အရ အပ်နှင်းထားသောလုပ်ပိုင်ခွင့်ကို ကျင့်သုံးလျက် ဧရာဝတီတိုင်းဒေသကြီးယစ်မျိုးခွန်ဥပဒေကို ဧရာဝတီတိုင်းဒေသကြီးလွှတ်တော်က ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)
## အမည် ၊ စတင်အာဏာတည်ခြင်းနှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ (က) ဤဥပဒေကို ဧရာဝတီတိုင်းဒေသကြီးယစ်မျိုးခွန်ဥပဒေဟုခေါ်တွင်စေရမည်၊

(ခ) ဤဥပဒေကို ထုတ်ပြန်ကြေညာသည့်နေ့မှစ၍ ဧရာဝတီတိုင်းဒေသကြီးတစ်ဝန်းလုံးတွင် အာဏာတည်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်းအဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **တိုင်းဒေသကြီး**ဆိုသည်မှာ ဧရာဝတီတိုင်းဒေသကြီးကို ဆိုသည်၊

(ခ) **အစိုးရအဖွဲ့**ဆိုသည်မှာ ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ကိုဆိုသည်၊

(ဂ) **ဝန်ကြီး**ဆိုသည်မှာ ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့က တာဝန်ပေးသော ဝန်ကြီးကို ဆိုသည်၊

(ဃ) **တိုင်းဒေသကြီးအုပ်ချုပ်ရေးမှူး**ဆိုသည်မှာ တိုင်းဒေသကြီးအထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာနမှ ဌာနအကြီးအကဲကိုဆိုသည်၊

(င) **ယစ်မျိုးခွန်**ဆိုသည်မှာ ၁၉၁၇ခုနှစ်၊ မြန်မာနိုင်ငံယစ်မျိုးအက်ဥပဒေအရ သတ်မှတ်ထားသော အခွန်များကိုဆိုသည်၊

(စ) **ယစ်မျိုးသက်ဝင်ပစ္စည်း(Excisable Article)**ဆိုသည်မှာ၁၉၁၇ခုနှစ်၊ မြန်မာနိုင်ငံ ယစ်မျိုး အက်ဥပဒေတွင် ဖွင့်ဆိုထားသည့်အရက်အပါအဝင်ယစ်မျိုးသက်ဝင်ပစ္စည်းကို ဆိုသည်၊

(ဆ) **ယစ်မျိုးဝင်ကုန်ပစ္စည်း(Excisable Goods)**ဆိုသည်မှာ ၁၉၁၇ခုနှစ်၊ မြန်မာနိုင်ငံ

ယစ်မျိုးအက်ဥပဒေ၏ ဒုတိယဇယားတွင် ယစ်မျိုးခွန်နှင့်စပ်လျဉ်း၍ သတ်မှတ်ထားသည့် ကုန်ပစ္စည်းကို ဆိုသည်၊

(ဇ) **အရက်(Alcoholic Liquor)** ဆိုသည်မှာ ၁၉၁၇ခုနှစ်၊ မြန်မာနိုင်ငံယစ်မျိုးအက်ဥပဒေ တွင် သတ်မှတ်ထားသည့်အရာများအပါအဝင်တည်ဆဲဥပဒေတစ်ရပ်ရပ်အရ နိုင်ငံတော် သမ္မတက အမိန့်ကြော်ငြာစာထုတ်ပြန်၍ အရက်ဟုသတ်မှတ်ထားသော အရာများကို ဆိုသည်၊

(ဈ) **ဘီယာ(Ale. Stout. Porter)** ဆိုသည်မှာ၁၉၁၇ခုနှစ်၊ မြန်မာနိုင်ငံယစ်မျိုးအက်ဥပဒေတွင် သတ်မှတ်ထားသည့်အရာများအပါအဝင်တည်ဆဲဥပဒေတစ်ရပ်ရပ်အရ နိုင်ငံတော်သမ္မတက အမိန့်ကြော်ငြာစာထုတ်ပြန်၍ အရက်ဟု သတ်မှတ်ထားသောအရာများကို ဆိုသည်၊

(ည) **ပြည်တွင်းဖိုထွက်ချက်အရက် (Country Spirit)** ဆိုသည်မှာ ပေါင်းဖိုနှင့်ခံယူ၍ ရရှိသည့် အရက်ပျံပါဝင်သော မည်သည့်အရက်တစ်စုံတစ်ရာကိုမဆို ဆိုသည်၊

(ဋ) **ထန်းရည်(Tari)** ဆိုသည်မှာကဖော်ဖောက်သည်ဖြစ်စေ၊ မဖောက်သည်ဖြစ်စေ၊ ထန်း၊ဓနိ၊ အုန်း၊ပေ စသည့် အပင်အမျိုးမျိုးမှထွက်သောအရည်ကိုဆိုသည်၊

(ဌ) **တည်အရက်( Fermented Liquor)** ဆိုသည်မှာ ချက်အရက်မှတစ်ပါးအရက်ပျံပါဝင် သည့် အရက်ကိုဆိုသည်။ယင်းစကားရပ်တွင်လျှော်စာရည် ၊ ခေါင်ရည်တို့ပါဝင်သည်၊

(ဍ) **သောက်ပျော်သောအရက်(Potable Alcoholic Liquor)** ဆိုသည်မှာပြုပြင်ပြီး မူလသတ္တိပျက် အရက်မှတစ်ပါး အရက်ပျံပါဝင်သည့်အရက်တစ်မျိုးမျိုးကိုဆိုသည်၊

(ဎ) **မူလသတ္တိပျက်ပြီး(Denatured)**ဆိုသည်မှာယစ်မျိုးအက်ဥပဒေအရ သတ်မှတ်သည့် နည်းလမ်း များနှင့်အညီ လူတို့သောက်သုံးရန် မသင့်အောင်ပြုပြင်ပြီးသည်ကို ဆိုသည်၊

(ဏ) **ချက်လုပ်ခြင်း** ဆိုသည့်စကားရပ်တွင် အောက်ပါတို့ပါဝင်သည်-

(၁) သဘာဝအားဖြင့်ဖြစ်စေ၊ ပြုပြင်၍ဖြစ်စေ၊ ယစ်မျိုးသက်ဝင်ပစ္စည်းတစ်စုံတစ်ရာကို ထွက်ရှိစေရန် သို့မဟုတ် ရရှိစေရန် ပြုလုပ်ခြင်းကိုဆိုသည်။ယင်းစကားရပ်တွင် ထန်းပင်မှ အရည်ခံခြင်း၊ ထုတ်ယူခြင်းတို့ပါဝင်သည်၊

(၂) ပြန်၍ပေါင်းခံခြင်း**(Redistillation)** ၊

(၃) အရက်ပျံပါဝင်သည့်အရက်ကိုပြုပြင်ခြင်း၊ အနံ့၊ အရသာထည့်ခြင်း၊ ရောနှောခြင်း၊ အရောင်ဆိုးခြင်း၊

(တ) **လက်လီ သို့မဟုတ် လက္ကားရောင်းချမှု ( Retail and Whole Sale)** ဆိုသည်မှာ ဤဥပဒေနှင့် ဤဥပဒေအရ ပြုသည့်နည်းဥပဒေများအရ ထုတ်ပြန်သည့်အမိန့်ကြော်ငြာစာများနှင့် အညီ အချင်အတွယ်အတိုင်းရောင်းချခြင်းကို ဆိုသည်၊

(ထ) **လိုင်စင်**ဆိုသည်မှာ ဤဥပဒေအရ ထုတ်လုပ်ခြင်း၊ ချက်လုပ်ခြင်း၊ ရောင်းချခြင်း၊ ဖြန့်ဖြူးခြင်း

တို့အတွက် ခွင့်ပြုသည့် ခွင့်ပြုမိန့်ကို ဆိုသည်။လိုင်စင်သက်တမ်းအတွက် ဘဏ္ဍာရေးနှစ်အလိုက် သတ်မှတ်သည်။

## အခန်း(၂)
## ရည်ရွယ်ချက်

၃။ ဤဥပဒေ၏ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) အရက်သေစာသောက်စားခြင်းအလေ့အထပြန့်ပွားခြင်းကို အားပေးခြင်းမရှိစေရန်၊

(ခ) သေရည်သေရက်ဖြန့်ဖြူးရောင်းချရာတွင် တရားမဝင်ချက်လုပ်မှု၊ထုတ်လုပ်မှု၊ ရောင်းချမှုမရှိစေရန်၊

(ဂ) မူးယစ်စေသော သေရည်သေရက်ရောင်းချခြင်းမှာ အခွန်ငွေရရှိစေရန် အလို့ငှာသာ မဟုတ်ဘဲသောက်စားသုံးစွဲခြင်း လျော့နည်းစေရန်၊ သေရည်သေရက်ရောင်းချခြင်းကို အခွန်ကောက်ခံသည်ဟု စွဲမြဲမှတ်ယူစေရန်၊

(ဃ) တိုင်းဒေသကြီးက ရသင့်ရထိုက်သော အခွန်ဘဏ္ဍာငွေကို ဥပဒေနှင့်အညီရရှိစေရန်။

## အခန်း (၃)
## ယစ်မျိုးခွန်နှုန်းထားများသတ်မှတ်ခြင်း

၄။ တိုင်းဒေသကြီးယစ်မျိုးခွန်ကောက်ခံရေးနှင့်စပ်လျဉ်း၍ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှစ၍ ဤဥပဒေပါနောက်ဆက်တွဲဇယားအတိုင်းကောက်ခံရန် သတ်မှတ်သည်။

၅။ လုပ်ငန်းလိုင်စင်ရရှိသူသည် လိုင်စင်ကြေးငွေကျပ် ၅၀၀၀၀၀ (ကျပ်ငါးသိန်း)အထိဖြစ်ပါက လိုင်စင်ချထားပေးသည့် အချိန်တွင် ကျသင့်သောငွေကို တစ်ကြိမ်တည်းအပြေအကျေပေးသွင်းရမည်။

၆။ လုပ်ငန်းလိုင်စင်ရရှိသူသည် လိုင်စင်ကြေးငွေ ကျပ် ၅၀၀၀၀၀(ကျပ်ငါးသိန်း)အထက်မှ ကျပ် ၃၀၀၀၀၀၀(ကျပ်သိန်းသုံးဆယ်)အထိဖြစ်ပါက လိုင်စင်ချထားပေးသည့်အချိန်တွင် ကျသင့်ငွေ၏ တစ်ဝက်ကို တစ်ကြိမ်တည်းပေးသွင်းစေပြီး ကျန်တစ်ဝက်ကို ဘဏ္ဍာရေးနှစ်ဝက်အတွင်းအပြေအကျေပေးသွင်းရမည်။

၇။ လုပ်ငန်းလိုင်စင်ရရှိသူသည် လိုင်စင်ကြေးငွေကျပ် ၃၀၀၀၀၀၀ (ကျပ်သိန်းသုံးဆယ်)အထက်ဖြစ်ပါက လိုင်စင်ချထားပေး သည့်အချိန်တွင် ကျသင့်ငွေ၏သုံးပုံတစ်ပုံကို တစ်ကြိမ်တည်းပေးသွင်းရမည်။ ကျန်သုံးပုံနှစ်ပုံကို ဘဏ္ဍာရေး နှစ်ဝက်အတွင်း နှစ်ကြိမ်ခွဲ၍ အပြေအကျေပေးသွင်းရမည်။

၈။ ယစ်မျိုးခွန်လိုင်စင်ကို ပြန်လည်အပ်နှံလိုသူသည် သတ်မှတ်ထားသည့်ယစ်မျိုးခွန်များကို အပြေအကျေ

ပေးသွင်းပြီးမှသာ ယစ်မျိုးခွန်လိုင်စင်ကို ပြန်လည်အပ်နှံခွင့်ပြုမည်။

၉။ ဤဥပဒေအရ ယစ်မျိုးခွန်အပြည့်အဝကောက်ခံရရှိနိုင်ရေးအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ သဘောတူညီချက်အရ ဝန်ကြီး၏ကြီးကြပ်မှုဖြင့် လိုအပ်သောကော်မတီအဆင့်ဆင့်ကို ဖွဲ့စည်းဆောင်ရွက်နိုင်သည်။

## အခန်း(၄)

## အထွေထွေ

၁၀။ ယစ်မျိုးစီမံခန့်ခွဲခြင်း၊ အခွန်စည်းကြပ်ခြင်းနှင့်ကောက်ခံခြင်းတို့ကို တိုင်းဒေသကြီးအစိုးရအဖွဲ့၏ သဘောတူညီချက်အရ ဝန်ကြီး၏ကြီးကြပ်မှုဖြင့် တိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်ရမည်။

၁၁။ ဤဥပဒေအရပေးရန်ရှိသော ယစ်မျိုးခွန်ငွေကြေးအားလုံးကို ပေးဆောင်ရန် ပျက်ကွက်လျှင် အခွန်မပြေကျန်ငွေဖြစ်တိသကဲ့သို့ ကောက်ခံရမည်။

၁၂။ ဤဥပဒေပါပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက်-

(က) လိုအပ်သောနည်းဥပဒေ၊ စည်းမျဉ်း သို့မဟုတ် စည်းကမ်းများကို တိုင်းဒေသကြီးအစိုးရ အဖွဲ့က ထုတ်ပြန်နိုင်သည်၊

(ခ) လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့်လုပ်ထုံးလုပ်နည်းများကို ဝန်ကြီး၏ သဘောတူညီချက်ဖြင့် တိုင်းဒေသကြီးအုပ်ချုပ်ရေးမှူးက ထုတ်ပြန်နိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းအောင်

ဝန်ကြီးချုပ်

ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့

နောက်ဆက်တွဲ(က)

## ရောဝတီတိုင်းဒေသကြီးအတွင်း ယစ်မျိုးခွန်တိုးမြှင့်ကောက်ခံရန် လျာထားချက် တင်ပြခြင်း

| စဉ် | လိုင်စင်အမျိုးအစား | လိုင်စင်အဓိပ္ပါယ် | လက်ရှိကောက်ခံနေသည့်လိုင်စင်နှုန်းထား | တိုးမြှင့်ရန်လျာထားသည့်နှုန်းထား |
|---|---|---|---|---|
| ၁။ | CFL-1 | ဆိုင်ဥပစာအတွင်းသောက်သုံးရန်သို့တည်းမဟုတ်ဆိုင်ပြင်ပသို့ယူဆောင်သွားရန်ထန်းရည်/ဓနိရည်ကိုလက်လီရောင်းချခွင့် လိုင်စင်(လေလံ) | ၁၀၀၀၀၀ | ၂၀၀၀၀၀ |
| ၂။ | CFL-2A | ထန်းရည်/ဓနိရည်မှအပလျော့ဖာရည်ကိုစားသောက်ဆိုင်(သို့မဟုတ်) အပန်းဖြေခန်းရှိဘားခန်း၌ဥပစာအတွင်းသောက်သုံးရန် လက်လီရောင်းချခွင့်လိုင်စင်(ပုံသေ) | ၅၀၀၀ | ၅၀၀၀၀ |
| ၃။ | CS-1 | ဆိုင်ဥပစာအတွင်းသောက်သုံးရန်ဖြစ်စေသို့တည်းမဟုတ်ပြင်ပသို့ထုတ်ယူသွားရန်ဖြစ်စေ၊မြန်မာနိုင်ငံအတွင်းအရက်ချက်စက်ရုံတစ်ခုတစ်ခုတွင်ချက်လုပ်သောတောချက်အရက်(ခေါ်)ချက်အရက်ကိုလက်လီရောင်းချ ခွင့်လိုင်စင်(လေလံ) | ၅၀၀၀၀ | ၁၅၀၀၀၀ |
| ၄။ | CS-3 | မြန်မာနိုင်ငံတွင်းရှိပေါင်းဖိုတစ်ခုမှအရက်များကိုဆိုင်ဥပစာအတွင်း သောက်သုံးရန်နှင့်ပြင်ပသို့ယူဆောင်သွားရန် လက်လီရောင်းချခွင့်လိုင်စင်(လေလံ) | ၅၀၀၀၀ | ၁၅၀၀၀၀ |
| ၅။ | CS-2A | အရက်ချက်လိုင်စင်ရဖိုထွက်အရက်၊စက်ရုံထွက်အရက်(အရက်ဖြူ)ကို စားသောက်ဆိုင်(သို့)နားနေခန်းဥပစာအတွင်းသောက်သုံးရန်ကောင်တာဖွင့်၍လက်လီရောင်းချခွင့်လိုင်စင်(ပုံသေ) | ၅၀၀၀၀ | ၁၅၀၀၀၀ |
| ၆။ | FL-6 | မြန်မာပြည်တွင်းရှိအရက်ချက်စက်ရုံမှထုတ်လုပ်သောနိုင်ငံခြားအရက်ပြင်း(Foreign Spirit)ကိုလက်ကားရောင်းချခွင့်လိုင်စင်(ပုံသေ) | ၁၂၀၀၀၀၀ | ၁၅၀၀၀၀၀ |
| ၇။ | FL-9 | မြန်မာပြည်တွင်းရှိဘီယာစက်ရုံမှထုတ်လုပ်သောဘီယာများကိုဆိုင်ဖွင့်၍ ဆိုင်ဥပစာအတွင်းသောက်သုံးရန်(သို့)ဥပစာပြင်ပယူဆောင်ရန်လက်လီရောင်းချခွင့်လိုင်စင် (ပုံသေ) | ၅၀၀၀၀၀ | ၁၀၀၀၀၀၀ |
| ၈။ | FL-11 | နိုင်ငံခြားအရက်များ(Foreign Spirit)လက်ကားရောင်းချခွင့်လိုင်စင် (ပုံသေ) | ၅၀၀၀၀၀ | ၁၀၀၀၀၀၀ |
| ၉။ | FL-12 | နိုင်ငံခြားအရက်များ(ForeignAlcoholic Liquor)ကိုကုန်စုံဆိုင်တွင် လက်လီ၊လက်ကားရောင်းချခွင့်ရှိပြီးဆိုင်ဥပစာအတွင်းသောက်သုံးခွင့်မရှိသည့်လိုင်စင်(ပုံသေ) | ၂၅၀၀၀၀ | ၆၀၀၀၀၀ |

နောက်ဆက်တွဲ(ခ)

| စဉ် | လိုင်စင် အမျိုးအစား | လိုင်စင်အမိပ္ပါယ် | လက်ရှိကောက်ခံနေသည့်လိုင်စင် နှုန်းထား | တိုးမြှင့်ရန် လျာထားသည့် နှုန်းထား |
|---|---|---|---|---|
| ၁၀ | FL-16 | နိုင်ငံခြားအရက်များ(Foreign Alcoholic Liquor) ကို ကလပ်ပိုင်ရှင်ကဆိုင်ဖွင့်၍လက်လီရောင်းချခွင့်လိုင်စင် (ပုံသေ) | ၃၀၀၀၀၀ | ၅၀၀၀၀၀ |
| ၁၁ | FL-17 | နိုင်ငံခြားအရက်များ(Foreign Alcoholic Liquor) ကိုဟိုတယ်နှင့်နားနေခန်း၊ဘူတာ၊လေဆိပ်၊ သင်္ဘောဆိပ်၊မီးရထားစားသောက်တွဲနှင့်စားသောက်ဆိုင်ဥပစာတွင်သောက်သုံးရန်ဟိုတယ်ပိုင်ရှင်(သို့)မန်နေဂျာ ကကောင်တာဖွင့်၍လက်လီရောင်းချခွင့် လိုင်စင် (ပုံသေ) | ၆၀၀၀၀၀ | ၁၀၀၀၀၀၀ |
| ၁၂ | D-1 | အရက်ချက်စက်ရုံပိုင်ဆိုင်ခွင့်နှင့်ချက်လုပ်ခွင့်လိုင်စင်(ပုံသေ) | | |
| | | (တစ်နေ့ထုတ်လုပ်မှုအရ (+)ဂါလံ(၅၀-၅၀၀) | ၁၂၀၀၀၀၀ | ၁၅၀၀၀၀၀ |
| | | (+)ဂါလံ(၅၀၀-၁၀၀၀) | ၂၄၀၀၀၀၀ | ၃၀၀၀၀၀၀ |
| | | (+)ဂါလံ(၁၀၀၀၀)အထက်) | ၃၆၀၀၀၀၀ | ၄၅၀၀၀၀၀ |
| | | သတ်မှတ်ပါသည်။ | | |
| ၁၃ | D-1A | ပြည်တွင်းဖြစ်နိုင်ငံခြားအရက်ပြင်း(Foreign Spirit) ကိုထုတ်လုပ်ရန်၊ပေါင်းစပ်ရန်၊ရောနှောရန်၊ အရောင်ဆိုးရန်၊အနံ့ထည့်ရန်၊ပုလင်းသွပ်ရန်၊ အရက်ချက်စက်ရုံပိုင်ဆိုင်ခွင့်၊ ချက်လုပ်ခွင့်လိုင်စင်ရရောင်းချသူများကိုသာလက္ကားရောင်းချခွင့်လိုင်စင်(ပုံသေ) | ၁၂၀၀၀၀၀ | ၂၀၀၀၀၀၀ |
| ၁၄ | W-1 | ဝိုင်အရက်များထုတ်လုပ်ခွင့်လိုင်စင်(ပုံသေ) | ၁၀၀၀၀ | ၁၀၀၀၀၀ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပထမအကြိမ်ဧရာဝတီတိုင်းဒေသကြီးလွှတ်တော်

# ၂၀၁၃-၂၀၁၄ ခု၊ ဘဏ္ဍာရေးနှစ် ဧရာဝတီတိုင်းဒေသကြီး၏ နောက်ထပ် ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေ

၂၀၁၃ ခုနှစ်

# ၂၀၁၃ – ၂၀၁၄ ခု၊ဘဏ္ဍာရေးနှစ်
# ရောဝတီတိုင်းဒေသကြီး၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေ

( ရောဝတီတိုင်းဒေသကြီးလွှတ်တော်ဥပဒေအမှတ် –၉/၂၀၁၃ )

( ၁၃၇၅ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၂ ရက်)

( ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ ၂၉ ရက် )

ရောဝတီတိုင်းဒေသကြီး လွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)
## အမည်နှင့် အကျိုးသက်ရောက်သည့်ကာလ

၁။ (က) ဤဥပဒေကို ၂၀၁၃ – ၂၀၁၄ ခု၊ ဘဏ္ဍာရေးနှစ် ရောဝတီတိုင်းဒေသကြီး ၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ၂၀၁၃ – ၂၀၁၄ ခု၊ ဘဏ္ဍာရေးနှစ်အတွက် အကျိုးသက်ရောက်ရမည်။

## အခန်း (၂)
## နောက်ထပ်အသုံးစရိတ်များကို ခွင့်ပြုလျာထားပေးခြင်းနှင့်စိမံခန့်ခွဲခြင်း

၂။ (က) တိုင်းဒေသကြီးအစိုးရအဖွဲ့ ၊ တိုင်းဒေသကြီးလွှတ်တော် ၊ တိုင်းဒေသကြီးတရားလွှတ်တော် ၊ တိုင်းဒေသကြီး ဥပဒေချုပ်၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်၊ တိုင်းဒေသကြီး ဝန်ကြီးဌာနများ နှင့် တိုင်းဒေသကြီးအဆင့်အဖွဲ့အစည်းများ နှင့် စပ်လျဉ်း၍ ဇယား (၁)၊ (၂) နှင့် (၃) တို့တွင်ခွင့်ပြုထားသော သုံးငွေတို့အတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိနှင့်ယှဉ်တွဲဖော်ပြထားသော သက်ဆိုင်ရာ သုံးငွေများကို သုံးစွဲနိုင်သည်။

(ခ) ပုဒ်မခွဲ (က) တွင် ခွင့်ပြုထားသည့် ဘဏ္ဍာငွေခွဲဝေသုံးစွဲခြင်းသည် ၂၀၁၃ ခုနှစ်၊ ရောဝတီတိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေအရ ခွင့်ပြုထားသည့် ဘဏ္ဍာငွေခွဲဝေသုံးစွဲခြင်းအပြင် နောက်ထပ်သုံးစွဲခြင်းဖြစ်သည်ဟု မှတ်ယူရမည်။

၃။ (က) ပုဒ်မ ၂ ပါ တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအား တာဝန်ပေးအပ်သည့် သုံးငွေကို စီမံခန့်ခွဲရန် မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်အသီးသီး အား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ခ) သုံးငွေကို စီမံခန့်ခွဲရာတွင် ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ ၂၀၁၃ ခုနှစ်၊ ရောဝတီတိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာ ဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) (သိန်းအောင်)
ဝန်ကြီးချုပ်
ရောဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့

တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဥပဒေချုပ်၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်

ပုံစံ(၁)

(ကျပ်သန်းပေါင်း)

| စဉ် | ၂၀၁၃ ခုနှစ် တိုင်းဒေသကြီး၏ ဘဏ္ဍာငွေ ထုတ်ယူသုံးစွဲခွင့်ရှိသော ဥပဒေပါ အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | နောက်ထပ်ခွင့်ပြုသည့်သုံးငွေ: သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်း သုံးငွေ | ချေးငွေ: ထုတ်ချေးငွေ | ချေးယူရငွေအတွက် ပေးဆပ်ငွေ | ထပ်မံ အသည်းများ တွင် ရင်းနှီးငွေ |
|---|---|---|---|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ |
| ၁ | ၁ | တိုင်းဒေသကြီးအစိုးရအဖွဲ့ | တိုင်းဒေသကြီးဝန်ကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီးဝန်ကြီးချုပ်က တာဝန်ပေးသူ | ၀.၇၂၀ | | ၃၉၁၉.၀၀၀ | ၈၄၄.၁၅၀ | | | |
| ၂ | ၃ | တရားရုံးများ | တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်က တာဝန်ပေးသူ | ၆.၃၁၅ | | | | | | |
| ၃ | ၄ | ဥပဒေရုံးများ | တိုင်းဒေသကြီးဥပဒေချုပ် သို့မဟုတ် တိုင်းဒေသကြီးဥပဒေချုပ်က တာဝန်ပေးသူ | ၁၇.၂၀၉ | | | | | | |
| ၄ | ၅ | စာရင်းရုံးများ | တိုင်းဒေသကြီးစာရင်းစစ်ချုပ် သို့မဟုတ် တိုင်းဒေသကြီးစာရင်းစစ်ချုပ်က တာဝန်ပေးသူ | ၄၀.၁၀၀ | | | | | | |
| | | ပေါင်း | | ၆၄.၃၄၄ | | ၃၉၁၉.၀၀၀ | ၈၄၄.၁၅၀ | | | |

တိုင်းဒေသကြီးဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးဆဆင့်ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့

ဇယား(၂)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | ၂၀၁၄ ခုနှစ် တိုင်းဒေသကြီး၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေပါ အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | နောက်ထပ်ခွင့်ပြုသည့်သုံးငွေ | | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| | | | | အခန်းသုံးငွေ | ထတိုးပေးငွေ | ချေးငွေ | ငွေလုံးငွေရင်း သုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများအတွင်း ရင်းနှီးငွေ |
| | | | | | | | | ပေးဆပ်ချေးငွေ | ချေးယူရငွေအတွက် ပေးဆပ်ငွေ | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ |
| ၁ | ၅ | ပြည်ထဲရေး<br>၁။ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | တိုင်းဒေသကြီးဝန်ကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီးဝန်ကြီးချုပ်က တာဝန်ပေးသူ | ၁၀၇,၅၃၆<br>၁၀၇,၅၃၆ | | | | | | |
| ၂ | ၇ | လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်း<br>၁။ ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန<br>၂။ စိုက်ပျိုးရေးဦးစီးဌာန | ၎င်း | ၃၂၂,၁၆၀<br>၂၅၂,၁၆၀<br>၇၀,၀၀၀ | | | | | | |
| ၃ | ၈ | မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေး<br>၁။ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန | ၎င်း | ၈၃,၄၀၄<br>၈၃,၄၀၄ | | | | | | |
| ၄ | ၁၀ | သားသစ်<br>၁။ သားသစ်နှင့်သားထပညာဦးစီးဌာန | ၎င်း | ၃,၈၆၄<br>၃,၈၆၄ | | | | | | |
| ၅ | ၁၄ | ဆောက်လုပ်ရေး<br>၁။ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန | ၎င်း | ၅,၁၆၁<br>၅,၁၆၁ | | | ၅,၀၀၀<br>၅,၀၀၀ | | | |
| ၆ | ၁၅ | စည်ပင်သာယာရေးအဖွဲ့ | ၎င်း | ၁၅၉,၆၂၀ | | | ၈၁၀,၅၁၆ | | | |
| | | | ပေါင်း | ၆၈၁,၇၄၅ | | | ၈၁၅,၅၁၆ | | | |

# ဧရာဝတီတိုင်းဒေသကြီး ကုန်တင်ကုန်ချလုပ်ငန်း ဥပဒေ

(ဧရာဝတီတိုင်းဒေသကြီးလွှတ်တော် ဥပဒေအမှတ်-၁၀/၂၀၁၃)
(၁၃၇၅ခုနှစ်၊ နတ်တော်လဆန်း ၇ ရက်)
(၂၀၁၃ခုနှစ်၊ ဒီဇင်ဘာလ ၉ ရက်)

**နိဒါန်း**

၂၀၀၈ခုနှစ်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၈၈ အရ အပ်နှင်းအားသောလုပ်ပိုင်ခွင့်ကို ကျင့်သုံးလျက် ဧရာဝတီတိုင်းဒေသကြီးကုန်တင်ကုန်ချလုပ်ငန်းဥပဒေကို ဧရာဝတီတိုင်းဒေသကြီးလွှတ်တော်က ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)
## အမည်နှင့် အဓိပ္ပါယ်ဖော်ပြချက်

၁။ ဤဥပဒေကို ဧရာဝတီတိုင်းဒေသကြီး ကုန်တင်ကုန်ချဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပါယ်သက်ရောက်စေရမည်။

(က) **တိုင်းဒေသကြီး** ဆိုသည်မှာ ဧရာဝတီတိုင်းဒေသကြီးကို ဆိုသည်၊

(ခ) **အစိုးရအဖွဲ့** ဆိုသည်မှာ ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ကို ဆိုသည်၊

(ဂ) **ဝန်ကြီး** ဆိုသည်မှာ ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ အလုပ်သမားရေးရာကိစ္စရပ်များကို တာဝန်ယူဆောင်ရွက်သည့်ဝန်ကြီး ကိုဆိုသည်၊

(ဃ) **တိုင်းဒေသကြီးကုန်တင်ကုန်ချကော်မတီ** ဆိုသည်မှာ တိုင်းဒေသကြီးအတွင်းရှိ ကုန်တင်ကုန်ချလုပ်ငန်းများအား ကြီးကြပ်ကွပ်ကဲနိုင်ရန်အလို့ငှာ တိုင်းဒေသကြီးအစိုးရအဖွဲ့က ဤဥပဒေအရ ဖွဲ့စည်းထားသော ကော်မတီကိုဆိုသည်၊

(င) **တိုင်းဒေသကြီးကုန်တင်ကုန်ချကော်မတီရုံး** ဆိုသည်မှာ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီမံအုပ်ချုပ်မှု နယ်မြေအတွင်း၌ရှိသော ကုန်တင်ကုန်ချလုပ်ငန်းများကို ကြီးကြပ်ကွပ်ကဲ အုပ်ချုပ်ဆောင်ရွက်နိုင်ရန်အလို့ငှာ ဤဥပဒေအရ ဖွဲ့စည်းဖွင့်လှစ်ထားသည့်ရုံးကို ဆိုသည်၊

(စ) **မြို့နယ်ကုန်တင်ကုန်ချကော်မတီ** ဆိုသည်မှာ တိုင်းဒေသကြီးကုန်တင်ကုန်ချကော်မတီရုံးက တိုက်ရိုက်ကြီးကြပ်ကွပ်ကဲလျက်ရှိသော ကုန်တင်ကုန်ချလုပ်ငန်းများနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီးအစိုးရအဖွဲ့က ဤဥပဒေအရ ဖွဲ့စည်းထားသော မြို့နယ်၊ မြို့နယ်ခွဲ၊ မြို့တို့၏ကုန်တင်ကုန်ချလုပ်ငန်းများကို ကြီးကြပ်ရသော မြို့နယ်ကုန်တင်ကုန်ချကော်မတီကို ဆိုသည်၊

(ဆ) **မြို့နယ်ကုန်တင်ကုန်ချကော်မတီရုံး**ဆိုသည်မှာ မြို့နယ်ကုန်တင်ကုန်ချကော်မတီ၏ သက်ဆိုင်ရာရုံးလုပ်ငန်းတာဝန်များကို ကြီးကြပ်ကွပ်ကဲအုပ်ချုပ်ဆောင်ရွက်နိုင်ရန်အလို့ငှာ ဤဥပဒေအရ ဖွဲ့စည်းဖွင့်လှစ်ထားသည့်ရုံးကို ဆိုသည်၊

(ဇ) **ကုန်တင်ကုန်ချအလုပ်သမားကြီးကြပ်ရေးကော်မတီ**ဆိုသည်မှာ သက်ဆိုင်ရာနယ်မြေတစ်ခုအတွင်းရှိမှတ်ပုံဝင်ကုန်တင်ကုန်ချအလုပ်သမားများကို စုစည်း၍ကုန်တင်ကုန်ချလုပ်ငန်းများအား စနစ်တကျ ကြီးကြပ်အုပ်ချုပ်ရန်အလို့ငှာ ဤဥပဒေအရ ဖွဲ့စည်းခွင့်ပြုထားသော ကော်မတီကို ဆိုသည်၊

(ဈ) **ကုန်တင်ကုန်ချအလုပ်သမားကြီးကြပ်ရေးကော်မတီရုံး**ဆိုသည်မှာ ကုန်တင်ကုန်ချကြီးကြပ်ရေးကော်မတီ၏ သက်ဆိုင်ရာရုံးလုပ်ငန်းတာဝန်များကို ဆောင်ရွက်နိုင်ရန်အလို့ငှာ ဤဥပဒေအရ ဖွင့်လှစ်ခွင့်ပြုထားသည့်ရုံးကို ဆိုသည်၊

(ည) **ကုန်တင်ကုန်ချလုပ်ငန်း** ဆိုသည်မှာ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ အများပြည်သူနှင့်ဆိုင်သော လေဆိပ်၊ သင်္ဘောဆိပ်၊ မီးရထားဘူတာရုံ၊ အဝေးပြေးကားဂိတ်၊ စက်လှေဆိပ်နှင့်ဈေးကြီး စသည့် နေရာများတွင် ဥပဒေနှင့်အညီဖွဲ့စည်းထားသည့် ကုန်တင်ကုန်ချအလုပ်သမားများ၏ ကာယအားကို အသုံးပြုပြီး ကုန်ပစ္စည်းများကို အခကြေးငွေရယူ၍ အတင်၊ အချ၊ အရွှေ့၊ အပြောင်း ပြုလုပ်ပေးရသော ဝန်ဆောင်မှုလုပ်ငန်းကို ဆိုသည်၊

| အမှတ်စဉ် | ၂၀၁၃ ခုနှစ် တိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေပါ အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | နောက်ထပ်ခွင့်ပြုသည့်သုံးငွေ | | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အတိုးပေးငွေ | တောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ချေးငွေ | | အလှူ၊ ထောက်ပံ့မှုအတွက် ငွေ |
| | | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက် ပေးဆပ်ငွေ | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ |
| ၁ | ၁ | မြန်ကြားရေး<br>၁။ မြန်မာ့ရုပ်မြင်လုပ်ငန်း | တိုင်းဒေသကြီးဝန်ကြီးချုပ်<br>သို့မဟုတ်<br>တိုင်းဒေသကြီးဝန်ကြီးချုပ်က<br>တာဝန်ပေးသူ | ၄-၁၂၅<br>၄-၁၂၅ | | | | | | |
| | | ပေါင်း | | ၄-၁၂၅ | | | | | | |

၆-၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပထမအကြိမ်ဧရာဝတီတိုင်းဒေသကြီးလွှတ်တော်

# ဧရာဝတီတိုင်းဒေသကြီး
# ကုန်တင်ကုန်ချလုပ်ငန်းဥပဒေ

၂၀၁၃ ခုနှစ်

(ဠ) **ကုန်တင်ကုန်ချလုပ်ငန်းခွင့်ပြုချက်ဆိုသည်မှာ** ကုန်တင်ကုန်ချလုပ်ငန်းများနှင့်ပတ်သက်
ဤဥပဒေအရ လုပ်ကိုင်ခွင့်ပြုသည့် ခွင့်ပြုချက်ကို ဆိုသည်၊

(ဋ) **မှတ်ပုံတင်ကုန်တင်ကုန်ချအလုပ်သမားဆိုသည်မှာ** တိုင်းဒေသကြီးကုန်တင်ကုန်ချကော်မ
အသိအမှတ်ပြုထားသော မြို့နယ်ကုန်တင်ကုန်ချကော်မတီရုံးများနှင့် ဖွင့်လှစ်ခွင့်ပေးထား
ကုန်တင်ကုန်ချအလုပ်သမားကြီးကြပ်ရေးကော်မတီရုံးများတွင် ကုန်တင်ကုန်ချလုပ်ငန်းလုပ်ကို
လုပ်သားမှတ်ပုံတင်အမှတ်ရရှိပြီးသော အလုပ်သမားကို ဆိုသည်၊

(ဌ) **သက်သာချောင်ချိရေးရန်ပုံငွေဆိုသည်မှာ** မှတ်ပုံတင်ကုန်တင်ကုန်ချအလုပ်သမားများ၏
ဖူလုံရေးနှင့် ဘဝအာမခံချက်ရရှိရေးအတွက် အသုံးပြုနိုင်ရန် ၎င်းတို့၏ နေ့စဉ်လုပ်ခဝင်ငွေ
ထဲမှ သတ်မှတ်ခွင့်ပြုထားသော ရာခိုင်နှုန်းဖြင့် ဖြတ်တောက်၍ စုဆောင်းထားသည့် သက်
ချောင်ချိရေးရန်ပုံငွေကို ဆိုသည်၊

(ဎ) **ကော်မတီဆိုသည်မှာ** ဤဥပဒေအရဖွဲ့စည်းထားသော တိုင်းဒေသကြီးကုန်တင်ကုန်ချကော်
မြို့နယ်ကုန်တင်ကုန်ချကော်မတီ၊ ကုန်တင်ကုန်ချအလုပ်သမား ကြီးကြပ်ရေးကော်မတီကို ဆိုသ

## အခန်း (၂)
## ရည်ရွယ်ချက်

၃။ ဤဥပဒေ၏ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ကုန်စည်စီးဆင်းမှု မှန်ကန်မြန်ဆန်ပြီး နိုင်ငံတော်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အထေ
အကူပြုသည့် ကုန်တင်ကုန်ချလုပ်ငန်းများ စနစ်တကျရှိစေရန်၊

(ခ) ကုန်တင်ကုန်ချအလုပ်သမားများ၏ လုပ်အားနှင့်ထိုက်တန်သော လုပ်ခအပြည့်အဝ မှန်က
ရရှိစေရန်၊

(ဂ) ကုန်တင်ကုန်ချအလုပ်သမားများ၏ လုပ်ငန်းခွင်သက်သာချောင်ချိရေးနှင့် ဘဝအာမခံချက်
ရရှိစေရန်၊

(ဃ) ကုန်တင်ကုန်ချအလုပ်သမားများ၏ လုပ်ငန်းခွင်အခြေအနေ တိုးတက်ကောင်းမွန်စေရန်၊

(င) ကုန်တင်ကုန်ချအလုပ်သမားများ၏ လုပ်ငန်းခွင်စည်းကမ်းလိုက်နာမှု ကောင်းမွန်စေရန်။

## အခန်း (၃)
## ကုန်တင်ကုန်ချကော်မတီများဖွဲ့စည်းခြင်း

၄။ ဝန်ကြီးသည် တိုင်းဒေသကြီးအစိုးရအဖွဲ့၏သဘောတူညီမှုဖြင့် ကုန်တင်ကုန်ချလုပ်ငန်းများနှင့်ပတ်သ
အောက်ပါကော်မတီနှင့် ရုံးများကို ဖွဲ့စည်းခွင့်ရှိသည် -

(က) တိုင်းဒေသကြီး ကုန်တင်ကုန်ချကော်မတီကို အောက်ဖော်ပြပါ ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမ

| | | |
|---|---|---|
| (၁) | အုပ်ချုပ်ရေးမှူး၊ တိုင်းဒေသကြီးကုန်တင်ကုန်ချလုပ်ငန်းရုံး | ဥက္ကဋ္ဌ |
| (၂) | တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးမှ ကိုယ်စားလှယ်တစ်ဦး | အဖွဲ့ဝင် |
| (၃) | ပြည်တွင်းရေကြောင်းပို့ဆောင်ရေးဦးစီးဌာနမှ ကိုယ်စားလှယ်တစ်ဦး | အဖွဲ့ဝင် |
| (၄) | သမဝါယမဦးစီးဌာနမှ ကိုယ်စားလှယ်တစ်ဦး | အဖွဲ့ဝင် |
| (၅) | ပို့ဆောင်ဆက်သွယ်ရေးဦးစီးဌာနမှ ကိုယ်စားလှယ်တစ်ဦး | အဖွဲ့ဝင် |
| (၆) | မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ကိုယ်စားလှယ်တစ်ဦး | အဖွဲ့ဝင် |
| (၇) | အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ ကိုယ်စားလှယ်တစ်ဦး | အဖွဲ့ဝင် |
| (၈) | ဥက္ကဋ္ဌမှခန့်အပ်သည့် တိုင်းဒေသကြီး (သို့မဟုတ်) မြို့နယ်ကုန်တင်ကုန်ချလုပ်ငန်းရုံးမှ ဝန်ထမ်းတစ်ဦး | အတွင်းရေးမှ |

(ခ) တိုင်းဒေသကြီးကုန်တင်ကုန်ချကော်မတီရုံးကို ဌာနဆိုင်ရာဖွဲ့စည်းပုံများနှင့်အညီ ဖွင့်လှစ်ရမည်၊

(ဂ) မြို့နယ် ကုန်တင်ကုန်ချကော်မတီကို အောက်ဖော်ပြပါ ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည်-

| | | |
|---|---|---|
| (၁) | ဦးစီးအရာရှိ /မြို့နယ်ဒုတိယဦးစီးဌာနမှူး မြို့နယ်ကုန်တင်ကုန်ချကော်မတီရုံး | ဥက္ကဋ္ဌ |
| (၂) | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ကိုယ်စားလှယ် | အဖွဲ့ဝင် |
| (၃) | မြို့နယ်ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာနရောင်းဝယ်ရေးမှကိုယ်စားလှယ် | အဖွဲ့ဝင် |
| (၄) | မြို့နယ်သမဝါယမအသင်းစုမှကိုယ်စားလှယ် | အဖွဲ့ဝင် |
| (၅) | ဒုရဲအုပ်အဆင့်ထက်မနိမ့်သော မြန်မာနိုင်ငံရဲတပ်ဖွဲ့မှကိုယ်စားလှယ် | အဖွဲ့ဝင် |
| (၆) | မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ကိုယ်စားလှယ် | အဖွဲ့ဝင် |
| (၇) | မြန်မာ့မီးရထားမှ ကိုယ်စားလှယ် | အဖွဲ့ဝင် |
| (၈) | ပြည်တွင်းရေကြောင်းပို့ဆောင်ရေးဦးစီးဌာနမှကိုယ်စားလှယ် | အဖွဲ့ဝင် |
| (၉) | ကုန်သည်ကြီးများအသင်းမှကိုယ်စားလှယ် | အဖွဲ့ဝင် |
| (၁၀) | စက်လှေအသင်းမှကိုယ်စားလှယ် | အဖွဲ့ဝင် |
| (၁၁) | မော်တော်ယာဉ်အသင်းမှ ကိုယ်စားလှယ် | အဖွဲ့ဝင် |
| (၁၂) | ကြီးကြပ်ရေးမှူး (သို့မဟုတ်) စာရင်းကိုင် မြို့နယ်ကုန်တင်ကုန်ချကော်မတီရုံး အတွင်းရေးမှူး | အတွင်းရေးမှူး |

(ဃ) လက်ရှိဆောင်ရွက်လျက်ရှိသော မြို့နယ်ကုန်တင်ကုန်ချ ကော်မတီနှင့် ရုံးများကို လက်ရှိ ဆောင်ရွက်လျက်ရှိသော ဖွဲ့စည်းပုံနှင့် အင်အားအတိုင်း ဆောင်ရွက်နိုင်သည်၊

(င) လက်ရှိဆောင်ရွက်လျက်ရှိသော မြို့နယ်ကုန်တင်ကုန်ချ အလုပ်သမားကြီးကြပ်ရေးကော်မတီ နှင့်ရုံးများကို လက်ရှိ ဆောင်ရွက်လျက်ရှိသော ဖွဲ့စည်းပုံနှင့် အင်အားအတိုင်း ဆောင်ရွက်နိုင်သည်။

၃။ တိုင်းဒေသကြီး ကုန်တင်ကုန်ချကော်မတီ၏ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့်အဖွဲ့ဝင်များ ပြောင်းလဲခြင်း၊ ပြင်ဆင်ခြင်းများအား ဝန်ကြီး၏ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်ရမည်။

၄။ မြို့နယ် ကုန်တင်ကုန်ချကော်မတီနှင့် မြို့နယ်ကုန်တင်ကုန်ချအလုပ်သမားကြီးကြပ်ရေးကော်မတီတို့၏ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့်အဖွဲ့ဝင်များ ပြောင်းလဲခြင်း၊ ပြင်ဆင်ခြင်းများအား တိုင်းဒေသကြီးကုန်တင်ကုန်ချကော်မတီ မှတစ်ဆင့် ဝန်ကြီးထံသို့ တင်ပြ၍ ခွင့်ပြုချက်ရယူဆောင်ရွက်ရမည်။

## အခန်း (၄)

## ကုန်တင်ကုန်ချကော်မတီများ၏ လုပ်ငန်းတာဝန်များ

၇။ တိုင်းဒေသကြီးကုန်တင်ကုန်ချကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်

(က) ကုန်တင်ကုန်ချလုပ်ငန်းများကို ဤဥပဒေနှင့် ဤဥပဒေအရထုတ်ပြန်သည့် နည်းဥပဒေ လုပ်ထုံးလုပ်နည်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်နှင့်ညွှန်ကြားချက်များ၊စည်းကမ်းချက် အညီ လုပ်ကိုင်ဆောင်ရွက်ခြင်းရှိ/မရှိ ဝင်ရောက်စစ်ဆေးခြင်း သို့မဟုတ် အရာရှိတစ်ဦ ဖြစ်စေ၊ အဖွဲ့ ဖွဲ့စည်း၍ဖြစ်စေ ဝင်ရောက်စစ်ဆေးခြင်း၊

(ခ) မြို့နယ်ကုန်တင်ကုန်ချကော်မတီများနှင့် ကုန်တင်ကုန်ချအလုပ်သမား ကြီးကြပ်ရေးကော် သက်သာချောင်ချိရေးရန်ပုံငွေနှင့် ငွေကြေးစာရင်းဇယားများအား စစ်ဆေးခြင်း၊ အတည် ကန့်ကွက်ခြင်းနှင့် အရေးယူခြင်း၊

(ဂ) ဤဥပဒေအရ ထုတ်ပြန်မည့် နည်းဥပဒေများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်နှင့်ညွှန်ကြားချ သို့မဟုတ် စည်းကမ်းချက်များ၏ မူကြမ်းများကိုရေးဆွဲ၍ ဝန်ကြီးမှတဆင့် တိုင်းဒေသကြ အစိုးရအဖွဲ့သို့ တင်ပြခြင်း၊

(ဃ) မြို့နယ်ကုန်တင်ကုန်ချကော်မတီများနှင့် ကုန်တင်ကုန်ချအလုပ်သမား ကြီးကြပ်ရေးကော် များက ကုန်တင်ကုန်ချလုပ်ငန်း လုပ်ကိုင်လိုသူ အလုပ်သမားများအား မှတ်ပုံတင်ပြီးကြေ တင်ပြချက်များကို အတည်ပြုခြင်း၊

(င) ကုန်တင်ကုန်ချအလုပ်သမားများ ဒေသန္တရ ကုန်ဈေးနှုန်းများနှင့်အညီ လိုက်လျောညီထွေ ကုန်တင်ကုန်ချလုပ်ခများ ရရှိစေရေးအတွက် ဒေသဆိုင်ရာအုပ်ချုပ်ရေးမှူးများ၏ ခွင့်ပြုချ ထိုက်တန်သော လုပ်ခနှုန်းထားရရှိရေးကို ညှိနှိုင်းဆောင်ရွက်ပေးခြင်းနှင့် အတည်ပြုခြင်

(စ) မြို့နယ်ကုန်တင်ကုန်ချကော်မတီများနှင့် ကုန်တင်ကုန်ချအလုပ်သမား ကြီးကြပ်ရေးကော် အဖွဲ့ဝင်များ ခန့်ထားခြင်း၊ ပြင်ဆင်ပြောင်းလဲခြင်း၊ ရပ်စဲခြင်း၊ နုတ်ထွက်ခြင်းများနှင့်စပ်လျဉ်း ကိစ္စရပ်များအား ဥပဒေနှင့်အညီ ကြီးကြပ်ခြင်းနှင့် အတည်ပြုအမိန့်များ ထုတ်ပြန်ခြင်း၊

(ဆ) မှတ်ပုံတင်ကုန်တင်ကုန်ချအလုပ်သမားများအား လုပ်ငန်းခွင်ကြီးကြပ်နိုင်ရေးအတွက် အလုပ်သမ အလုပ်သမားစုမှူး၊ စောင့်ရှောက်ရေးမှူး စသည့်ရာထူးများ ခန့်ထားခြင်း၊ နုတ်ထွက်ခြင်း၊ရပ် တို့နှင့်ပတ်သက်၍ ကြီးကြပ်ခြင်း၊ အတည်ပြုအမိန့်များ ထုတ်ပြန်ခြင်း၊

(ဇ) မှတ်ပုံတင်ကုန်တင်ကုန်ချအလုပ်သမားများအား ကြီးကြပ်ရန်တာဝန်ပေးထားသည့် အရာရှိ ကြီးကြပ်ရေးမှူးများ၊ စာရင်းကိုင်များ၊ စောင့်ရှောက်ရေးမှူးများ၊ အလုပ်သမားစုမှူးများ၊ အလုပ်သမားမှူးများ၏ တာဝန်ဝတ္တရားများကို သတ်မှတ်ပေးခြင်းနှင့် ယင်းတာဝန်ဝတ္တရားများ ကျေပွန်စွာထမ်းဆောင်ခြင်းရှိ/မရှိ ကြီးကြပ်ခြင်း၊ စစ်ဆေးခြင်းနှင့် လိုအပ်ပါက အရေးယူ

(ဈ) အလုပ်သမားအသစ်များ တိုးချဲ့ခန့်ထားခြင်းနှင့် မှတ်ပုံဝင်ကုန်တင်ကုန်ချအလုပ်သမားအင် လျှော့ခြင်း၊ ပြစ်မှုကျူးလွန်သော မှတ်ပုံဝင်အလုပ်သမားတို့ကို အရေးယူခြင်း၊ ထုတ်ပယ်ခြင်းကိ များအား ကြီးကြပ်ခြင်းနှင့် အတည်ပြုအမိန့်များ ထုတ်ပြန်ခြင်း၊

(ည) ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ဆောင်ရွက်လျက်ရှိသော ကုန်တင်ကုန်ချလုပ်ငန်းများရှိ မှတ်ပုံဝင်ကုန် ကုန်ချအလုပ်သမားများအနက် တစ်ဦးဦးကဖြစ်စေ၊ အစုအဖွဲ့အလိုက်ဖြစ်စေ ၎င်းတို့၏နစ် များကို တင်ပြတိုင်ကြားလာပါက စုံစမ်းစစ်ဆေးရေးအဖွဲ့များ ဖွဲ့စည်းစစ်ဆေးခြင်း၊

(ဋ) ကုန်တင်ကုန်ချအလုပ်သမားများအား ခန့်အပ်တာဝန်ပေးအပ်ခြင်း၊ မှတ်ပုံတင်ခြင်းနှင့်စပ်လျဉ် လိုအပ်ချက်များနှင့် စည်းကမ်းချက်များ သတ်မှတ်ပေးခြင်း၊

(ဌ) ကုန်တင်ကုန်ချလုပ်ငန်းများတွင် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် မတော်တဆထိခိုက်မှုမဖြစ်ပွားစေရေးတို့အတွက် စနစ်တကျဆောင်ရွက်ပေးခြင်း၊

(ဍ) ကုန်တင်ကုန်ချအလုပ်သမားများ၏ သက်သာချောင်ချိရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းနှင့် သက်သာချောင်ချိရေးရန်ပုံငွေများတည်ထောင်ခြင်း၊ စီမံခန့်ခွဲခြင်းတို့နှင့်စပ်လျဉ်း၍ စစ်ဆေးခြင်းနှင့် ကြီးကြပ်ခြင်း၊

(ဎ) ကုန်တင်ကုန်ချလုပ်ငန်းခွင်တည်ငြိမ်အေးချမ်းရေးနှင့် လုပ်ငန်းခွင်စည်းကမ်းချက်များ သတ်မှတ်ခြင်းနှင့် အပြစ်ပေးအရေးယူခြင်း၊

(ဏ) မြို့နယ်ကုန်တင်ကုန်ချကော်မတီ၏ လုပ်ငန်းတာဝန်များကို စနစ်တကျဆောင်ရွက်နိုင်ရန်အတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့က ဥပဒေနှင့်အညီ ခန့်အပ်ပေးထားသော ဦးစီးအရာရှိနှင့် အဖွဲ့ဝင်များကိုအခြေခံလျက် မြို့နယ်ကုန်တင်ကုန်ချကော်မတီရုံးကို ဖွဲ့စည်းပြီး လုပ်ငန်းတာဝန်များ သတ်မှတ်ခြင်း၊

(တ) ဌာနခွဲအလိုက် လုပ်ငန်းခွင်ကြီးကြပ်ရေးကော်မတီ၏ လုပ်ငန်းတာဝန်များကို စနစ်တကျဆောင်ရွက်နိုင်ရန်အတွက် လုပ်ငန်းခွင့်ပြုချက်ရရှိသူ သို့မဟုတ် ၎င်းကခန့်အပ်တာဝန်ပေးထားသူများနှင့် အလုပ်သမားမျူးအဆင့်ဆင့်တို့၏ ကိုယ်စားလှယ်အဖွဲ့ဝင်များကို အခြေခံလျက် လုပ်ငန်းခွင်ကြီးကြပ်ရေးကော်မတီရုံးကို ဖွဲ့စည်းပြီးလုပ်ငန်းတာဝန်များသတ်မှတ်ခြင်း၊

(ထ) မြို့နယ်ကုန်တင်ကုန်ချကြီးကြပ်ရေးရုံးများ၏ ရသုံးမှန်းခြေ (ကော်မတီရန်ပုံငွေ) စာရင်းများအား အတည်ပြုသတ်မှတ်ပေးခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်း၊

(ဒ) တိုင်းဒေသကြီးကုန်တင်ကုန်ချကြီးကြပ်ရေးကော်မတီသည် တိုင်းဒေသကြီးကုန်တင်ကုန်ချလုပ်ငန်းနှင့်သက်ဆိုင်သည့် အလံပုံစံ၊ အလံအရွယ်အစား၊ ရုံးတံဆိပ်၊ ရင်ထိုး၊ လက်မောင်း တံဆိပ်နှင့် ဝတ်စုံ (**Uniform**) များကိုသတ်မှတ်ပေးပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် အတည်ပြုပြဋ္ဌာန်းခြင်း။

၈။ မြို့နယ်ကုန်တင်ကုန်ချကော်မတီ၏လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) မြို့နယ်အတွင်းရှိကုန်တင်ကုန်ချလုပ်ငန်းများ စနစ်တကျရှိစေရေးနှင့် မှတ်ပုံဝင်ကုန်တင်ကုန်ချအလုပ်သမားများ သက်သာချောင်ချိရေးတို့အတွက် ဤဥပဒေအရထုတ်ပြန်ထားသည့် အမိန့်နှင့်ညွှန်ကြားချက်များ၊ ဘဏ္ဍာရေးစည်းမျဉ်းများနှင့်အညီ ကြီးကြပ်ဆောင်ရွက်ခြင်းနှင့် စစ်ဆေးခြင်း၊

(ခ) မြို့နယ်အတွင်းရှိကုန်တင်ကုန်ချလုပ်ငန်းများတွင် မှတ်ပုံဝင်ကုန်တင်ကုန်ချအလုပ်သမားအဖြစ် လုပ်ကိုင်လိုသူများရှိပါက စနစ်တကျရွေးချယ်၍ မှတ်ပုံတင်ခွင့်ရရှိရေးအတွက်ဆောင်ရွက်ပေးခြင်းနှင့် တိုင်းဒေသကြီးကုန်တင်ကုန်ချကော်မတီသို့ တင်ပြ၍ အတည်ပြုချက်ရယူခြင်း၊

(ဂ) ဖြစ်သင့်သည့် အနည်းဆုံးမှတ်ပုံဝင်ကုန်တင်ကုန်ချအလုပ်သမားနှင့် အများဆုံးမှတ်ပုံဝင် ကုန်တင်ကုန်ချအလုပ်သမားအင်အား သတ်မှတ်ချက်များ၊ ကရုဏာကြေးသတ်မှတ်ချက်များ၊ ဆောင်ရွက်ချက်များကို ပြုစု၍ တိုင်းဒေသကြီးကုန်တင်ကုန်ချကော်မတီသို့ တင်ပြအတည်ပြုချက်ရယူခြင်း၊

(ဃ) မှတ်ပုံဝင်ကုန်တင်ကုန်ချအလုပ်သမားများအတွက် ဒေသန္တရကုန်ဈေးနှုန်းများနှင့် လိုက်လျောညီထွေရှိသည့် ကုန်တင်ကုန်ချလုပ်ခများ တိုးမြှင့်ရန်လိုအပ်လာပါက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့တင်ပြ၍ ဆက်စပ်ပတ်သက်သည့် ကုန်သည်များ၊ လုပ်ငန်းရှင်များနှင့် ညှိနှိုင်းခြင်း၊ သင့်တင့်လျောက်ပတ်သည့် ကုန်တင်ကုန်ချဈေးနှုန်းများကို ပြင်ဆင်သတ်မှတ်၍ မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ပြန်လည်တင်ပြခွင့်ပြုချက်ရယူပြီး တိုင်းဒေသကြီးကုန်တင်ကုန်ချကော်မတီသို့ အတည်ပြုနိုင်ရေးတင်ပြခြင်း၊

(င) မြို့နယ်ရုံးလက်အောက်ရှိ လုပ်ငန်းအဖွဲ့များအလိုက် လုပ်ငန်းခွင်ကြီးကြပ်ရေးကော်မတီများ ဖွဲ့စည်းဆောင်ရွက်ခြင်း၊

(စ) ကုန်တင်ကုန်ချဈေးနှုန်းများ ညှိနှိုင်းဆောင်ရွက်ရာတွင် မြို့နယ်အဆင့်နှင့်မပြီးပြတ်ပါက တိုင်းဒေသကြီးကုန်တင်ကုန်ချကော်မတီသို့ ဆက်လက်ညှိနှိုင်းပေးရန်အတွက် တင်ပြဆောင်ရွက်ခြင်း၊

(ဆ) မြို့နယ်ကုန်တင်ကုန်ချကော်မတီသည် နှစ်စဉ်ဘဏ္ဍာရေးနှစ်အတွက် ရသုံးမှန်းခြေ(ကော်မတီရန်ပုံငွေ) စာရင်းကို ဉက္ကဋ္ဌမှတာဝန်ယူရေးဆွဲ၍ တိုင်းဒေသကြီးကုန်တင်ကုန်ချကြီးကြပ်ရေးကော်မတီသို့ တင်ပြခြင်းနှင့် အတည်ပြုချက်ရယူဆောင်ရွက်ခြင်း၊

(ဇ) တိုင်းဒေသကြီးကုန်တင်ကုန်ချကော်မတီမှ အခါအားလျော်စွာ ညွှန်ကြားသောလုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။ '

## အခန်း (၅)

## ခွင့်ပြုချက်တောင်းခံခြင်း၊ ထုတ်ပေးခြင်း၊ ငြင်းပယ်ခြင်းနှင့် ပြန်လည်ရုပ်သိမ်းခြင်း

၉။ ၁၉၄၇ ခုနှစ်၊ အရေးကြီးကုန်ပစ္စည်းများနှင့် ဆောင်ရွက်မှုများဆိုင်ရာ အက်ဥပဒေအရ ထုတ်ပြန်ခဲ့သည့် ၁၉၅၉ ခုနှစ်၊ အလုပ်သမားများ အလုပ်အကိုင် ကြီးကြပ်အုပ်ချုပ်ရေးအမိန့်အရလည်းကောင်း၊ ယင်းအမိန့်အရ ပြုလုပ်သည့် ၁၉၇၀ ပြည့်နှစ် ပြည်တွင်းကုန်တင်ကုန်ချ အလုပ်သမားများ စောင့်ရှောက်ရေး စည်းမျဉ်းဥပဒေများဖြင့်လည်းကောင်း လုပ်ကိုင်လျက်ရှိသော ယင်းအလုပ်သမားဝန်ကြီးဌာန လက်အောက်ရှိ ကုန်တင်ကုန်ချကော်မတီရုံးများသည် တိုင်းဒေသကြီးကုန်တင်ကုန်ချကော်မတီရုံးမှတစ်ဆင့် တိုင်းဒေသကြီးအစိုးရ အဖွဲ့၏ အတည်ပြုချက်ဖြင့် သက်ဆိုင်ရာမြို့နယ်များတွင် ကုန်တင်ကုန်ချလုပ်ငန်းများကို ဆက်လက်လုပ်ကိုင်ခွင့် ရှိရမည်။

၁၀။ ကုန်တင်ကုန်ချအလုပ်သမား(၅၀)ဦးနှင့်အထက်ရှိပြီး တစ်နှစ်အတွင်း အလုပ်လုပ်ချိန်ကာလ(၄)လရှိသည့် ကုန်တင်ကုန်ချလုပ်ငန်းတစ်ရပ်ရပ်ကို လုပ်ကိုင်လျက်ရှိသော သို့မဟုတ် လုပ်ကိုင်လိုသော အောက်ဖော်ပြပါ လုပ်ငန်းတစ်ရပ်ရပ်သည် မြို့နယ်ကုန်တင်ကုန်ချကော်မတီရုံးနှင့် သက်ဆိုင်ရာမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တစ်ဆင့် သတ်မှတ်ချက်များနှင့်အညီ ကုန်တင်ကုန်ချလုပ်ငန်းလုပ်ကိုင်ခွင့်လျှောက်လွှာများကို စိစစ်တင်ပြချက်နှင့်အတူ တိုင်းဒေသကြီးကုန်တင်ကုန်ချကော်မတီသို့ ခွင့်ပြုချက်လျှောက်ထားရမည် -

(က) ကားကြီးရပ်ကွင်းများ၊ ဈေးများ၊ ပွဲရုံများ၊ သင်္ဘောဆိပ်၊ လေဆိပ်၊ ကားဂိတ်၊ စက်လှေဆိပ်၊ ဘူတာရုံ စသည့် အများပြည်သူသွားလာရေးဆိုင်ရာ နေရာဌာနများရှိ ပုဂ္ဂလိကအဖွဲ့အစည်းများက ကြီးကြပ်ဆောင်ရွက်လျက်ရှိသည့် ကုန်တင်ကုန်ချလုပ်ငန်းများကို လုပ်ကိုင်လိုသူများ၊

(ခ) စည်ပင်သာယာရေးကော်မတီ သို့မဟုတ် စည်ပင်သာယာရေးအဖွဲ့က ကြီးကြပ်လျက်ရှိသော ဈေးများ၊ လေလံရ ကူးတို့ဆိပ်များ၊ သင်္ဘောဆိပ်ကမ်းများတွင် ကုန်တင်ကုန်ချလုပ်ငန်း လုပ်ကိုင်နေသူများ၊

(ဂ) အစိုးရဌာနမဟုတ်သော အဖွဲ့အစည်းများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များက တာဝန်ယူဆောင်ရွက်လျက်ရှိသော ပစ္စည်းသယ်ဆောင်သည့် ဝန်ဆောင်မှုလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်နေသူများ၊

(ဃ) နိုင်ငံပိုင်စက်ရုံ အလုပ်ရုံများတွင် ကုန်တင်ကုန်ချလုပ်ငန်း လုပ်ကိုင်သည့်ဌာန၊ အဖွဲ့အစည်းများ။

၁၁။ ဝန်ကြီးသည်တိုင်းဒေသကြီးအစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် ပုဒ်မ ၁၀ အရ ကုန်တင်ကုန်ချလုပ်ငန်း လုပ်ကိုင်ခွင့်လျှောက်ထားခြင်းနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီး ကုန်တင်ကုန်ချကော်မတီ၏တင်ပြချက်ကို စိစစ်ပြီး စည်းကမ်းချက်များသတ်မှတ်၍ ခွင့်ပြုချက်ထုတ်ပေးခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

၁၂။ ကုန်တင်ကုန်ချလုပ်ငန်းလုပ်ကိုင်ရန် ခွင့်ပြုချက်ရရှိသည့် လုပ်ငန်းတစ်ရပ်ရပ်သည် တိုင်းဒေသကြီး ကုန်တင်ကုန်ချ ကော်မတီ၏ စီမံခန့်ခွဲမှုအရ သက်ဆိုင်ရာ မြို့နယ်ကုန်တင်ကုန်ချကော်မတီရုံး၏ ကြီးကြပ်ကွပ်ကဲမှုအောက်၌ လုပ်ငန်းဌာနခွဲတစ်ခုအနေဖြင့် လုပ်ကိုင်ဆောင်ရွက်ရမည်။

၁၃။ ဝန်ကြီးသည်တိုင်းဒေသကြီးအစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် ထုတ်ပေးထားသောခွင့်ပြုချက်ကို ဤဥပဒေအရ ထုတ်ပြန်ထားသော နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများ၊ စည်းမျဉ်းစည်းကမ်းများ၊ အမိန့်နှင့် ညွှန်ကြားချက်များအနက် တစ်ရပ်ရပ်ဖောက်ဖျက်လျှင် သတ်မှတ်ကာလမတိုင်မီ ပြန်လည်ရုပ်သိမ်းနိုင်သည်။

## အခန်း (၆)
## ကုန်တင်ကုန်ချကော်မတီရုံးအားဖျက်သိမ်းခြင်း

၁၄။ မြို့နယ်ကုန်တင်ကုန်ချကော်မတီရုံး သို့မဟုတ် မြို့နယ်ကုန်တင်ကုန်ချကြီးကြပ်ရေးကော်မတီရုံးတစ်ခုခုသည် လမ်းပန်းဆက်သွယ်မှုအခြေအနေများ ပြောင်းလဲမှုကြောင့်ဖြစ်စေ၊ လုပ်ငန်းနေရာ ပြောင်းရွှေ့ခြင်းအပါအဝင် အခြားလုံလောက်သော အကြောင်းတစ်ရပ်ရပ်ကြောင့်ဖြစ်စေ၊ ကုန်တင်ကုန်ချလုပ်ငန်းများလျော့ကျလာခြင်းကြောင့် ခွင့်ပြုထားသည့် လုပ်ငန်းခွင့်ပြုချက်သက်တမ်းကာလမတိုင်မီ ဖျက်သိမ်းရမည့်အခြေအနေမျိုးကြုံတွေ့ရလျှင်ဖြစ်စေ ထိုအခြေအနေကို အကျိုးအကြောင်းပြည့်စုံစွာဖော်ပြလျက် ဖျက်သိမ်းခွင့်ပြုရန် တိုင်းဒေသကြီးကုန်တင်ကုန်ချကော်မတီသို့ တင်ပြတောင်းခံရမည်။

၁၅။ တိုင်းဒေသကြီးကုန်တင်ကုန်ချကော်မတီသည် ပုဒ်မ ၁၄ အရ တင်ပြချက်ကိုစိစစ်၍ လိုအပ်ပါက ကွင်းဆင်းစစ်ဆေးပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့၏ခွင့်ပြုချက်ဖြင့် မြို့နယ်ကုန်တင်ကုန်ချအလုပ်သမားကြီးကြပ်ရေးကော်မတီရုံးကို ဖျက်သိမ်းခွင့်ပြုနိုင်သည်။

၁၆။ ပုဒ်မ ၁၅ အရ ဖျက်သိမ်းခွင့်ရရှိသော မြို့နယ်ကုန်တင်ကုန်ချရုံး သို့မဟုတ် မြို့နယ်ကုန်တင်ကုန်ချအလုပ်သမားကြီးကြပ်ရေးကော်မတီရုံးသည်မိမိပိုင်ပြောင်းရွှေ့နိုင်သော ပစ္စည်းများ၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများနှင့် သက်သာချောင်ချိရေးရန်ပုံငွေတို့ကို သတ်မှတ်ချက်များနှင့်အညီ စာရင်းရှင်းလင်း ဖျက်သိမ်းမည်။

၁၇။ မြို့နယ်ကုန်တင်ကုန်ချကော်မတီ သို့မဟုတ် မြို့နယ်ကုန်တင်ကုန်ချကော်မတီရုံး သို့မဟုတ် မြို့နယ် ကုန်တင်ကုန်ချအလုပ်သမားကြီးကြပ်ရေးကော်မတီရုံးသည် စာရင်းရှင်းလင်းဖျက်သိမ်းပြီးပါက ယင်းသို့ပြီးစီးကြောင်းကို စာရင်းရှင်းတမ်းအပြည့်အစုံနှင့်တကွ တိုင်းဒေသကြီးကုန်တင်ကုန်ချကော်မတီရုံးသို့ အစီရင်ခံတင်ပြရမည်။

၁၈။ တိုင်းဒေသကြီးကုန်တင်ကုန်ချကော်မတီသည် ဖျက်သိမ်းသည့်မြို့နယ်ကုန်တင်ကုန်ချကော်မတီ သို့မဟုတ် မြို့နယ်ကုန်တင်ကုန်ချကော်မတီရုံး သို့မဟုတ် အလုပ်သမားကြီးကြပ်ရေးကော်မတီရုံး၏ စာရင်းရှင်းလင်း ဖျက်သိမ်းပြီးစီးမှုအား တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ တင်ပြအစီရင်ခံရမည်။

## အခန်း (၇)
## သက်သာချောင်ချိရေးရန်ပုံငွေ ထူထောင်ခြင်း၊ ထိန်းသိမ်းခြင်းနှင့် စီမံခန့်ခွဲခြင်း

၁၉။ မြို့နယ်ကုန်တင်ကုန်ချကော်မတီရုံး သို့မဟုတ် မြို့နယ်ကုန်တင်ကုန်ချအလုပ်သမားကြီးကြပ်ရေးကော်မတီရုံးလက်အောက်ရှိ မြို့နယ်လုပ်ငန်းဌာနခွဲကြီးကြပ်ရေးကော်မတီနှင့် ဌာနခွဲများသည် မှတ်ပုံတင်ကုန်တင်ကုန်ချအလုပ်သမားများ၏ လူမှုဖူလုံရေးနှင့် ဘဝအာမခံချက်ရရှိရေးအတွက် သက်သာချောင်ချိရေးရန်ပုံငွေတစ်ရပ်ကို သတ်မှတ်ချက်များနှင့်အညီ ထူထောင်ထားရှိရေး ကြီးကြပ်ကွပ်ကဲ ဆောင်ရွက်ရမည်-

(က) ငွေလက်ငင်းအကျိုးခံစားခွင့်တွင် မကျန်းမာမှုဆိုင်ရာခံစားခွင့်၊ အလုပ်ခွင်ထိခိုက်မှုခံစားခွင့်၊ သက်ကြီးရွယ်အိုခံစားခွင့်၊ မသန်စွမ်းမှုဆိုင်ရာခံစားခွင့်၊ အလုပ်မှနုတ်ထွက်ဆိုင်ရာခံစားခွင့်၊ သေဆုံးမှုဆိုင်ရာခံစားခွင့်၊ မီးဖွါးမှုဆိုင်ရာခံစားခွင့်၊ ပညာရေးဆိုင်ရာခံစားခွင့်များကိုခံစားစေရမည်။ လူမှုဖူလုံရေးဥပဒေအရ အကျုံးဝင်သောမြို့နယ်ဖြစ်ပါက ထိုအလုပ်သမားသည် လူမှုဖူလုံရေးဥပဒေအရ အကျိုးခံစားခွင့် ရှိစေရမည်။ လူမှုဖူလုံရေးဥပဒေအရ အကျုံးမဝင်သော အလုပ်သမား ဖြစ်ပါက မြို့နယ်ကုန်တင်ကုန်ချကော်မတီ၏ သတ်မှတ်ချက်နှင့်အညီ ခံစားခွင့်ရှိစေရမည်၊

(ခ) လုပ်ငန်းခွင်အတွင်း သက်သာချောင်ချိရေး ခံစားခွင့်ရရှိစေရန် လိုအပ်သောလုပ်ငန်းခွင်သုံး ကိရိယာများ လုံလောက်စွာ စီစဉ်ထားရှိခြင်း၊ သန့်ရှင်းစင်ကြယ်သော သောက်သုံးရေများ လုံလောက်စွာ ထားရှိခြင်း၊ ရှေးဦးသူနာပြုသေတ္တာနှင့် လိုအပ်သောဆေးဝါးများ စီစဉ်ထားရှိခြင်း၊ တူညီဝတ်စုံများ ထုတ်ပေးခြင်းများကို တိုင်းဒေသကြီးကုန်တင်ကုန်ချကော်မတီရုံးသို့ တင်ပြ၍ ဆောင်ရွက်ရမည်၊ ·

(ဂ) လုပ်ငန်းခွင်ပြင်ပသက်သာချောင်ချိရေးခံစားခွင့်များ ရရှိစေရန်၊ လုပ်သားများအားလပ်ချိန်တွင် နားနေနိုင်ရန် အလုပ်သမားရိပ်သာများဆောက်လုပ်ပေးခြင်း၊ ကွပ်ပျစ်/ဖယောင်းပုဆိုး/ ဖျာများ စီစဉ်ပေးခြင်း၊ သန့်စင်ခန်း/ ရေချိုးခန်းများ လုံလောက်စွာ စီစဉ်ပေးခြင်း၊ ဗဟုသုတတိုးပွါးစေရန် ရုပ်မြင်သံကြားစက်၊ ဗီဒီယိုပြစက်၊ ဂြိုဟ်တုရုပ်သံဖမ်းစက်များ စီစဉ်ထားရှိခြင်း၊ စာကြည့်တိုက်/ စာဖတ်ခန်းများ စီစဉ်ထားရှိခြင်းတို့ကို တိုင်းဒေသကြီးကုန်တင်ကုန်ချကော်မတီရုံးသို့ တင်ပြ၍ ဆောင်ရွက်ရမည်။

၂၀။ မြို့နယ်ကုန်တင်ကုန်ချကော်မတီသည် သက်သာချောင်ချိရေးရန်ပုံငွေထိန်းသိမ်းခြင်း၊ သုံးစွဲခြင်း၊ ကရုဏာကြေးများသတ်မှတ်ခြင်း၊ စီမံခန့်ခွဲခြင်းတို့နှင့်စပ်လျဉ်း၍ သတ်မှတ်ထားသော ဘဏ္ဍာရေးစည်းမျဉ်းများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ တာဝန်ယူဆောင်ရွက်ရမည်။

၂၁။ ကုန်တင်ကုန်ချလုပ်ငန်းခွင့်ပြုချက်ရရှိသည့် လုပ်ငန်းတစ်ရပ်ရပ်သည် သက်သာချောင်ချိရေးရန်ပုံငွေ ထူထောင်ခြင်း၊ ထိန်းသိမ်းခြင်း၊ သုံးစွဲခြင်း၊ စီမံခန့်ခွဲခြင်းတို့နှင့်စပ်လျဉ်း၍ သတ်မှတ်ထားသော ဘဏ္ဍာရေး စည်းမျဉ်းများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ တာဝန်ယူဆောင်ရွက်ရမည်။

## အခန်း (၈)

## လုပ်သားအင်အားဖွဲ့စည်းခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်း

၂၂။ သက်ဆိုင်ရာမြို့နယ်အတွင်းရှိ ကုန်တင်ကုန်ချလုပ်ငန်းပမာဏနှင့် လုပ်ငန်းလုပ်ကွက်များကိုအခြေခံ၍ သယ်ယူပို့ဆောင်မှုနှင့် အတင်အချလုပ်ငန်းများကို နိုင်နင်းစွာဆောင်ရွက်နိုင်ရန်၊ လုပ်သားများ၏လုပ်အားကိုမျှတစေရန်၊ အလုပ်သမားတစ်ဦးစီ၏ လုပ်ခဝင်ငွေများ လျော့နည်းကျဆင်းမှုမရှိစေရန်အတွက် မြို့နယ်အလိုက် ရှိသင့်သည့် အနည်းဆုံးလုပ်သားအင်အားနှင့် အများဆုံးလုပ်သားအင်အား သတ်မှတ်ချက်များကို မြို့နယ်ကုန်တင်ကုန်ချ ကော်မတီရုံးသည် တိုင်းဒေသကြီးကုန်တင်ကုန်ချကော်မတီရုံးသို့ တင်ပြဆောင်ရွက်ရမည်။

၂၃။ မြို့နယ်ကုန်တင်ကုန်ချကော်မတီရုံးသည် မိမိမြို့နယ်၏ အနည်းဆုံးလုပ်သားအင်အားနှင့် အများဆုံး လုပ်သားအင်အားသတ်မှတ်ချက်များမှာ လုပ်ငန်းအခြေအနေနှင့် လိုက်လျောညီထွေရှိစေရေးအတွက်(၁)နှစ် တစ်ကြိမ် စိစစ်သုံးသပ်၍ တိုင်းဒေသကြီးကုန်တင်ကုန်ချကော်မတီရုံးသို့တင်ပြရမည်။ အင်အားသတ်မှတ် ချက်ပြောင်းလဲရန်လိုအပ်လာပါက အကျိုးအကြောင်းခိုင်လုံစွာဖြင့် မြို့နယ်ကုန်တင်ကုန်ချ ကော်မတီ၏ဆုံးဖြတ်ချက် ရယူကာ တိုင်းဒေသကြီးကုန်တင်ကုန်ချကော်မတီရုံးသို့ တင်ပြ၍ ပြင်ဆင်အတည်ပြုချက် ရယူရမည်။

## အခန်း (၉)

## လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး

၂၄။ လုပ်သားများ၏ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် ကုန်တင်ကုန်ချလုပ်ငန်းများ ဆောင်ရွက်ရာတွင် အလုပ်သမားတစ်ဦး၏အင်အားကို မထိခိုက်စေရန် **ILO Convention 127** အရ **Recommendation 128** တွင် သတ်မှတ်ထားသည့် အောက်ဖော်ပြပါ အလေးချိန်များအတိုင်း ဆောင်ရွက်စေရမည် -

(က) ပေါင်အလေးချိန်ဖြင့် တွက်ချက်သောကုန်ပစ္စည်းဖြစ်ပါက (၁၂၀)ပေါင်အထက် မကျော်လွန်စေရ၊

(ခ) ပိဿာအလေးချိန်ဖြင့် တွက်ချက်သောကုန်ပစ္စည်းဖြစ်ပါက (၃၃. ၆)ပိဿာထက် မကျော်လွန်စေရ၊

(ဂ) ကီလိုအလေးချိန်ဖြင့် တွက်ချက်သောကုန်ပစ္စည်းဖြစ်ပါက (၅၅)ကီလိုထက် မကျော်လွန်စေရ။

၂၅။ အထက်ဖော်ပြပါအလေးချိန်များထက်ကျော်လွန်သော ကုန်ပစ္စည်းများဆောင်ရွက်ပါက အလုပ်သမားများ ဝန်မပိစေရေးအတွက် ကုန်ပစ္စည်း၏အလေးချိန်၊ အရွယ်ပမာဏကိုသုံးသပ်၍ အလုပ်သမားနှစ်ဦး (သို့မဟုတ်) လိုအပ်သည့်အလုပ်သမားဦးရေဖြင့် ထမ်းပိုးဆောင်ရွက်စေရမည်။

၂၆။ စက်ပစ္စည်းများ၊ ပေကျံကုန်ပစ္စည်းများ၊ မီးလောင်ပေါက်ကွဲလွယ်သောကုန်ပစ္စည်းများအား အတင်အချ လုပ်ငန်းများဆောင်ရွက်ပါက စနစ်တကျကြီးကြပ်ဆောင်ရွက်ရမည်။

## အခန်း (၁၀)

## လုပ်ခနှုန်းထားများသတ်မှတ်ခြင်း

၂၇။ မြို့နယ်ကုန်တင်ကုန်ချကော်မတီရုံးမှ ဆောင်ရွက်လျက်ရှိသော လုပ်ခနှုန်းထားများသည် သက်ဆိုင်ရာ ဒေသအာဏာပိုင်အဖွဲ့အစည်းများက အတည်ပြုထားသော လုပ်ခနှုန်းထားများသာဖြစ်ရမည်။

၂၈။ သတ်မှတ်အတည်ပြုထားသော လုပ်ခနှုန်းထားများသည် ဒေသန္တရကာလနှင့်လျော်ညီစေရန် တိုးမြှင့် ပြင်ဆင်သတ်မှတ်ရန် လိုအပ်ပါက (၁)နှစ်တစ်ကြိမ် ပြင်ဆင်သတ်မှတ်နိုင်သည်။

၂၉။ မြို့နယ်ကုန်တင်ကုန်ချကော်မတီရုံးသည် သက်ဆိုင်ရာဒေသအာဏာပိုင်အဖွဲ့အစည်းများက အတည်ပြုပြင်ဆင် ထားသည့် လုပ်ခနှုန်းထားများကို စနစ်တကျပြုစု၍ အတည်ပြုစာနှင့်အတူ တိုင်းဒေသကြီးကုန်တင်ကုန်ချ ကော်မတီ ရုံးသို့ တင်ပြအစီရင်ခံရမည်။

## အခန်း (၁၁)

## လုပ်ငန်းခွင်စည်းကမ်းများသတ်မှတ်ခြင်းနှင့် အရေးယူခြင်း

၃၀။ ကုန်တင်ကုန်ချလုပ်ငန်းသဘာဝအရ အလုပ်ချိန်တိတိကျကျ သတ်မှတ်ရန်မဖြစ်နိုင်သော်လည်း မြို့နယ် ကုန်တင်ကုန်ချကော်မတီရုံးများသည် မိမိမြို့နယ်၏ လုပ်ငန်းသဘာဝနှင့်ကိုက်ညီသော အလုပ်သမား ဂိတ်ချချိန်နှင့် ဂိတ်သိမ်းချိန်များကို မြို့နယ်ကုန်တင်ကုန်ချကော်မတီ၏ ဆုံးဖြတ်ချက်များဖြင့် သတ်မှတ်ထားရှိရမည်။

၃၁။ လုပ်သားများလုပ်ငန်းခွင်တွင် စည်းကမ်းတကျရှိစေရန် အလုပ်မဆင်းနိုင်သည့်လုပ်သားများအတွက် ပြက္ခဒိန် နှစ်တစ်နှစ်အတွင်း ခွင့်ခံစားနိုင်ခွင့်ရက်များကို သတ်မှတ်ပေးရမည်။

၃၂။ ကုန်တင်ကုန်ချလုပ်ငန်းများဆောင်ရွက်နေစဉ်အတွင်း တာဝန်ပျက်ကွက်ခြင်း၊ ကုန်ပစ္စည်းပျက်စီးဆုံးရှုံးခြင်း၊ ကုန်ပစ္စည်းခိုးယူခြင်း၊ ခိုက်ရန်ဖြစ်ပွားခြင်း၊ မူးယစ်သောက်စားခြင်း၊ လောင်းကစားပြုလုပ်ခြင်း၊ လူစားထိုးခိုင်းစေခြင်း၊ ကိုယ်ကျိုးရှာမှုနှင့် အလွဲသုံးစားမှုများ မဖြစ်ပွားစေရေးနှင့် အရေးယူဆောင်ရွက်မှုများပြုလုပ်နိုင်ရန် စည်းကမ်း သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရမည်။

## အခန်း (၁၂)
## တားမြစ်ချက်များ

၃၃။ မည်သူမျှ အောက်ဖော်ပြပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ခြင်း မပြုရ -
(က) ခွင့်ပြုချက်မရှိဘဲ ကုန်တင်ကုန်ချလုပ်ငန်းကိုလုပ်ကိုင်ခြင်း၊
(ခ) မှတ်ပုံတင်ကုန်တင်ကုန်ချအလုပ်သမား၏ လုပ်အားခကို အလွဲသုံးစားပြုခြင်း၊
(ဂ) မှတ်ပုံတင်ကုန်တင်ကုန်ချအလုပ်သမား၏ သက်သာချောင်ချိရေးနှင့်စပ်လျဉ်းသည့် ခွင့်ပြုထားသည့် ကရုဏာကြေးနှင့် မ်ထောက်ပံ့ကြေးတို့ကို သက်ဆိုင်ရာရန်ပုံငွေမှ ထုတ်ပေးရန်ပျက်ကွက်ခြင်း။

၃၄။ မည်သူမျှ တိုင်းဒေသကြီးကုန်တင်ကုန်ချကော်မတီမှ လွှဲအပ်တာဝန်ပေးချက်အရ ကော်မတီ သို့မဟုတ် ကော်မတီဝင်တစ်ဦးဦးက ကုန်တင်ကုန်ချလုပ်ငန်းနှင့်စပ်လျဉ်း၍ တာဝန်အရဆောင်ရွက်မှုများကို တားဆီးခြင်း သို့မဟုတ် ဟန့်တားနှောက်ယှက်ခြင်း သို့မဟုတ် ခြိမ်းခြောက်ခြင်းမပြုရ။

၃၅။ မည်သူမျှ အောက်ဖော်ပြပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ခြင်း မပြုရ -
(က) သက်ဆိုင်ရာ ကုန်တင်ကုန်ချ သို့မဟုတ် ကုန်စည်အမျိုးအစားအလိုက်သတ်မှတ်ထားသော အခကြေးငွေထက်ပို၍ အများပြည်သူထံမှ လုပ်အားခပိုမိုတောင်းခံခြင်း၊
(ခ) ကုန်တင်ကုန်ချလုပ်ငန်း ခွင့်ပြုချက်နှင့်စပ်လျဉ်းသည့် စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ခြင်း။

## အခန်း (၁၃)
## ပြစ်ဒဏ်များ

၃၆။ မည်သူမဆို ပုဒ်မ ၃၃ ပုဒ်မခွဲ (က) (ခ) နှင့် (ဂ)ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား နှစ်နှစ်ထက်မပိုသောထောင်ဒဏ်ဖြစ်စေ၊ ကျပ်ငါးသိန်းထက် မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်စလုံးဖြစ်စေ ချမှတ်နိုင်သည်။

၃၇။ မည်သူမဆို ပုဒ်မ ၃၄ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်းပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူအား တစ်နှစ်ထက်မပိုသောထောင်ဒဏ်ဖြစ်စေ၊ ကျပ်သုံးသိန်းထက်မပိုသော ငွေဒဏ် ဖြစ်စေ၊ ဒဏ်နှစ်ရပ်စလုံးဖြစ်စေ ချမှတ်နိုင်သည်။

၃၈။ မည်သူမဆို ပုဒ်မ ၃၅ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်းပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူအား ခြောက်လထက်မပိုသောထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထက်မပိုသော ငွေဒဏ် ဖြစ်စေ၊ ဒဏ်နှစ်ရပ်စလုံးဖြစ်စေ ချမှတ်နိုင်သည်။

## အခန်း (၁၄)
## အထွေထွေ

၃၉။ တိုင်းဒေသကြီးကုန်တင်ကုန်ချကော်မတီသည် ကုန်တင်ကုန်ချလုပ်ငန်း ခွင့်ပြုချက်ထုတ်ပေးခြင်းတို့နှင့် စပ်လျဉ်း၍ လုပ်ငန်းခွင့်ပြုချက်သက်တမ်း၊ လုပ်ငန်းခွင့်ပြုချက် အခကြေးငွေ၊ သက်တမ်းတိုးမြှင့်ခနှင့် အခြားအခငွေများကို သတ်မှတ်ရမည်။

၄၀။ ဤဥပဒေပါပြစ်မှုတစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်သည့် မည်သည့်ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းကိုမဆို တိုင်းဒေသကြီးကုန်တင်ကုန်ချကော်မတီ၏ခွင့်ပြုချက်ဖြင့် လွှဲအပ်တာဝန်ပေးခြင်းခံရသူ သက်ဆိုင်ရာမြို့နယ်တရားရုံး တွင် တရားစွဲဆိုပိုင်ခွင့်ရှိသည်။

၄၁။ ယခင် ပြည်တွင်းကုန်တင်ကုန်ချကော်မတီသည် ဤဥပဒေအရ ဖွဲ့စည်းထားသည့်ကော်မတီထံ လုပ်ငန်းနှင့် ပိုင်ဆိုင်ခွင့်အရပ်ရပ်ကို တိုင်းဒေသကြီးအစိုးရအဖွဲ့၏ကြီးကြပ်မှုဖြင့် လွှဲပြောင်းပေးအပ်စေရမည်။

၄၂။ ၁၉၄၇ ခုနှစ်၊ အရေးကြီးကုန်ပစ္စည်းများနှင့် ဆောင်ရွက်မှုများဆိုင်ရာအက်ဥပဒေအရ ထုတ်ပြန်ခဲ့သည့် ၁၉၅၉ ခုနှစ်၊ အလုပ်သမားများ အလုပ်အကိုင်ကြီးကြပ်အုပ်ချုပ်ရေးအမိန့်သည်လည်းကောင်း၊ ယင်းအမိန့်အရပြုလုပ်သည့် ၁၉၇၀ ပြည့်နှစ် ပြည်တွင်းကုန်တင်ကုန်ချ အလုပ်သမားများစောင့်ရှောက်ရေး စည်းမျဉ်းဥပဒေများ၊ ၂၀၀၅ ခုနှစ်တွင် ထုတ်ပြန်ခဲ့သည့် တည်မြဲအမိန့်နှင့် ဘဏ္ဍာရေးစည်းမျဉ်းတို့သည်လည်းကောင်း ဤဥပဒေနှင့် မဆန့်ကျင်သရွေ့ ဆက်လက်ကျင့်သုံးနိုင်သည်။

၄၃။ ဤဥပဒေပါပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် -

(က) ဝန်ကြီးသည် အစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများကို ထုတ်ပြန်နိုင်သည်၊

(ခ) တိုင်းဒေသကြီးကုန်တင်ကုန်ချကော်မတီသည် ဝန်ကြီး၏သဘောတူညီချက်ဖြင့် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) (သိန်းအောင်)

ဝန်ကြီးချုပ်

ရှောဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့